# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်　၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၁၈ ရက်၊ စနေနေ့　အတွဲ (၅၉)၊ အမှတ် (၁၉၈)


## နိုင်ငံသူ နိုင်ငံသားများ ဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် COVID-19 ကပ်ရောဂါ ကင်းဝေးစေရန် မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်းကို နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်

နေပြည်တော် ဧပြီ ၁၇

၁၃၈၂ ခုနှစ် မြန်မာ့နှစ်သစ်ကူးတွင် နိုင်ငံသူ နိုင်ငံသားများ ဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် COVID–19 ကပ်ရောဂါ ကင်းဝေးစေရန် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော် နာယူခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥဿောဝါခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ တက်ရောက်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တ ကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားတွင် ဈေးကုန်းဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး စာမျက်နှာ ၃ ကော်လံ ၁ ❁

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီး ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ထဲထဲဝင်ဝင် တာဝန်ထမ်းဆောင်နေကြသူများနှင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး

နေပြည်တော် ဧပြီ ၁၇

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID –19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီး စာမျက်နှာ ၅ ကော်လံ ၁ ❏



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID –19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီး ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ထဲထဲဝင်ဝင် တာဝန်ထမ်းဆောင်နေကြသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။
သတင်းစဉ်


ဂျပန်၌ ကိုရိုနာဗိုင်းရပ်စ် အရေးပေါ်အခြေအနေကြေညာချက်ထုတ်ပြန်သည့် ဧရိယာကို တစ်နိုင်ငံလုံးအတိုင်းအတာအထိအကျုံးဝင်အောင် တိုးချဲ့သွားမည် စာ ၁၂

ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် ဗြိတိန်တွင် ပိတ်ဆို့ကန့်သတ်မှုကို နောက်ထပ်သုံးပတ် တိုးမြှင့် စာ ၁၃



ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ

ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

မြန်မာ့အလင်း

# နှစ်သစ်ကူးသို့ မေတ္တာရေစင်

မုတ်သုန်ကို ကင်းထောက်လို့
ပိတောက်မှာ သန္တေဝင်
ချမ်းမြတ်ရေစင်
မုတ်သုန်ကဆင်၊ ပြည်ခွင်နှံ့ကြွေး။
ပိတောက်ကရွှင်၊ ပြည်ခွင်နှံ့မွှေး။
မြတ်ရေစင် တစ်ပေါက်သွန်းလျှင်
ကျွန်းခွင်လုံးအေး။ ။
မင်းသုဝဏ်

ဆရာကြီးမင်းသုဝဏ် ဘိလပ်မှာ ပညာသင်စဉ် (၁၉၃၇) စိန့်ဒိုင်းနီးယဲ စာကြည့်တိုက်မှာ စာကြည့်ရင်း အထက်ပါ ကဗျာကို ရေးဖွဲ့ခဲ့ခြင်း ဖြစ်၏။ ကဗျာခေါင်းစဉ်က မြတ်ရေစင်ဟူ၏။

နိုင်ငံတစ်ခွင်အေးဖို့၊ ကမ္ဘာတစ်ခွင်ငြိမ်းဖို့ မေတ္တာရေစင်တစ်ပေါက်သာ လို၏ဟု ခံစားမိသည်။ မေတ္တာတရားကသာ လောကအလုံး ငြိမ်းချမ်းရေးကို သယ်ဆောင်ပေးနိုင်မည်သာ။

ယနေ့ဆိုလျှင် မြန်မာတို့၏ အယူအားဖြင့် နှစ်ဟောင်းတစ်နှစ် ကုန်ဆုံးကာ နှစ်သစ်တစ်နှစ်ဆီသို့ ကူးခဲ့ပြီ။ အစဉ်အလာထုံးဓလေ့တို့ အတိုင်း စိတ်ဟောင်းစိတ်ညစ်တို့ကို စွန့်ပစ်ကြကာ စိတ်ကောင်းစိတ်မြတ်များ မွေးမြူကြရင်း နှစ်သစ်ကို ကြိုဆိုကြပြီတည်း။

ယခုနှစ်က နှစ်သစ်ကူးချိန်အခါသမယမှာ ကမ္ဘာ့ကပ်ရောဂါ ဝင်ရောက်မွှေနှောက်နေသည်နှင့် ကြုံနေရသည့်အတွက် နိုင်ငံသူ နိုင်ငံသားတို့ မိမိတို့နေအိမ်ထဲတွင် ငြိမ်ဆိတ်စွာ ကေစာကျင့်ရင်း နှစ်ဦးကာလကို ဖြတ်သန်းနေကြသည်။

အနီ ကိုဗစ် – ၁၉ ရောဂါပိုးက ကူးစက်ပြန့်ပွားမှုနှုန်း မြန်ဆန်စွာဖြင့် ကမ္ဘာပတ်နေတာဖြစ်သည်။ ဆင်းရဲ ချမ်းသာမရွေး၊ ဘာသာလူမျိုး မရွေး၊ ရာထူးကြီးငယ်မရွေး၊ တော်ဝင်မင်းသားရယ် လက်လုပ်လက်စား ရယ်ခွဲခြားမနေဘဲ မည်သူ့ကိုမဆို ကူးဝင်ထိခိုက်သွားနိုင်သည့် ဗိုင်းရပ်စ်ပိုး ဖြစ်၏။ ကမ္ဘာ့နိုင်ငံအသီးသီး၏ စာရင်းဇယားများပေါ်က တဖြည်းဖြည်းချင်း တိုးမြင့်များပြားလာနေသည့် ပိုးကူးစက်သူများ၊ ပိုးကြောင့်ရောဂါဖြစ်ပွားကြသူများ၊ ပျက်စီးဖိတ်စင်မှုများ စသည်တို့က ကမ္ဘာကြီးကို တပ်လှန့်လိုက်၏။

ကမ္ဘာတစ်ဝန်းလုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍအသီးသီးကို ကမောက်ကမ ဖြစ်သွားစေခဲ့၏။ ဤဗိုင်းရပ်စ်ပိုး ပြန့်ပွားကူးစက်မှုကို ရပ်တန့်သွားအောင် ကာကွယ်ထိန်းချုပ်နိုင်ဖို့၊ ရောဂါဖြစ်ပွားမှုကို ကုသနိုင်ဖို့ နိုင်ငံတကာက ဝိုင်းဝန်းအားထုတ် ကြိုးပမ်းနေကြ၏။

ယခုချိန်ထိ ကာကွယ်ဆေး၊ ကုသဆေးတို့ တိတိပပ မပေါ်ထွက်သေးသော်လည်း မကြာမီတွင် ဤရောဂါကို ထိန်းချုပ်နိုင်ရမည်ဟူသည့် မျှော်လင့်ချက်အလင်းရောင်တို့ကား မှေးမှိန်ခြင်းမရှိ။

ကမ္ဘာနှင့်ချီ၍ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုကြီးဖြစ်ရကား မြန်မာနိုင်ငံသည်လည်း ရှောင်လွှဲလို့မရ။ နိုင်ငံ၏ လက်တွေ့အနေအထား၊ အခြေအနေတို့ကို ချိန်ဆကာ အကောင်းဆုံးပြင်ဆင်စီမံဆောင်ရွက်နေကြ၏။ ပြည်သူလူထု၏ အသိစိတ်၊ ဆင်ခြင်ဉာဏ်၊ ညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်မှု စသည့်အင်အားတို့ဖြင့် ကပ်ရောဂါကို ရင်ဆိုင်နေကြ၏။

ကိုဗစ် – ၁၉ ရောဂါပိုး ပျံ့နှံ့ကူးစက်မှုကို ကာကွယ်ထိန်းချုပ်နိုင်ရေး၏ အခြေခံအကျဆုံးဖြစ်သည့် လူချင်းတွေ့ဆုံ ထိစပ်ဆက်ဆံမှု နည်းနိုင်သမျှနည်းအောင် နေထိုင်ကြရေးအတွက် အိမ်တွင်းမှာ ခြေချုပ်ချခြင်းဖြင့် အကောင်အထည်ဖော်နေကြ၏။ မဖြစ်မနေအိမ်မှ ထွက်ရမည်ဆိုလျှင်လည်း နှာခေါင်းစည်းမျက်နှာဖုံး တပ်ဆင်ကြ၏။ မျက်နှာ၊ နှာခေါင်း၊ ပါးစပ်တို့ကို မထိ မကိုင်မိအောင် သတိထားနေထိုင်ရင်း ဆပ်ပြာဖြင့် မကြာခဏ လက်ဆေးနေကြ၏။

ထို့ကြောင့်ပင် နေအိမ်ပြင်ပမထွက်ကြဘဲ နှစ်ဟောင်းကိုထားခဲ့ကာ နှစ်သစ်ကို ကြိုဆိုနေကြပြီ။ မြန်မာတို့၏ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာတို့အတိုင်း ပြုနိုင်သမျှသော ကုသိုလ်ကောင်းမှုတို့ကို ပြုမူကြရင်း နှစ်ဦးကို ကြိုဆိုနေကြမည်။ နှစ်ဟောင်းက အညစ်အကြေးများ၊ မကောင်းမှုများကို နှစ်ဟောင်းမှာပဲ ထားရစ်ခဲ့တော့မည်။ ကောင်းမွန်သည့်စိတ်ထား ကောင်းမွန်သည့်ဆိုစကား၊ ကောင်းမွန်သည့် အပြုအမူတို့ဖြင့် နှစ်ဦးကုသိုလ်ဖြစ်ရေးအတွက် ကိုယ်တိုင်အားထုတ် ကျင့်ကြံရင်း နှစ်သစ်ကို ကြိုဆိုကြမည်။

ပြုမူနေကျဖြစ်သည့် လမ်းပေါ်ထွက် ရေလောင်းရေပက်ခြင်းတို့အစား၊ အိမ်တွင်းမှသာ မေတ္တာပို့သသည့်နည်း၊ ကရုဏာပို့သသည့်နည်းတို့ဖြင့် မြတ်ရေစင်ပို့သ ဖျန်းပက်ကာ ကမ္ဘာတစ်ခွင်ပျံ့နှံ့ စိုစွတ်စေသတည်း။ လောကဓာတ်တစ်ခုလုံး ငြိမ်းချမ်းပါစေသတည်း။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| ( ဂ ) | ရေဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးမျိုးဆွေ | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) ဦးသန့်ဇော် | ညွှန်ကြားရေးမှူးချုပ်<br>တားဆီးကာကွယ်ရေးနှင့်စုံစမ်းစစ်ဆေးရေး ဦးစီးဌာန<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး |

## (၅၆) ကြိမ်မြောက် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီမှ အိမ်တိုင်ရာရောက် သွားရောက်ပူဇော်

စစ်တွေ မေ ၁၇

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် စဉ်လာမပျက်ကျင်းပလျက်ရှိသော စစ်တွေမြို့လုံးကျွတ် (၅၆) ကြိမ်မြောက် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲကို ကိုဗစ်–၁၉ ရောဂါကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် လူစုလူဝေးမဖြစ်စေရန် သက်ကြီးဘိုးဘွားများရှိရာ နေအိမ်များသို့ ယနေ့နံနက်ပိုင်းမှ စတင်ကာ သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီဝင်များက အိမ်တိုင်ရာရောက် သွားရောက်ပူဇော်ကြကြောင်း သိရသည်။

ယခုနှစ်တွင် စစ်တွေမြို့နယ်၌ အသက် ၈၀ နှင့်အထက် အဘိုးအဘွား ၁၁၀၀ ရှိပြီး စစ်တွေမြို့သူ၊ မြို့သားများနှင့် ဌာနဆိုင်ရာများ၏ ပါဝင်လှူဒါန်းမှုဖြင့် သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီက ပူဇော်ငွေကျပ် ၃၀၂၀၀၊ မျက်နှာသုတ်ပဝါတစ်ထည်နှင့် ဆေးဝါးများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းငွေ ကျပ် ၁၀၀၀၀ နှင့် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဇော်အေးမောင်က လှူဒါန်းသော အဘိုး၊ အဘွားတစ်ဦးလျှင် လက်ဆွဲအိတ်တစ်လုံးတို့ကို အိမ်တိုင်ရာရောက် သွားရောက်ပူဇော်ကြခြင်းဖြစ်ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

## လောက်ကိုင်မြို့နယ် စားဝတ်နေရေးခက်ခဲသည့် အိမ်ထောင်စုများသို့ ဆန်နှင့် အစားအသောက်ပစ္စည်းများ လှူဒါန်း

လောက်ကိုင် မေ ၁၇

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင် မြို့နယ်တွင် စားဝတ်နေရေး ခက်ခဲသည့် အိမ်ထောင်စုများသို့ ဆန်နှင့်အစားအသောက်ပစ္စည်းများ လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီက အိမ်ထောင်စုများ၏ လက်ဝယ်အရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် လောက်ကိုင်မြို့နယ်အတွင်းရှိ စားဝတ်နေရေးခက်ခဲသည့် အိမ်ထောင်စုများ၏ စားဝတ်နေရေး ပြေလည်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီသည့်အနေဖြင့် ဦးဝေဆန်း(ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ၊ အလုပ်အမှုဆောင် ကော်မတီဝင် ) မိသားစုက ရွှေဆင်ကယ်ဆယ်ရေးစခန်းမှအိမ်ထောင်စု ၉၆ စု၊ မူကွာကျိုင်းကျေးရွာနှင့် မူကွာကျိုင်းတိုးချဲ့ကျေးရွာမှ အိမ်ထောင်စု ၂၇ စု၊ တာစင်ကျိုင်းကျေးရွာမှ အိမ်ထောင်စု ၃၅ စု၊ ရင်ကျန်းထင်ကျေးရွာမှ အိမ်ထောင်စု ၁၄ စု၊ တာကြောကျိုင်းကျေးရွာမှ အိမ်ထောင်စု ၃၀ စုစုပေါင်းအိမ်ထောင်စု ၂၀၂ စုအတွက် အိမ်ထောင်စု တစ်စုလျှင် ဆန် တစ်အိတ်၊ ဆီ ၅၀ ကျပ်သား၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ အာလူး ၅၀ ကျပ်သား၊ ၂၄ ဘူးပါ ရေသန့် တစ်ကတ် စုစုပေါင်းငွေကျပ် ၆၁၃၂၆၀၀ တန်ဖိုးရှိ ဆန်နှင့် အစားအသောက်ပစ္စည်းများကို လှူဒါန်းခဲ့သည်။

ယင်းလှူဒါန်းရာသို့ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် ၊ ဗိုလ်မှူးချုပ် ဇော်မြင့်ဦး၊



မြို့နယ် အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇော်ဇော်အောင်(ပြန်/ဆက်)




❀ *ရှေ့ဖုံးမှ*

ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း ဘေးကင်းပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

**အမျှပေးဝေ**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ဈေးကုန်းဆရာတော်ထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

နိုင်ငံသူ နိုင်ငံသားများ ဘေးအန္တရာယ် ကင်းဝေးစေရန်နှင့် COVID-19 ကပ်ရောဂါ ကင်းဝေးစေရန် ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း ဘေးကင်း ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြစဉ်။

သတင်းစဉ်



## နေ့ဆွမ်း လှူဒါန်း

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ဆရာတော်အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။

သတင်းစဉ်

## မိတ္ထီလာမြို့နယ်၌ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသည့် ကျေးရွာ သုံးရွာမှ ဘုန်းကြီးကျောင်းများကို သောက်သုံးရေများ လှူဒါန်း

**မိတ္ထီလာ ဧပြီ ၁၇**

မိတ္ထီလာမြို့နယ်၌ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသော ကျေးရွာသုံးရွာမှ ဘုန်းကြီးကျောင်းများသို့ ဧပြီ ၁၇ ရက် နံနက်ပိုင်းက သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်လာ၍ အကူအညီတောင်းခံလာပါက ကျေးရွာများသို့ မီးသတ်ရေသယ်ယာဉ်များဖြင့် သွားရောက်၍ သောက်သုံးရေများ လှူဒါန်းလျက်ရှိရာ သောက်သုံးရေလိုအပ်လျက်ရှိသည့် ရေချိုကျေးရွာအုပ်စု ရွာသာကျေးရွာ ဘုန်းကြီးကျောင်းရှိ သံဃာတော်များ သောက်သုံးရေ အဆင်ပြေစေရန်အတွက် မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များက ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့သည်။

ထို့အပြင် သောက်သုံးရေလိုအပ်လျက်ရှိသော ခင်တဲကျေးရွာအုပ်စု ညောင်ပင်ကုန်းကျေးရွာရှိ ဘုန်းကြီးကျောင်းနှင့် အရာတော်ကျေးရွာရှိ အရာတော်တောရဘုန်းကြီးများသို့ မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်ဖြင့် သွားရောက်၍ လှူဒါန်းပေးခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြဝတီမြို့၌ ပရိတ်တရားတော်များအား နေအိမ်၌ပင် နာယူနိုင်ရေး ဆောင်ရွက်ပေး

**မြဝတီ ဧပြီ ၁၇**

ကရင်ပြည်နယ် မြဝတီမြို့တွင် ပြည်သူများအနေဖြင့် ၎င်းတို့၏ နေအိမ်များ၌ပင် အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူပူဇော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီမြို့အနေဖြင့် နေ့စဉ်နိုင်ငံတော်သီချင်းဖွင့်ရန်အတွက် အသံချဲ့စက်များ တပ်ဆင်ထားလျက်ရှိရာ အဆိုပါ အသံချဲ့စက်များမှ နေ့စဉ် နံနက် ၅ နာရီနှင့် ၇ နာရီတို့တွင် ပရိတ်တရားတော်များအား ပုံမှန်ဖွင့်ပေးလျက် ရှိသည်။

ယနေ့တွင် အဆိုပါ အသံချဲ့စက်များမှ နိုင်ငံတော်သံဃမဟာ နာယက ဆရာတော်ကြီးများ ရွတ်ဖတ်ပူဇော်သည့် ပရိတ်တရားတော်များအား ညနေ ၃ နာရီ၊ ၄ နာရီနှင့် ၅ နာရီတို့တွင် ထုတ်လွှင့်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ထုတ်လွှင့်ပေးသည့်အတွက် ပြည်သူများအနေဖြင့် မိမိတို့နေအိမ်၌ပင် ပရိတ်ချည်၊ ပရိတ်ပန်းနှင့် ပရိတ်အိုးတို့ ပြင်ဆင်ပြီး နာယူနိုင်ခဲ့ကြောင်း သိရသည်။



အလားတူ မြဝတီမြို့ အမှတ်(၁) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် မြို့ပေါ်ရပ်ကွက်များအတွင်း၊ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ညီနောင်ကျေးရွာအထိ မော်တော်ယာဉ်များဖြင့် လှည့်လည်ရွတ်ဖတ်ပူဇော်ခဲ့ပြီး သက်ဆိုင်ရာကျေးရွာနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အစီအစဉ်များဖြင့်လည်း ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်**

**(မြန်/ဆက်)**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာ့ရိုးရာနှစ်သစ်ကူး အခါသမယတွင် ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ နှစ်ဆန်း ၁ ရက်နေ့
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၇ ရက်)

ချစ်ခင်လေးစားအပ်တဲ့ မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ နှစ်သစ်မင်္ဂလာ အခါသမယမှာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်တဲ့ ကိုရိုနာဗိုင်းရပ်စ် COVID-19 ကြောင့် ဒီနှစ်အတာသင်္ကြန်မှာ လွတ်လပ်စွာ ပျော်ရွှင်ခွင့် မရကြတာကို များစွာစိတ်မကောင်း ဖြစ်ရပါတယ်။

ကိုရိုနာဗိုင်းရပ်စ် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွေမှာ တာဝန်ကျေပွန်စွာထမ်းဆောင်ကြတဲ့ ဝန်ထမ်းများ၊ မိမိတို့ရဲ့ စေတနာဆန္ဒအရ လှူဒါန်းကြတဲ့ အလှူရှင်များ၊ ပူးပေါင်းပါဝင်ကြတဲ့ အရပ်ဘက်အဖွဲ့အစည်းများ၊ ဝိုင်းဝန်းပံ့ပိုးကြတဲ့ အသိပညာရှင် အတတ်ပညာရှင်များ၊ ထောက်ပံ့ကူညီကြတဲ့ မီဒီယာများ၊ ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကို တိကျစွာလိုက်နာကြတဲ့ နိုင်ငံသူနိုင်ငံသားများ စတဲ့ လူထုလူတန်းစား အလွှာအသီးသီးက မိဘပြည်သူများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒီကမ္ဘာလုံးဆိုင်ရာ ကူးစက်ပျံ့နှံ့တဲ့ ကပ်ရောဂါဆိုးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တာဝန်ကိုယ်စီ ရှိကြတဲ့အတွက် အားလုံးအတူတကွ စည်းလုံးညီညွတ်စွာနဲ့ တုံ့ပြန်ဖြေရှင်းကြဖို့ မေတ္တာရပ်ခံပါတယ်။

❖ **နိုင်ငံတော်အစိုးရအနေနဲ့ ယခုလို လတ်တလောဖြစ်ပေါ်နေတဲ့ ကိုရိုနာဗိုင်းရပ်စ် COVID-19 ကပ်ရောဂါဆိုးနဲ့ စပ်လျဉ်းပြီး ပြည်သူလူထုရဲ့ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်တွေကို ဘက်ပေါင်းစုံမှ ကြိုတင်ပြီး စနစ်တကျစီမံဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်မှာလည်း မိဘပြည်သူများရဲ့ဆန္ဒ မျှော်လင့်ချက်တို့နဲ့ တစ်ထပ်တည်းကျတဲ့ နိုင်ငံတော်အစိုးရရဲ့ ဦးတည်ချက် ရည်မှန်းချက်များဖြစ်တဲ့ တရားဥပဒေစိုးမိုးရေး၊ ပြည်သူများရဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးတို့ကို မဆုတ်မနစ်တဲ့ ဇွဲလုံ့လ ဝီရိယတို့နဲ့ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။**

❖ **ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်သစ်ကမ္ဘာကြီးမှာ နိုင်ငံတော် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဒီအပြောင်းအလဲဟာ အခွင့်အလမ်းကောင်းပဲလို့ ကျွန်တော်တို့ အစိုးရအဖွဲ့ ယုံကြည်ထားပါတယ်။ ပြည်သူလူထု လူမှုစီးပွားဘဝမြင့်မားတိုးတက်ဖို့ဆိုရင် (၂၁)ရာစု ခေတ်သစ်ရေစီးအပြောင်းအလဲဟာ စိုးရိမ်ကြောင့်ကြစရာ မဟုတ်ကြောင်း ကျွန်တော်တို့ ခံယူထားပါတယ်။**

**ချစ်ခင်လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျား -**

နိုင်ငံတော်အစိုးရအနေနဲ့ ယခုလို လတ်တလောဖြစ်ပေါ်နေတဲ့ ကိုရိုနာဗိုင်းရပ်စ် COVID-19 ကပ်ရောဂါဆိုးနဲ့စပ်လျဉ်းပြီး ပြည်သူလူထုရဲ့ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်တွေကို ဘက်ပေါင်းစုံမှ ကြိုတင်ပြီး စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်မှာလည်း မိဘပြည်သူများရဲ့ဆန္ဒ မျှော်လင့်ချက်တို့နဲ့ တစ်ထပ်တည်းကျတဲ့ နိုင်ငံတော်အစိုးရရဲ့ ဦးတည်ချက် ရည်မှန်းချက်များဖြစ်တဲ့ တရားဥပဒေစိုးမိုးရေး၊ ပြည်သူများရဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးတို့ကို မဆုတ်မနစ်တဲ့ ဇွဲလုံ့လဝီရိယတို့နဲ့ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်ငြိမ်းချမ်းသာယာရေးအတွက် ပြုပြင်ပြောင်းလဲရမယ့် အခြေအနေဆိုတာကို နားလည်သဘောပေါက်သလို၊ ပြုပြင်ပြောင်းလဲရမယ့်အချိန်အခါဆိုတာကိုလည်း သိရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ ကဏ္ဍအသီးသီးမှာ ပြုပြင်ပြောင်းလဲမှုများကို ထုဆစ် ပုံဖော်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်မှုတွေအပေါ်မှာ မိဘပြည်သူများအနေနဲ့ တွေ့မြင်ကြားသိနိုင်တဲ့ မြင်သာထင်သာတဲ့ ပြုပြင်ပြောင်းလဲမှုများရှိသလို မတွေ့မြင် မကြားသိနိုင်တဲ့ မြင်သာထင်သာ မရှိတဲ့ ပြုပြင်ပြောင်းလဲမှုများလည်း ရှိပါတယ်။



**ချစ်ခင်လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျား -**

ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်သစ်ကမ္ဘာကြီးမှာ နိုင်ငံတော်ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဒီအပြောင်းအလဲဟာ အခွင့်အလမ်းကောင်းပဲလို့ ကျွန်တော်တို့ အစိုးရအဖွဲ့ ယုံကြည်ထားပါတယ်။ ပြည်သူလူထု လူမှုစီးပွားဘဝမြင့်မားတိုးတက်ဖို့ဆိုရင် (၂၁)ရာစု ခေတ်သစ်ရေစီး အပြောင်းအလဲဟာ စိုးရိမ်ကြောင့်ကြစရာ မဟုတ်ကြောင်း ကျွန်တော်တို့ ခံယူထားပါတယ်။ ပြုပြင်ပြောင်းလဲမှုဟာ အန္တရာယ်မဟုတ်ဘဲ နိုင်ငံသူနိုင်ငံသားများရဲ့ အကျိုးစီးပွားအတွက်ဖြစ်ကြောင်း ကျွန်တော်တို့ နားလည်သဘောပေါက်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံသစ်ကို တည်ဆောက်ကြရန် ကျွန်တော်တို့အားလုံး ပြုပြင်ပြောင်းလဲလိုစိတ် လိုလိုလားလား ရှိကြဖို့ အဓိကကျပါတယ်။

**ချစ်ခင်လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျား -**

ဒီနေ့ဟာ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းတဲ့ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့နေ့တစ်နေ့ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ စိတ်သစ်လူသစ် ခွန်အားသစ်များဖြင့် နှစ်သစ်သို့ ခရီးဆက်ကြရမှာ ဖြစ်ပါတယ်။ ထိုနည်းတူ နိုင်ငံတော်ရဲ့ အမျိုးသား အကျိုးစီးပွားအတွက် အတွေးအခေါ်သစ်၊ အမြော်အမြင်သစ်များဖြင့် နှစ်သစ်ဆီ ချင်းနင်းဝင်ရောက်ကြရမှာလည်း ဖြစ်ပါတယ်။

ပြည်သူလူထုရဲ့ မျှော်လင့်ချက်နဲ့ နိုင်ငံတော်အစိုးရရဲ့ ဦးတည်ချက်၊ ရည်မှန်းချက်တွေ ထမြောက်အောင်မြင်ရေး အတွက် ကျွန်တော်တို့အနေနဲ့ ပြင်းပြတဲ့ဆန္ဒ၊ မလျှော့တဲ့ဝီရိယ၊ ခိုင်မာတဲ့စိတ်ဓာတ်တို့နဲ့ ကြိုးစားလုပ်ကိုင်လျက် ခရီးဆက်ကြရမှာဖြစ်ပါတယ်။ နှစ်ဟောင်းက အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး နှစ်သစ်မှာ ပိုမိုကောင်းမွန်အောင် ကြိုတင်ပြင်ဆင် ကြိုးပမ်းဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသူနိုင်ငံသားတွေရဲ့ ကံကြမ္မာအလှည့်အပြောင်းကို ကိုယ်တိုင်ဖန်တီးနိုင်စွမ်းရှိကြတဲ့ မိဘပြည်သူများကလည်း အခွင့်အရေးရတုန်းရခိုက် နိုင်ငံတော်အစိုးရနဲ့အတူ လက်တွဲမဖြုတ်စတမ်း ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးကြပါရန် အလေးအနက် ပန်ကြားအပ်ပါတယ်။

- မိဘပြည်သူများအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာကြပါစေ၊
- ကပ်ရောဂါဘေးမှ ကင်းဝေးကြပါစေ၊
- ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြည်သူသာလျှင် အဓိက




Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID –19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီး ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ထဲထဲဝင်ဝင် တာဝန်ထမ်းဆောင်နေကြသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးစဉ်။ သတင်းစဉ်

❑ *ရွှေဖုံးမှ*

ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ထဲထဲဝင်ဝင် တာဝန်ထမ်းဆောင်နေကြသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။

### နှုတ်ခွန်းဆက်စကားပြောကြား

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ်နေ ပါမောက္ခအထူးကု ဆရာဝန်ကြီး (ဆေးပညာ) ပါမောက္ခဒေါက်တာစပယ်ဖြူက ဝေဘာဂီအထူးကုဆေးရုံကြီးတွင် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဝန်ထမ်းအင်အားလိုအပ်မှု၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများ၏ စိုးရိမ်ပူပန်မှုနှင့် စိတ်ခံစားမှုအခြေအနေ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည့် အချက်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အထူးကု ဆေးရုံကြီး(ဝေဘာဂီ)မှ အထက်တန်းသူနာပြု ဒေါ်ဖြူသီ က လူနာများအား နေရာချထားခြင်းနှင့် လူနာများလိုက်နာရမည့် စည်းကမ်းချက်များ၊ အစားအသောက်များ စီစဉ်ပေးခြင်းနှင့် လူနာများအား ပြုစုပေးခြင်းအခြေအနေများ၊ ကျန်းမာရေးဝန်ထမ်းများ၏ စိုးရိမ်ပူပန်မှု၊ အခက်အခဲနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်မှ ဦးကောင်းထက်ပြည့်စုံ က ပရဟိတ ကွန်ရက်များနှင့် ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊ "အောင်" အကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်းရှိ Quarantine စခန်းတွင် Volunteer အဖြစ် ဆောင်ရွက်နေမှုအခြေအနေ၊ လိုအပ်ချက်နှင့် တွေ့ကြုံရသည့် အခက်အခဲများကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုဆွေးနွေးတင်ပြကြသည့် လိုအပ်ချက်များနှင့် တွေ့ကြုံရသည့် အခက်အခဲများကို မှတ်သားထားပါကြောင်း၊ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများအားလုံး ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန်နှင့် သက်သာနိုင်သမျှ သက်သာစေရန် နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်နေမှုနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

### ပိုမိုအင်အားဖြစ်စေမည်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ယခုကဲ့သို့ Video Conferencing ပြုလုပ်ခြင်းသည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ရှေ့တန်း၌ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၊ Volunteer များ၊ အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများအားလုံးကို လုပ်ငန်းများ ပိုမိုပီပြင်စေရန် မည်သို့ ပံ့ပိုးကူညီပေးရမည်ကို သိရှိလိုခြင်းနှင့် အားပေးလိုသည့်အတွက်ဖြစ်ပါကြောင်း၊ ပါဝင်ဆောင်ရွက်နေသူများအားလုံးကို ကျေးဇူးတင်၊ အသိအမှတ်ပြု၊ တန်ဖိုးထားသည်ကို သိစေချင်ပါကြောင်း၊ အသိအမှတ်ပြုစေရန် ဆောင်ရွက်ခြင်း မဟုတ်သော်လည်း ထိုသို့ အသိအမှတ်ပြု တန်ဖိုးထားသည်ကို သိရှိပါက ပိုမိုအင်အားဖြစ်စေမည်ဖြစ်ပါကြောင်း၊ ယခုအချိန်သည် တစ်ယောက်နှင့် တစ်ယောက် အားပေးရမည့်အချိန်ဖြစ်ပါကြောင်း၊ ပြည်သူအချင်းချင်းသော်လည်းကောင်း၊ ဝန်ထမ်းအချင်းချင်းသော်လည်းကောင်း၊ ပြည်သူနှင့် ဝန်ထမ်းများကြားသော်လည်းကောင်း အားပေးရမည်ဖြစ်ပါကြောင်း၊ အားလုံးသည် တစ်ယောက်နှင့် တစ်ယောက် အားပေး၍ လက်တွဲပြီး ညီညီညွတ်ညွတ်ဖြင့် သွားရမည့်အချိန်ဖြစ်ပါကြောင်း၊ ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၏ ပထမဆုံးနေ့ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပထမဆုံးနေ့တွင် ကုန်ဆုံးခဲ့သည့်နှစ်ကို ပြန်ကြည့်ပါက လက်တွဲပြီး ညီညီညွတ်ညွတ်ဖြင့် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့သည်ကို စိတ်ကျေနပ်မှုရှိပါစေဟု ဆုတောင်းမေတ္တာပို့သလိုက်ပါကြောင်း၊ အထူးသဖြင့် အများအကျိုးအတွက် တတ်နိုင်သမျှ လုပ်ဆောင်ပေးနေသည့် ပြည်သူပြည်သားများအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းပြီး ကောင်းကျိုးလိုရာဆန္ဒ အဝဝ ပြည့်စုံကြပါစေဟု ဆုတောင်းမေတ္တာ ပို့သလိုက်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

> **"ယခုအချိန်သည် တစ်ယောက်နှင့် တစ်ယောက် အားပေးရမည့်အချိန်ဖြစ်၊ ပြည်သူအချင်းချင်း သော်လည်းကောင်း၊ ဝန်ထမ်းအချင်းချင်း သော်လည်းကောင်း၊ ပြည်သူနှင့် ဝန်ထမ်းများကြား သော်လည်းကောင်း အားပေးရမည်ဖြစ်၊ အားလုံးသည် တစ်ယောက်နှင့် တစ်ယောက် အားပေး၍ လက်တွဲပြီး ညီညီညွတ်ညွတ်ဖြင့် သွားရမည့်အချိန်ဖြစ်"**

## ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community Based Facility Quarantine) နှင့် အခြား Quarantine အစီအစဉ်များတွင် ပါဝင်နေသူများသို့ အသိပေးကြေညာချက်

၁။ COVID–19 ရောဂါပိုးကူးစက်သူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများကို ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် Community Based Facility Quarantine တွင် ပါဝင်စေခြင်းဖြစ်ပါသည်။


၂။ မိမိတို့တွင် ရောဂါလက္ခဏာပြသခြင်းမရှိသော်လည်း ရောဂါပိုးကိုသယ်ဆောင်သူဖြစ်နေနိုင်ခြင်းကြောင့် အခြားသူများသို့ ပြန့်ပွားခြင်းမရှိစေရန် ရောဂါပျိုးချိန်ကာလဖြစ်သော (၂၈)ရက်တာကာလကို စောင့်ကြည့်ခြင်းဖြစ်ပြီး ဤအစီအစဉ်တွင် (၂၁) ရက် ပြီးမြောက်ပါက မိမိနေအိမ်တွင် (၇) ရက်ထပ်မံ၍ Home Quarantine ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မိမိ၏မိသားစုနှင့် ပတ်ဝန်းကျင်ကို ရောဂါပိုးမပြန့်ပွားအောင် ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်သည်ကို သိရှိစေလိုပါသည်။

၃။ ထိုသို့ သီးခြားနေထိုင်စဉ်ကာလအတွင်း COVID–19 ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်နည်းလမ်းများကိုစနစ်တကျ တိကျစွာ လိုက်နာကျင့်သုံးပေးစေလိုပါသည်။ (၂၈) ရက်တာအသွား၊ အလာကန့်သတ်ခြင်း (သို့) တားမြစ်ခြင်းတို့ ဆောင်ရွက်ရာတွင် သီးခြားခွဲခြားနေထိုင်ရခြင်းနှင့် ဆက်စပ်သော အကြောင်းများကြောင့် စိတ်ဖိစီးမှုများခံစားရနိုင်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ နှစ်သိမ့်ဆွေးနွေးမှုခံယူလိုသူများအနေဖြင့် ယုံကြည်စိတ်ချစွာ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ ဆက်သွယ်ရမည့်နည်းလမ်းများကို စေတနာလုပ်အားရှင်များက ကူညီဆောင်ရွက်ပေးပါမည်။

၄။ လူကြီးမင်းတို့အနေဖြင့် Quarantine ကာလပြီးဆုံးသွားပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဤအစီအစဉ်နှင့်အညီ လိုက်နာဆောင်ရွက်ပြီးဖြစ်ကြောင်း ထောက်ခံချက်ထုတ်ပေးမည်ဖြစ်ပြီး မိမိနေအိမ်သို့ ပြန်လည်ရောက်ရှိသည့်အခါတွင်လည်း အခြားသူများနည်းတူ ရောဂါပိုးကူးစက်ခံရနိုင်ခြေရှိနေသေးသည့်အတွက် COVID –19 ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်နည်းလမ်းများကို ဆက်လက်လိုက်နာကျင့်သုံးရန် လိုအပ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဗန်းမော်ဆရာတော် ဒေါက်တာကုမာရာဘိဝံသ၏ မြန်မာနှစ်သစ်ကူး နှစ်ဦးဆန္ဒ



ယခုအခါ တစ်ကမ္ဘာလုံး ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြီး ရောဂါဝေဒနာ အများအပြားစွဲကပ်ပြီး သေကြသူ သောင်းသိန်းမက များလှပေပြီ။ သေချာပေါက်ပျောက်သည့် ဆေးစွမ်းကောင်းများ မတွေ့ရသေးချေ။

လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ကျော်က ဒိဋ္ဌပျောက်သည့် ဆေးနည်းတစ်လက်ကို ပြောပြပါမည်။ ယခုဆေးနည်းကို ယုံယုံကြည်ကြည်နှင့် အကြိမ်ပေါင်းများစွာ မှီဝဲအသုံးပြုပါလျှင် ဒိဋ္ဌ ပျောက်ပါသည်။

၎င်းဆေးနည်း အကျဉ်းချုပ်မှာ

(၁) ရတနသုတ် ပရိတ်ကို တစ်နေ့ ၃ ကြိမ်ရွတ်၊

(၂) မေတ္တာသုတ်ကို ၃ ကြိမ်ရွတ်၊

(၃) ဘုရား၊ တရားနဲ့ သံဃာ ဂုဏ်တော်တို့ကို ၃ ကြိမ် ပွားများပါ။

အနည်းငယ် အကျယ်ချဲ့ရပါလျှင် (၁) ရတနသုတ်ကို မြန်မာလို အနက်ထင်ပြီး ယုံယုံကြည်ကြည်နှင့် နံနက် အိပ်ရာထ ၁ ကြိမ်၊ မွန်းတည့် ၁၂ နာရီ ၁ ကြိမ်နှင့် ညအိပ်ရာဝင် ၁ ကြိမ် ပီပီသသ ကျယ်ကျယ်လေးရွတ်ပါ။

(၂) မေတ္တာသုတ်ကိုလည်း အနက်ထင်ပြီး ယုံယုံကြည်ကြည်နှင့် နံနက် အိပ်ရာထ ၁ ကြိမ်၊ မွန်းတည့် ၁၂ နာရီ ၁ ကြိမ်နှင့် ညအိပ်ရာဝင် ၁ ကြိမ် ပီပီသသ ကျယ်ကျယ်လေးရွတ်ပါ။

(၃) ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ စသည့် ဘုရားဂုဏ်တော် ၁၀ ပါး (အနုတ္တရောကို ၁ ပါးယူ) ကို လည်းကောင်း၊ သွာက္ခာတော ဘဂဝတာ ဓမ္မော စသော တရားဂုဏ်တော် ၆ ပါး ကိုလည်းကောင်း၊ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော စသော သံဃာဂုဏ်တော် ၉ ပါး ကိုလည်းကောင်း တစ်နေ့ ပုတီးပတ် နံနက် ၁၀ ပတ်၊ မွန်းတည့် ၁၀ ပတ်နှင့် ညအိပ်ရာဝင် ၁၀ ပတ် စိတ်ပါ။

ပုတီးစိတ်ပြီးလျှင် သတ္တဝါအားလုံးကို အမျှဝေပါ။ ဘုရား၊ တရား၊ သံဃာ ရတနာ ၃ ပါးတို့၏ တန်ခိုးရှိန်ဖော် အာနုဘော်ကြောင့် ယခုဖြစ်ပေါ်ပြီး ဒုက္ခပေးနေသည့် ကိုဗစ်–၁၉ ရောဂါများ အမြန်ပျောက်ကွယ်သွားပါစေဟု ဆုတောင်းမေတ္တာ ပို့လိုက်ကြပါလေ။


ကမ္ဘာသူကမ္ဘာသား အားလုံး ရောဂါဝေဒနာအပေါင်း ကင်းရှင်း၍ ကျန်းမာချမ်းသာကြပါစေ၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းကြပါစေ။

## စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၏ နှစ်သစ်ကူး ကရုဏာသဝဏ်လွှာ

ဗုဒ္ဓအဘိဓမ္မာကျမ်းများမှာ – ကရုဏာရဲ့ အဓိပ္ပာယ်တွေကို လေးလေးနက်နက် ဖွင့်ပြထားတာတွေ ရှိပါသည်။ ဒုက္ခာ ဘိဘူတာနံအနာထဘာဝဒဿန ပဒဋ္ဌာနာ = ဆင်းရဲဒုက္ခ ရောက်၍ ခိုကိုးရာမဲ့နေကြသော သတ္တဝါတွေရဲ့ဘဝကို အစဉ်မပြတ် စောင့်ကြည့်နေတတ်သော စိတ်ထားဟု – ဒဿနိကဗေဒ တစ်ခုကဲ့သို့ ဆိုထားပါသည်။ ဒီကနေ့ ကမ္ဘာတစ်ဝန်းလုံး လူမျိုး၊ အသားအရောင်၊ ကိုးကွယ်သည့် ဘာသာ မခွဲခြားဘဲ တစ်သားတည်းခံစားနေကြရသည့်ဒုက္ခကို လေးနက်စွာကြည့်၍သိ၍ မိမိကိုယ်တိုင်ဖြစ်နေဘိသည့်အလား ခံစားရသော စိတ်ထားကို ကရုဏာဟု ဆိုရမည်။

ထို့ပြင် ကရုဏာရဲ့ အဓိပ္ပာယ်ကို ဗုဒ္ဓအဘိဓမ္မာက ဆိုထားရာမှာ – ပရဒုက္ခံ ကိနာတိ၊ ဟိံသတိ၊ ဝိနာသေတိ = Compassion means – A Noble spirit, How to remove other's suffering = သူတစ်ပါးတို့ ခံစားနေကြရတဲ့ ဆင်းရဲဒုက္ခတွေကို တိုက်ခိုက်တွန်းလှန် ခုခံဖယ်ရှားပေးလိုတဲ့ မွန်မြတ်တဲ့ သူတော်ကောင်းစိတ်ဓာတ်ဖြစ်ပါသည်။

သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို မိမိမှာဖြစ်သကဲ့သို့ ခံစားတတ်သောစိတ်၊ သူတစ်ပါး၏ ဒုက္ခကို ဖယ်ရှားပေးလိုသောစိတ်၊ ဒုက္ခိတသတ္တဝါတွေကို ကြည့်နေသော စောင့်ရှောက်နေသောစိတ်ကို မနောကံကရုဏာဟု ခေါ်ပါသည်။ ကိုယ်စိတ်နှစ်ပါး ဆင်းရဲနေသူတွေ ထိုကိုယ်စိတ်ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေဟု နှုတ်ကအသံထုတ်၍ဆိုနေလျှင် ဝစီကံကရုဏာ ဖြစ်ပါသည်။ ယနေ့ မြန်မာနိုင်ငံက သံဃာတော် ငါးသိန်းတို့သည် ကရုဏာဘာဝနာမှုကို လူသားအားလုံးတို့အတွက် ပြုတော်မူနေကြပါသည်။



၁။ ဒုက္ခပတ္တာစနိဒ္ဒုက္ခာ ဟောန္တု သဗ္ဗေပိပါဏိနော = May all beings in suffering, be free from suffering. ဆင်းရဲဒုက္ခရောက်နေကြကုန်သော သတ္တဝါ အားလုံး ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ကြပါစေ။

၂။ ဘယပတ္တာစနိဗ္ဘယာ ဟောန္တု သဗ္ဗေပိပါဏိနော = May all beings in danger, be free from danger. ဘေးရန်သင့်ရောက်၍ နေကြကုန်သော သတ္တဝါအားလုံး ဘေးရန်ကင်းကြပါစေ။

၃။ သောကပတ္တာစ နိသောကာ ဟောန္တု သဗ္ဗေပိ ပါဏိနော = May all beings in sorrow, be free from Sorrow. စိတ်ဆင်းရဲနေကြကုန်သော သတ္တဝါအားလုံးတို့သည် စိတ်ဆင်းရဲခြင်းမှ လွတ်မြောက်ကြပါစေ။

ကျွန်ုပ်တို့ ဖြန့်ကြက်လိုက်သောကရုဏာသည် ဗုဒ္ဓဘာသာတို့အတွက်သာ မဟုတ်ပါ။ ကျွန်ုပ်တို့ ကရုဏာကို မိုးရွာသကဲ့သို့ ဖြန့်လိုက်ခြင်းဖြစ်ပါသည်။ ကရုဏာသည် ကိုးကွယ်ရာ ဘာသာတရားမဟုတ်ပါ။ ကျင့်သုံးရမည့် ကျင့်စဉ်ဖြစ်ပါသည်။ သတ္တလောကကြီး၏ ဒုက္ခကို ဖယ်ရှားနိုင်စွမ်းရှိသော ဘုံကျင့်စဉ်ကြီးတစ်ခု ဖြစ်ပါသည်။ ဘုံရန်သူကို ဘုံကျင့်စဉ်ဖြင့် စုပေါင်းတိုက်ရမည်ဖြစ်ပါသည်။ ကရုဏာမှာ Religion ထက် ကျယ်ပြန့်သော နယ်ပယ်ရှိပါသည်။ Religion တစ်ခုကို အခြား Religion တစ်ခုက ကျင့်သုံးဖို့ခက်ပေမယ့် ကရုဏာကို မည်သည့်ဘာသာဝင်မဆို ကျင့်သုံးနိုင်ပါသည်။ ကိုးကွယ်ရာဘာသာတရားတိုင်းမှာ ကရုဏာရှိပါသည်။ ဘာသာရေးခေါင်းဆောင်တိုင်း Compassion ကရုဏာတရားကို ဟောကြပါသည်။ ထို့ပြင် အံ့သြစရာကောင်းသည်မှာ ကရုဏာ ကာယကံမြောက်ဆောင်ရွက်နေကြသော အသင်းအဖွဲ့များမှာ ဘာသာတရားတိုင်းတွင် ရှိနေကြပြီဖြစ်သည်။ သို့ဖြစ်ခြင်းကြောင့် ကရုဏာဟူသော Noble Spirit သည် လူသားတစ်ရပ်လုံး၏ Suffering and Sorrow ကို ဖယ်ရှားရာ၌ ကျွန်ုပ်တို့ လူသားအားလုံး အတူတကွလက်တွဲလျှောက်ရမည့် Common Highway ဖြစ်ပါသည်။ တစ်နိုင်ငံ၏ဒုက္ခကို အခြားတစ်နိုင်ငံက၊ လူတစ်မျိုး၏ဒုက္ခကို အခြားလူတစ်မျိုးက ဝိုင်းဝန်းကူညီဖယ်ရှား၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရာ နေရာတစ်ခု Common ground On which all can coexist peacefully ဖြစ်ပါသည်။


မြတ်ဗုဒ္ဓမတိုင်မီနှင့် မြတ်ဗုဒ္ဓခေတ်က မဂဓတိုင်းနှင့် ဝဇ္ဇီတိုင်းတို့သည် အစဉ်သဖြင့် စစ်ဖြစ်နေကြသည်သာဖြစ်သည်။ တစ်ရံရောအခါ မြတ်ဗုဒ္ဓက မဂဓတိုင်း ရာဇဂဟမှာ ရှိနေသည်။ ထိုစဉ် ဝဇ္ဇီတိုင်း၏မြို့တော် ဝေသာလီမှာ မိုးခေါင်သည်ကစ၍ ငတ်မွတ်ကြသည်။ ရောဂါဘေးရောက်လာသည်။ coronavirus ထက် ဆိုးရွားသည်။ အဟိဝါတ (အဆိပ်သင့်လေ) ရောဂါဟုဆိုသည်။ လေထဲမှာ အဆိပ်တွေ ပါလာတာဖြစ်သည်။ လေကိုရှူ၍ သေရသည်။ နှာခေါင်းပိတ်ထားရသည်။ ဘီလူးသူရဲတွေ ဝင်လာကြသည်။ ဝဇ္ဇီမင်းတို့သည် ထိုဘေးရန်တို့ကို နည်းမျိုးစုံ တားဆီးတွန်းလှန် တိုက်ခိုက်သည်။ မအောင်မြင်ပေ။ ထိုအခါ ရန်သူဖြစ်ခဲ့ပေမယ့် မဂဓဘုရင်ကို ချဉ်းကပ်၍ မြတ်ဗုဒ္ဓကို သူတို့နိုင်ငံသို့ပင့်ရသည်။ ရောဂန္တရကပ်ကို တိုက်ရတော့မည်။ နှစ်နိုင်ငံဆက်ပြီး ရန်ဖြစ်နေလို့ မကောင်းဘူးဆိုတာ သူတို့သိသည်။ ရောဂန္တရကပ်သည် ဘုံရန်သူဖြစ်၍ သူ့ကို ပေါင်းတိုက်ရမည်ကို နားလည်သည်။ နှစ်နိုင်ငံ Consolidate လုပ်လိုက်ကြသည်။ ပြည်သူတို့အား To Support Solidarity စိတ်ဓာတ်ခွန်အားပေးဖို့ဖြစ်ပါသည်။ နှစ်နိုင်ငံရဲ့ ညီညွတ်ခြင်းဟာ ဗုဒ္ဓ ကြွရောက်လာခြင်းပဲ ဖြစ်ပါသည်။

ဗုဒ္ဓရှင်တော်နှင့် ရဟန်းတော်ငါးရာတို့၏ ကရုဏာမိုး ရွာသွန်းဖြိုးလိုက်သောအခါ ဝေသာလီမြို့မှာ ကျရောက်နေသော အဟိဝါတရောဂါသည် ပျောက်ငြိမ်းခဲ့လေပြီ။ လေထဲက အဆိပ်တွေ ထွက်သွားခဲ့လေပြီ။ သန့်ရှင်းသော လေကို ရှူရှိုက်ရလေပြီ။ မိုးကြီးရွာသွားသဖြင့် တစ်မြို့လုံး သန့်ရှင်းခဲ့လေပြီ။

May our compassionate spirit remove all suffering and sorrow of the whole world totally. May all being be liberated from all sorrow and suffering.

**သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ....**

## ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၏ ၁၃၈၂ ခုနှစ် မြန်မာနှစ်သစ်ကူး နှစ်ဦး သြဝါဒ



ပျော်ရွှင်ဖွယ်ရာများဖြင့် စတင်ခဲ့သော မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်သည် ကမ္ဘာအနှံ့ ကူးစက်ပြန့်ပွားလျက်ရှိသော ကိုဗစ်–၁၉ ရောဂန္တရ ကပ်ဆိုးကြောင့် ကြောက်ရွံ့ထိတ်လန့်စိတ်၊ စိုးရိမ်စိတ်များဖြင့် ကုန်ဆုံးခဲ့ရပေပြီ။

သံသရာမှာ ပျော်စရာချည်း မျှော်လင့်လို့မရဘူး။ စိတ်ပျက် ငြီးငွေ့စရာတွေ တစ်ပုံတစ်ခေါင်းရှိသေးကြောင်း သတိပေးလျက်ရှိနေပါပြီ။


သို့သော် ကမ္ဘာ့ကပ်ဆိုး လွှမ်းမိုးနေချိန်အတွင်း မြန်မာလူမျိုးတို့၏ ရင်တွင်းဖြစ်ပေါ်လာသည့် ပရဟိတမေတ္တာ၊ ပရဟိတစေတနာများသည် မီးပုံကြီးထဲမှ ပွင့်လာသည့် ပဒုံမာကြာပန်းကြီးသဖွယ် ကမ္ဘာ့အလယ်မှာ မြတ်နိုးဖွယ်ကောင်းလှပါပေသည်။

မြန်မာနိုင်ငံ ရဟန်းရှင်လူ ပြည်သူအားလုံး၏ မေတ္တာစွမ်းအား ကုသိုလ်စေတနာစွမ်းအား စည်းလုံးညီညွတ်သော ကာယသာမဂ္ဂီ (လူကိုယ်တိုင်ပါဝင်ပေါင်းစည်းမှု)၊ စိတ္တသာမဂ္ဂီ (စိတ်ချင်းပေါင်းစည်းမှု) စွမ်းအားတို့ဖြင့် အခက်အခဲဟူသမျှ အနိုင်ယူ ကျော်လွှားနိုင်အောင် ကြိုးစားကြပါ။

လူတို့၏ သန္တာန်မှာ ဖြစ်ပေါ်လာတတ်သည့် မုန်းတီးစိတ်၊ ရန်လိုစိတ်၊ ကျေးဇူးကန်းစိတ်၊ ကိုယ်ကျိုးရှာစိတ်၊ မနာလိုစိတ်၊ တစ်ကိုယ်ကောင်းဆန်စိတ်နဲ့ တစ်ယူသန်စိတ်များကို ကမ္ဘာကပ်ရောဂါထက်ဆိုးသည့် ရောဂါဆိုးအဖြစ် ရှုမြင်နိုင်အောင် သတိသမ္ပဇဉ်ဖြင့် ကျင့်ဆောင်နိုင်ကြပါစေ။

၁၃၈၂ ခုနှစ် မြန်မာနှစ်သစ်ကူး နှစ်ဦးကာလမှစ၍ ဘေးဆိုး ရန်ဆိုး ကပ်အမျိုးမျိုးမှ ကင်းလွတ်ကြပါစေ။ သက်ရှည်ကျန်းမာ စိတ်ချမ်းသာ လိုရာဆန္ဒ ပြည့်ကြပါစေ။

## ဓမ္မဒူတ အရှင်ဆေကိန္ဒ၏ နှစ်သစ်ဦး မေတ္တာစကား



ကမ္ဘာတစ်ဝန်းနှင့် မြန်မာနိုင်ငံတော် အတွင်း မှီတင်းနေထိုင်ကြကုန်သော နိုင်ငံသူ နိုင်ငံသားအပေါင်းတို့ မိဘနှင့်သားသမီး၊ ဆရာနှင့် တပည့်၊ လူကြီးနှင့် လူငယ်တို့သည် တစ်ဦးကို တစ်ဦး စောင့်ရှောက်လေးစားနိုင်ကြပါစေကုန်သတည်း။

ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းတို့သည်လည်း ရိုင်းပင်းချစ်ခင်နိုင်ကြပါစေ ကုန်သတည်း။ အိမ်အနီးအနားချင်းတို့သည်လည်း ရင်းနှီး ယုံကြည်နိုင်ကြပါစေကုန်သတည်း။ သဘာဝမတူ အဖွဲ့ကွဲသူတို့သည်လည်း အမြင်ကျယ်၍ လက်တွဲနိုင်ကြပါစေကုန်သတည်း။

သက်ဆိုင်ရာ ဘာသာတရား အသီးသီးတို့၏ ကောင်းမြတ်သော အဆုံးအမ အရိပ်အာဝါသအောက်တွင် အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ကြပါစေကုန်သတည်း။ တစ်ဦးအပေါ် တစ်ဦး ကြည်နူးခင်မင်စွာ မေတ္တာပေး မေတ္တာရယူပြီး နားလည်မှုကြီးမားစွာဖြင့် အခက်အခဲများကို ကျော်လွှားနိုင်ပြီး ရည်မှန်းချက်ပန်းတိုင်ကို အတူလျှောက်လှမ်းနိုင်ကြပါစေကုန်သတည်း။

# ဆရာတော်၊ သံဃာတော်များ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်

**နေပြည်တော် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ မြန်မာနှစ်ဆန်း ၁ ရက် ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်၊ သံဃာတော်များသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ နှစ်သစ်မင်္ဂလာအန္တရာယ်ကင်းပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်ကြပြီး မေတ္တာပို့သကြသည်။

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဝဲကြီး ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များသည် နံနက် ၇ နာရီတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ရဟတ်ယာဉ်ဖြင့် စတင်ထွက်ခွာကြပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း လှည့်လည်၍ ကမ္ဘာသူ ကမ္ဘာသားများနှင့် မြန်မာနိုင်ငံသူနိုင်ငံသားများ ကျန်းမာချမ်းသာ၍ ဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်ကာ မေတ္တာပို့သကြသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူထားသည့် ပရိတ်ရေများအား ဝေဟင်မှ ပက်ဖျန်းပေးကြသည်။ သတင်းစဉ်



ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာဝဲကြီး ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသအမှူးပြုသော ဆရာတော်၊ သံဃာတော်များ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်ကြစဉ်။

## မန္တလေးမြို့တွင် နှစ်သစ်မင်္ဂလာအန္တရာယ်ကင်းပရိတ်တော်များအား ဓမ္မာရုံများ၊ဘုန်းကြီးကျောင်းများနှင့်ဘုံဆွမ်းလောင်းအသင်းများမှ အသံချဲ့စက်များဖွင့်လှစ်၍ ထုတ်လွှင့်ပေး

**မန္တလေး ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် ၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့ညနေပိုင်းက အန္တရာယ်ကင်း ပရိတ်တရားတော်များကို မိမိနေအိမ်တွင်းမှသာ နာယူနိုင်ရန် မန္တလေးမြို့ရှိ ရပ်ကွက်အသီးသီးမှ ဓမ္မာရုံများ၊ ဘုန်းကြီးကျောင်းများနှင့် ဘုံဆွမ်းလောင်းအသင်းများမှ နှစ်သစ်မင်္ဂလာအန္တရာယ်ကင်းပရိတ်တော်များအား အသံချဲ့စက်များ ဖွင့်လှစ်၍ ထုတ်လွှင့်ပေးခဲ့ရာ ပြည်သူများအနေဖြင့် မိမိနေအိမ်မှသာ ပရိတ်တရားတော်များ နာယူကြည်ညိုခဲ့ကြသည်။

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲကို လူစုလူဝေးဖြင့် ဆောင်ရွက်ခြင်းမပြုဘဲ ဓမ္မာရုံများ၊ ဘုန်းကြီးကျောင်းများတွင် ရွတ်ဖတ်ပူဇော်၍ အများကြားနိုင်အောင် အသံချဲ့စက်များဖြင့် ပရိတ်တရားတော်များ ထုတ်လွှင့်ပေးခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများမှလည်း အသံသွင်းတိပ်ခွေများ၊ စီဒီများအသုံးပြု၍ အသံချဲ့စက်ဖြင့် ထုတ်လွှင့်ပေးခြင်း၊ ပြည်သူများမှလည်း မိမိအိမ်အတွင်းမှသာ တရားတော်များ နာယူကြခြင်း ဆောင်ရွက်ရန် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဧပြီ ၁၄ ရက်တွင် ညွှန်ကြားစာထုတ်ပြန်ထားကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**





## ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို မြို့နယ်များအတွင်းရှိ ဘာသာရေးကျောင်းများသို့ လှူဖွယ်ပစ္စည်းများ သွားရောက်လှူဒါန်း

**လွိုင်ကော် ဧပြီ ၁၇**

ကယားပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်စောင့်ရှောက်ရေး ကာလအတွင်း ဆွမ်းခက်ခဲမှုများမရှိစေရေးအတွက် ဘာသာရေးဆိုင်ရာ ကျောင်းများသို့ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများက ဧပြီ ၁၇ ရက် ညနေ ၄ နာရီက ဆန် ၊ ဆီ၊ ဆား၊ ကြက်သွန်စသည့် လှူဖွယ်ပစ္စည်းများ သွားရောက်လှူဒါန်းခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်းဆရာတော်၊ နောင်ယား(ခ) ရပ်ကွက်ရှိ ကက်သလစ်သာသနာ့ဗဟိုကျောင်းတိုက်ရှိ ဆရာတော်ကြီး၊ ပုဗ္ဗာရုံ ပရိယတ္တိစာသင်တိုက် ဆရာတော်နှင့် မဟာဓမ္မဝိဟာရီ သီလရှင် စာသင်တိုက်ကျောင်းများသို့သွားရောက်ပြီး ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကယားပြည်နယ်အတွင်းရှိ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ နှစ်ချင်းအသင်းတော်၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာနှင့် ကေ့ထျိုးဘိုးဆိုင်ရာစသော ဘာသာရေးကျောင်းများကိုလည်း ကယားပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပြည်နယ် သာသနာရေးဦးစီးဌာန၊ ခရိုင်မြို့ / မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးတို့က ပူးပေါင်းပြီး ဆက်လက် ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလေး (ပြန်/ဆက်)**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

**ချစ်ခင်လေးစားအပ်တဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား–**



မြန်မာ့နှစ်သစ်ကူးမင်္ဂလာအခါသမယမှာ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနဲ့တကွ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယခုလိုကောင်းမြတ်တဲ့ မြန်မာ့နှစ်သစ်ကူး မင်္ဂလာအခါသမယမှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စိုးရိမ်ကြောင့်ကြနေရတဲ့ COVID–19 ရောဂါကို ထိန်းချုပ်ရေးနဲ့ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်းဆုံး ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ မည်သို့သော အခက်အခဲတွေ ကြုံတွေ့ရသည်ဖြစ်စေ ပြည်သူတစ်ရပ်လုံးရဲ့ စုပေါင်းစွမ်းအားနဲ့ ကျန်းမာရေးအသိရှိရှိ၊ စည်းကမ်းရှိရှိ၊ စည်းစည်းလုံးလုံးဖြင့် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြမယ်ဆိုရင် ဒီကပ်ရောဂါဘေးကို အောင်မြင်စွာ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး မြန်မာ့နှစ်သစ်ကူး မင်္ဂလာအခါသမယမှာ COVID–19 ကပ်ရောဂါဘေးကို အမြန်ဆုံးကျော်လွှားနိုင်ကြပါစေ။ တစ်နိုင်ငံလုံးငြိမ်းချမ်းရေး အမြန်ဆုံးရရှိပြီး ပြည်သူပြည်သားတွေရဲ့ လူမှုစီးပွားဘဝတွေ အဘက်ဘက်က မြင့်မားတိုးတက်ကြပါစေ။ ငြိမ်းချမ်းသာယာပြီး ရောဂါဘယများ ကင်းဝေးတဲ့ဘဝများကို အမြန်ဆုံးရရှိပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား–**



နှစ်သစ်ကူးအခါသမယမှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာ့ယဉ်ကျေးမှုအစဉ်အလာမှာ ၁၂ ရာသီပွဲတော်များရှိကြတဲ့အနက် နှစ်သစ်ကို ကြိုဆိုတဲ့ အထိမ်းအမှတ်ဖြစ်တဲ့ သင်္ကြန်ပွဲတော်ဟာ အထင်ရှားဆုံးနဲ့ ပျော်ရွှင်ဖွယ် အကောင်းဆုံးပွဲတော်ဖြစ်ပါတယ်။ သင်္ကြန်ပွဲတော်ဆိုတာ နှစ်ဟောင်းက အညစ်အကြေးတွေကို သင်္ကြန်ရေနဲ့ ဆေးကြောကြခြင်းဖြစ်တယ်လို့လည်း အလေးထားခံယူကြပါတယ်။ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှာ ဖြစ်ပွားနေတဲ့ COVID–19 ရောဂါကြောင့် ယခုနှစ်မှာတော့ မြန်မာ့နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ကျင်းပနိုင်ခြင်း မရှိပါဘူး။

သို့သော်လည်းပဲ နှစ်သစ်ကူးသင်္ကြန်ကာလအတွင်းမှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေနဲ့ COVID–19 ရောဂါ မကူးစက်ရအောင် မိမိတို့နေအိမ်များမှာပဲ နေထိုင်ကြရင်း မိမိတို့ စိတ်ထဲမှာ စွန်းထင်းနေတဲ့ နှစ်ဟောင်းက အညစ်အကြေးတွေကို စိတ်နဲ့ပဲဆေးကြောပြီး နှစ်သစ်ကို ကြိုဆိုကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ နှစ်ဟောင်းရဲ့ဖြစ်ရပ်များက သင်ခန်းစာယူပြီး COVID–19 ရောဂါ ဆက်လက်မပြန့်ပွားရအောင် ကိုယ်စီကိုယ်စီက နားလည်ခိုင်မာတဲ့ စိတ်ဓာတ်တွေနဲ့ ကြံ့ကြံ့ခံပြီး ၁၃၈၂ ခုနှစ် မြန်မာနှစ်သစ်ကို တက်ကြွသော အားမာန်များနဲ့ လက်ကမ်းကြိုဆိုကြပါစို့လို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

နှစ်သစ်ကူးမင်္ဂလာအခါသမယမှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်မြင့်မားစေရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိမိတို့အားလုံး စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေ၊ အခက်အခဲ၊ အကျပ်အတည်းများကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ကြပါစေ၊ ဘေးဘယာမှန်သမျှ ဝေးကွာပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နှစ်သစ်ကူးဆုမွန်

မိဘပြည်သူများနဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး နှစ်သစ်အခါသမယမှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျာ။ ၁၃၈၁ ခုနှစ်ကို ကျော်လွန်ခဲ့ပြီဖြစ်ပါတယ်။ ဒီကာလအတွင်းမှာ မိဘပြည်သူများ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေနဲ့ ဖြတ်သန်းခဲ့တဲ့ဖြစ်စဉ်ပေါင်းများစွာထဲမှာ အောင်မြင်တာတွေရှိသလို စိန်ခေါ်မှုတွေလည်း ရှိကြပါတယ်။ နှစ်ကုန်ခါနီးမှာတော့ မမျှော်လင့်ဘဲနဲ့ Coronavirus(COVID–19) ရောဂါပြဿနာတစ်ခု ကျွန်တော်တို့ ကြုံတွေ့ခဲ့ရပါတယ်။ ဒီရောဂါကပ်ဘေးကြီးကိုတော့ မိဘပြည်သူများနဲ့ ပူးပေါင်းဆောင်ရွက်မှုကနေပြီး ကျော်လွှားနိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ မိဘပြည်သူများရဲ့ စည်းကမ်းတကျ နေထိုင်လုပ်ဆောင်မှုဟာ ဒီကပ်ဘေးကျော်လွှန်မှုအတွက် အထောက်အကူရလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

၁၃၈၂ ခုနှစ် နှစ်သစ်အခါသမယမှာ မိဘပြည်သူများအားလုံး သောကခပ်သိမ်း ချုပ်ငြိမ်းကြပါစေ၊ မောဟခပ်သိမ်းချုပ်ငြိမ်းကြပါစေ၊ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်စုံကြပါစေလို့ ကျွန်တော်ထပ်မံဆုတောင်းအပ်ပါတယ် ခင်ဗျာ။

# အနုပညာရှင်များ၏ နှစ်သစ်ကူးဆုတောင်း စကားသံများ

### သရုပ်ဆောင် လူမင်း

မြန်မာပြည်သူပြည်သားတွေ ယခုကြုံတွေ့နေရတဲ့ ကိုဗစ်–၁၉ ရောဂါကပ်ကြီးကနေ အမြန်ဆုံးလွန်မြောက်ပြီး သာယာပျော်ရွှင်တဲ့ နှစ်သစ်ကို အမြန်ဆုံး ရောက်ရှိပိုင်ဆိုင်နိုင်ကြပါစေ။ လက်ရှိ ကျွန်တော်တို့ အခြေအနေက အလွန်စိုးရိမ်နေရတဲ့ အနီရောင်စက်ဝိုင်းထဲမှာ ရှိနေပါသေးတယ်။ မပေါ့ဆကြပါနဲ့လို့ ပြောချင်ပါတယ်။ စိတ်ကို တတ်နိုင်သမျှ ရှည်ရှည်ထားပြီး အိမ်မှာပဲ သည်းခံပြီး နေပေးကြပါလို့ ပြည်သူတွေကို မေတ္တာရပ်ခံချင်ပါတယ်။

### သရုပ်ဆောင် ခိုင်နှင်းဝေ

အားလုံးက နှစ်တိုင်းသင်္ကြန်ဆို ပျော်ရွှင်ကြပါတယ်။ နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုကြပါတယ်။ ဒီနှစ်မှာ လူတွေအားလုံးက စိုးရိမ်ထိတ်လန့်စွာနဲ့ နေကြရပါတယ်။ ယခုနှစ်သစ်ကနေစပြီး ပုံမှန်အတိုင်း စီးပွားရေးတွေ ပြန်လည်ကောင်းမွန်ပါစေလို့ ဆုမွန်တောင်းလိုက်ပါတယ်။

အားလုံးအနေနဲ့ ကိုယ်က ရောဂါပိုးသယ်ဆောင်သူ မဖြစ်ရလေအောင် ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်တယ်ဆိုရင် အိမ်ထဲမှာ နေထိုင်ပေးကြပါ။ အပြင်ထွက်တယ်ဆိုရင် ရောဂါပိုးက ဘယ်သူ့မှာရှိတယ်ဆိုတာ မသိနိုင်ပါဘူး။ ကိုယ့်မိသားစုနဲ့ ကိုယ့်ပတ်ဝန်းကျင်ကို၊ ကိုယ့်ကိုယ်ကိုယ် ချစ်တယ်ဆိုရင် မိမိအိမ်မှာ နေထိုင်ပေးခြင်းက ရောဂါကို ကာကွယ်ရာရောက်ပါတယ်လို့ ပြောချင်ပါတယ်။

### အဆိုတော် မေခလာ

နှစ်သစ်မှာ မြန်မာပြည်သူပြည်သားအားလုံး စိတ်ချမ်းသာခြင်းနဲ့ ကိုယ်ကျန်းမာခြင်းတွေ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ နှစ်တိုင်းသင်္ကြန်မှာ ပျော်ပွဲရွှင်ပွဲတွေနဲ့ ကြုံခဲ့ပြီးပါပြီ။ ဒီနှစ် မကြုံခဲ့ရတာကို စိတ်ထဲမှာ ဘာမှမထားကြပါနဲ့။ နောက်နှစ် နောက်နှစ်တွေ သင်္ကြန်တွေ ရှိပါသေးတယ်။ အားမွေးထားကြပါလို့ ပြောချင်ပါတယ်။ ကိုဗစ်–၁၉ ရောဂါနဲ့ ပတ်သက်ပြီး လူတွေ ထိတ်လန့်နေကြပါတယ်။ ဒီရောဂါကြီးက ကမ္ဘာနဲ့ချီ ဖြစ်တဲ့ ကပ်ရောဂါကြီးထဲမှာပါပါတယ်။ ဒီကပ်ရောဂါဆိုးကြီး ကျော်လွှားနိုင်ဖို့အတွက် ကျွန်မတို့အားလုံး စုပေါင်းညီညာစွာနဲ့ ဆောင်ရွက်မှသာ အောင်မြင်ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

### အဆိုတော် နွေးနွေးချစ်ဖွယ်

နှစ်သစ်မှာ ခုနစ်ရက်သားသမီးတွေ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပြီး၊ မိသားစုနှင့်အတူ ထာဝရပျော်ရွှင်ပြီး သာသနာပြုနိုင်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေ။ ယခုရင်ဆိုင်ကြုံတွေ့နေရတဲ့ ကိုဗစ်–၁၉ ကပ်ရောဂါဆိုးကြီးကနေလည်း ကင်းဝေးနိုင်ကြပါစေ။ အခုအချိန်မှာ အိမ်ထဲက မထွက်ခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ်လည်း ကာကွယ်၊ မိသားစုကိုလည်း ကာကွယ်၊ ကိုယ်ချစ်သော ကမ္ဘာမြေကြီးကိုလည်း ကာကွယ်ကြပါစို့လို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း – သီသီမင်း**

**ဓာတ်ပုံ– မင်းသစ် (MNA)**



လူမင်း



ခိုင်နှင်းဝေ



မေခလာ



နွေးနွေးချစ်ဖွယ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား




ချစ်ခင်လေးစားအပ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူနိုင်ငံသားအားလုံး မြန်မာနှစ်သစ်အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ဘေးဥပဒ်အန္တရာယ်များ ကင်းဝေးကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

**ချစ်ခင်လေးစားရပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

မိမိတို့လွှတ်တော်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် ခေတ်စနစ်နှင့် လျော်ညီခြင်းမရှိသည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းများ ပြုလုပ်နေသလို ပြည်သူများ၏ အခြေခံလူ့အခွင့်အရေးများနှင့် လူမှုစီးပွားဘဝကို ပိုမိုစိတ်ချလုံခြုံအောင် အကာအကွယ်ပေးနိုင်မယ့် ဥပဒေများပြဋ္ဌာန်းနိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ယခုအခါတွင် တစ်ကမ္ဘာလုံး ကပ်ရောဂါအဖြစ် တွေ့ကြုံနေရသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ(COVID-19)သည် မြန်မာနိုင်ငံအတွင်း၌ ကူးစက်မှုဖြစ်ပွားလျက်ရှိသဖြင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်အစိုးရက အမျိုးသားအဆင့် သတ်မှတ်၍ အရှိန်အဟုန်မြင့်ကာ နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူများအနေဖြင့်လည်း အဆိုပါ ကပ်ရောဂါဆက်လက်ပြန့်ပွားကူးစက်မှုမရှိစေရေးအတွက် နိုင်ငံတော်အစိုးရက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိသည့် ရောဂါဖြစ်ပွားမှု ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးဆိုင်ရာ ထုတ်ပြန်ကြေညာချက်များကိုလည်း တိကျစွာ လိုက်နာပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းရင်း အန္တရာယ်ခပ်သိမ်းကင်းငြိမ်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများနှင့် ပြည်ပရောက် မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ယခုလိုနှစ်သစ်ကူးမင်္ဂလာ အချိန်အခါမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မိသားစုဘဝများ အေးချမ်းသာယာစွာရှိကြပါစေ၊ ဘေးဘယာအပေါင်းမှ ကင်းဝေးကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ရောက်ရှိတိုင်း မိမိတို့ တွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ နှစ်ဟောင်းက စိန်ခေါ်မှုများ၊ အခက်အခဲများကို ပြန်လည်သုံးသပ်၍ သင်ခန်းစာရယူကာ နှစ်သစ်အတွက် ကြိုတင်ပြင်ဆင်ပြီး ပိုမိုကောင်းမွန်တဲ့ ရလဒ်ကောင်းများ ပိုင်ဆိုင်နိုင်ဖို့ ခွန်အားသစ်များ၊ အတွေးသစ်၊ အမြင်သစ်များဖြင့် နှစ်သစ်ကို ကြိုဆိုရင်း ဆက်လက်ကြိုးစား လျှောက်လှမ်းကြ ရမှာဖြစ်ပါတယ်။

ထိုသို့ လျှောက်လှမ်းကြတဲ့နေရာမှာ ပြည်သူလူထုကြီးတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိတဲ့ ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် မိမိတို့ ဥပဒေပြုကဏ္ဍမှ လွှတ်တော်အသီးသီးအနေဖြင့်လည်း နိုင်ငံတော်နှင့် ပြည်သူအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးစား ဆောင်ရွက်သကဲ့သို့ တိုင်းရင်းသား ပြည်သူလူထုကြီးအနေဖြင့်လည်း **"တာဝန်ကိုယ်စီရှိကြသည်"**ဟု မှတ်ယူကာ ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံ၍ ကျရာကဏ္ဍမှ အနာဂတ်နိုင်ငံတော်သစ်အတွက် စုပေါင်းအင်အားနဲ့ အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။

နှစ်သစ်မင်္ဂလာအခါသမယမှ အစပြု၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မိမိတို့ ယုံကြည်သက်ဝင်ကိုးကွယ်ရာ ဘာသာတရားတိုင်းရဲ့ အဆုံးအမနဲ့အညီ အရာရာကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြပြီး နှစ်သစ်ကို စိုးရိမ်ပူပန်ခြင်းကင်းစွာဖြင့် ဖြတ်သန်းလျှောက်လှမ်းနိုင်ကြပါစေလို့ ဆန္ဒပြုဆုမွန်ကောင်း တောင်းအပ်ပါတယ်။

# ဘာသာပေါင်းစုံမှ တာဝန်ရှိသူများ၏ နှစ်သစ်ကူး ဆုတောင်းစကားသံများ


ဦးသောင်းထိုက်



စတီဖင် သန်းမြင့်ဦး



အယ်ဟာဂျ်ခလီဖွာ ဦးအေးလွင်


ဒေါက်တာသလင်းသိန်း

**ဦးသောင်းထိုက် (ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ)**

မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ဘာသာပေါင်းစုံမှ ညီအစ်ကို မောင်နှမများအားလုံး ကပ်ရောဂါဘေးကနေ ကင်းဝေးပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် လူမျိုးအကျိုး ငြိမ်းချမ်းသာယာဝပြောသော နိုင်ငံတော်ကြီးဖြစ်ရန် ဝိုင်းဝန်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

မြန်မာပြည်သူ ပြည်သားအားလုံးအနေနဲ့ ကပ်ရောဂါဘေးကနေ ကင်းဝေးစေရေးအတွက် နိုင်ငံတော်မှ ကျန်းမာရေးအတွက် ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများကို လိုက်နာပေးခြင်းအားဖြင့် အားလုံးကပ်ရောဂါဘေးကနေ ကင်းဝေးမှာဖြစ်တဲ့အတွက် လိုက်နာပေးကြပါလို့ ပြောချင်ပါတယ်။

**စတီဖင် သန်းမြင့်ဦး (သာသနာပိုင်ချုပ်ကြီး၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် (အင်္ဂလီကန်))**

မေတ္တာ၊ ကရုဏာ အနန္တနှင့် ပြည့်စုံတော်မူသော အဖထာဝရဘုရား ယနေ့ နှစ်သစ်ကျရောက်သည့် မြန်မာနှစ်သစ် အခါသမယမှာ မြန်မာပြည်သူ ပြည်သားအားလုံးအပေါ်မှာ ဘုရားရှင်ရဲ့ ကောင်းချီးမင်္ဂလာချပြီး သွန်းလောင်းတော်မူပါ။ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း ရောဂါဘယကင်းဝေးခြင်းများနှင့်ပြည့်စုံ၍ ဒီနှစ် တစ်နှစ်လုံးသည် မင်္ဂလာရှိသောနှစ်အဖြစ် ပေးသနားတော်မူပါ သားတော်မြတ်သခင် ယေရှုနာမ၌ ဆုတောင်းမေတ္တာပို့ပါ၏ အဖထာဝရဘုရား။ အာမင်။

ချစ်သော မြန်မာပြည်သူ ပြည်သားအပေါင်းတို့ ယခုလို အချိန်အခါမျိုးမှာ အရေးကြီးတဲ့ အချိန်အခါကာလဖြစ်တဲ့အတွက် ဖြစ်ပေါ်နေတဲ့ ကပ်ရောဂါဘေးကို အောင်မြင်ကျော်လွှားနိုင်ဖို့အတွက် အရေးကြီးဆုံးဖြစ်တဲ့ မိမိတို့ကိုယ်ကို မိမိတို့ ဆင်ခြင်ပြီး သကာလ ကိုယ့်ရဲ့အိမ်မှာ နေခြင်းအားဖြင့် ကမ္ဘာ့လူသားမျိုးနွယ်ကို ခြိမ်းခြောက်လျက်ရှိသော ကပ်ရောဂါဆိုးကြီးကို အနိုင်ယူကြပါစို့လို့ မေတ္တာအားဖြင့် နှိုးဆော်တိုက်တွန်းလိုပါတယ်။ အားလုံးကျန်းမာ ချမ်းသာကြပါစေ။

**အယ်ဟာဂျ်ခလီဖွာ ဦးအေးလွင် (အစ္စလာမ်ဓမ္မဗိမာန် ဦးဆောင်ဆော်ဩရေးမှူး)**

ပြည်ထောင်စုမြန်မာနိုင်ငံမှာ မှီတင်းနေထိုင်နေကြတဲ့ နိုင်ငံသူ နိုင်ငံသားအားလုံး ယနေ့ မြန်မာနှစ်သစ်ကူး အချိန်အခါသမယမှာ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမ ဆုတောင်းလိုပါတယ်။ ကျွန်တော်တို့ တွေ့ကြုံနေရတဲ့ ဒီအခက်အခဲတွေကလည်း အောင်မြင်မှုအတွက် ခြေလှမ်းတွေအဖြစ်နဲ့ သတ်မှတ်ပြီးတော့ ဒီကရရှိလာတဲ့ အတွေ့အကြုံနဲ့ ကျွန်တော်တို့ရဲ့ အမိမြန်မာနိုင်ငံတော်ကြီးကို ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ရယ် ဒီကတစ်ဆင့် တစ်ကမ္ဘာလုံးမှာရှိတဲ့ သဗ္ဗေသတ္တာဝေနေယျာတွေ အေးချမ်းသာယာစေဖို့အတွက် ကျွန်တော်တို့ တစ်ပိုင်တစ်နိုင် ကြိုးစားနိုင်ဖို့အတွက် အင်အားတွေအဖြစ်နဲ့ ဒီအတွေ့အကြုံကို ကျွန်တော်တို့ ပြောင်းလဲပစ်ကြပါလို့ မေတ္တာဆုတောင်း ပို့လိုပါတယ်။

**ဒေါက်တာသလင်းသိန်း (အင်ကြင်းမေ ဟိန္ဒူအမျိုးသမီးကွန်ရက် (တည်ထောင်သူ))**

နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသော အခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံးကို ဘုရားရှင်ကရိသျှဏမှ စောင့်ရှောက်တော်မူပြီး ထာဝစဉ်ငြိမ်းချမ်းခြင်းနှင့် ပြီးပြည့်စုံသော မြန်မာနိုင်ငံတော်အဖြစ် အခွန့်ရှည်နိုင်ပါစေ။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြပါသော ပြည်သူ ပြည်သားများအားလုံး အချင်းချင်းမေတ္တာတရားထားရှိပြီး ပြည်တွင်းစစ်ပွဲများ လုံးဝရပ်တန့်သွားနိုင်ပါစေ။ မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့်တကွ ကမ္ဘာသူ ကမ္ဘာသားများအားလုံး ယခုလက်ရှိခံစားကြောင့်ကြနေရပါသော ကိုဗစ်-၁၉ ကပ်ရောဂါဆိုးမှ အမြန်ဆုံးလွတ်မြောက်နိုင်ကြပါစေလို့ ဟိန္ဒူဘာသာဝင် အားလုံးကိုယ်စား ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ အားလုံး ငြိမ်းချမ်းကြပါစေ၊ ငြိမ်းချမ်းကြပါစေ၊ ငြိမ်းချမ်းကြပါစေ။ **တွေ့ဆုံမေးမြန်း - မင်းသစ် (MNA)**

**ဓာတ်ပုံ - နေလင်း**

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၁၇

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီနှင့် မုံရွာမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ဂန့်ဂေါမြို့၊ ဆင်ဖြူကျွန်းမြို့၊ တောင်ငူမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဖားဆောင်းမြို့တွင် ၀ ဒသမ ၄၇ လက်မ၊ ကွမ်းလုံမြို့တွင် ၀ ဒသမ ၃၅ လက်မ၊ တီးတိန်မြို့တွင် ၀ ဒသမ ၃၂ လက်မ၊ ကော့သောင်းမြို့တွင် ၀ ဒသမ ၂၃ လက်မ၊ ကနီမြို့တွင် ၀ ဒသမ ၂၀ လက်မနှင့် ပူတာအိုမြို့၊ ဟုမ္မလင်းမြို့နှင့် မော်လိုက်မြို့တို့တွင် ၀ ဒသမ ၁၆ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# စီးပွားရေးလုပ်ငန်းရှင်များ၏ နှစ်သစ်ကူး ဆုတောင်းစကားသံများ

တွေ့ဆုံမေးမြန်း - မင်းသစ် (MNA)၊ ဓာတ်ပုံ - နေလင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) နာယက ဝဏ္ဏကျော်ထင်၊ စည်သူ ဦးအောင်ကိုဝင်း**

ကမ္ဘာတစ်ဝန်း ကြုံတွေ့နေရတဲ့ ကိုဗစ်-၁၉ ကူးစက်ရောဂါအန္တရာယ်ကို ဘုံရန်သူအဖြစ် သတ်မှတ်ပြီး အမြန်ဆုံး ကျော်လွှားသွားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရရဲ့ ညွှန်ကြားချက်တွေအတိုင်း တိုင်းရင်းသားပြည်သူတစ်ဦးချင်းက ပင်ကိုအသိစိတ်နဲ့ စည်းကမ်းလိုက်နာပြီး ကျန်းမာရေးအသိ၊ သတိနှင့်အတူ တွန်းလှန်ကျော်လွှားရမှာ ဖြစ်ပါတယ်။

အခုလို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့ကာလမှာ အခြေခံပြည်သူတွေအတွက် ယာယီအားဖြင့် အခက်အခဲရှိနိုင်ပါတယ်။ ဒီအခက်အခဲကို



ဦးကိုကိုထွေး

နိုင်ငံတော်အစိုးရနဲ့အတူ တတ်နိုင်တဲ့ ပြည်သူတွေကလည်း တတ်အားသရွေ့ ပူးပေါင်းပါဝင်လှူဒါန်းပေးရမှာ ဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကြောင့် စီးပွားရေး မယိုင်လဲအောင်၊ မပြိုလဲအောင် ကမ္ဘာ့နိုင်ငံအသီးသီးက ကြိုးစားနေကြပါတယ်။ မြန်မာနိုင်ငံမှာလည်း ဒီကပ်ဆိုးရဲ့ နောက်ဆက်တွဲဖြစ်တဲ့ စီးပွားရေးတွေ မယိုင်လဲအောင်၊ ထိခိုက်မှု အနည်းဆုံးဖြစ်အောင် လိုအပ်တဲ့ အစီအစဉ်တွေချမှတ်ပြီး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဒီကပ်ရောဂါကို အတူတကွ တွန်းလှန်ကျော်လွှားရင်း ကျန်းမာရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ ပညာရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေး၊ ဘက်စုံကဏ္ဍစုံ တိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနဲ့အတူ ပြည်သူအားလုံးက ပူးပေါင်းပါဝင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး အမြန်ဆုံးပေါ်ထွန်းလာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း**

မြန်မာရိုးရာ နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝမြင့်မားရေးအတွက် ကုန်သည်စက်မှုအသင်းချုပ်နဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းတွေ၊ အသင်းချုပ်ရဲ့ ညီနောင်အသင်းတွေ၊ အသင်းသူအသင်းသားတွေ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေအားလုံး နှစ်သစ်နဲ့အတူ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာရှိကြပြီး ပျော်ရွှင်ခြင်းများနဲ့ ပြည့်စုံကြပါစေကြောင်း မေတ္တာပို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကုန်သည်စက်မှုအသင်းချုပ်အနေနဲ့ နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေ



ဦးတင်မောင်

အတွက် ညီနောင်အသင်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အသင်းဝင်တွေနဲ့အတူ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နှစ်သစ်တွင် ပြည်သူပြည်သားများအားလုံး ကိုဗစ်-၁၉ နဲ့တကွ ကမ္ဘာ့ကပ်ရောဂါအမျိုးမျိုးဘေးမှ ကင်းဝေးပြီး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာနဲ့ ပျော်ရွှင်ချမ်းမြေ့မှုအပေါင်း ရရှိနိုင်ပါစေကြောင်း ထပ်ဆင့်ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

**မြန်မာ့ရေ့ဆောင်ဘဏ် ဥက္ကဋ္ဌ ဦးချစ်ခိုင်**

ဒီနေ့အချိန်မှာ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ကပ်ဘေးရောဂါကို မြန်မာပြည်သူ ပြည်သားတွေအားလုံး အမြန်ဆုံး ကျော်လွှားနိုင်ပါစေလို့ အရင်ဆုံးပဏာမ ဆုတောင်းလိုက်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ကပ်ဘေးရောဂါအလွန်ကို စီးပွားရေး ပြန်လည်ဖွံ့ဖြိုး တိုးတက်လာအောင် အားလုံးဝိုင်းပြီး တစ်ပြိုင်တည်း ကြိုတင်ဆောင်ရွက်ဖို့ လိုအပ်တဲ့အတွက် ကျွန်တော်တို့အားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်၍ အောင်မြင်ခြင်းရရှိပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ဦးစားပေးအနေနဲ့ ဟိုတယ်နဲ့ ခရီးသွားကဏ္ဍ၊ အထည်ချုပ်ကဏ္ဍ၊ အသေးစား အလတ်စားလုပ်ငန်းကဏ္ဍတွေကို နိုင်ငံတော်ကလည်း ငွေကြေးပံ့ပိုးမှု



ဦးအောင်ကိုဝင်း

တွေ လုပ်ပေးနေပါတယ်။ ဟိုတယ်နဲ့ ခရီးသွားကဏ္ဍက ပြန်လည်ထူထောင်လာဖို့ဆိုတာ နှစ်နဲ့ချီလုပ်ရမယ့်အနေအထားလို့ မြင်ပါတယ်။ အထည်ချုပ်



ဒေါက်တာစန်းစန်းရီ

ကဏ္ဍက ဥရောပဝယ်လိုအားတွေက ပြန်လည်မြင့်တက်လာဖို့ဆိုတာ အချိန်ကာလ အတော်စောင့်ယူရဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ကိုဗစ်-၁၉ အလွန်မှာ နိုင်ငံတကာအနေနဲ့ လိုအပ်လာမှာက စားနပ်ရိက္ခာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေအများဆုံးဖြစ်တဲ့ တောင်သူလယ်သမားတွေ၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးနဲ့ SME လုပ်ငန်းတွေကို အမြန်ဖွံ့ဖြိုးတိုးတက်လာအောင် ကိုဗစ်-၁၉ ရောဂါကို တွန်းလှန်တိုက်ခိုက်နေစဉ်မှာပဲ အတူတကွကြိုးစားပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါစေလို့ ဒီနှစ်သစ်မှာ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

**ဇေကမ္ဘာကုမ္ပဏီ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ**

ဒီနှစ်သင်္ကြန်ကာလက အားလုံးသိတဲ့အတိုင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြည့်ကာလနဲ့ ထူးထူးခြားခြား တိုက်ဆိုင်နေပါတယ်။ လူတွေလည်း ရောဂါပိုးမကူးအောင် အိမ်ထဲမှာနေဖို့ နိုင်ငံတော်က တိုက်တွန်းနေတာ အားလုံးအသိဖြစ်ပါတယ်။ ရှောင်လွှဲမရတဲ့ ကမ္ဘာ့ကပ်ရောဂါကြီးဖြစ်လို့ ပြည်သူတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအကုန်လုံး အတိဒုက္ခရောက်ကြပါတယ်။ ဖြစ်လာတဲ့ ဒီရောဂါဆိုးကြီးကို ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ နိုင်ငံတော်ရဲ့



ဦးဇော်မင်းဝင်း

လမ်းညွှန်မှုအတိုင်း စိတ်မပျက်ဘဲ အတူတူကျော်လွှားဖို့အတွက် ကြံ့ကြံ့ခံနိုင်ဖို့ အရေးကြီးပါတယ်။ နိုင်ငံတော်ကလည်း တတ်နိုင်သမျှ အခြေခံလူတန်းစားတွေအတွက် အဆင်ပြေအောင် ဆန်၊ ဆီ၊ ပဲ ဝေပေးသလို ကျွန်တော်တို့ သာသနာ့နုဂ္ဂဟအသင်းကြီးက တစ်ဖက်တစ်လမ်းကနေ နိုင်ငံတော်အတွက် တတ်နိုင်သမျှ ကူညီပေးနေပါတယ်။ အထူးသဖြင့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သံဃာတော်တွေနဲ့ သီလရှင်တွေ ဆွမ်းခံကြွဖို့ခက်ခဲတဲ့ အခြေအနေကြောင့် ကျွန်တော်တို့ အသင်းကြီးက နိုင်ငံအနှံ့အပြားက ဆွမ်း၊ ကွမ်း အခက်အခဲဖြစ်တဲ့ သံဃာတော်တွေနဲ့ သီလရှင်တွေအတွက် နေ့စဉ်လှူဒါန်းမှုတွေကို စဉ်ဆက်မပြတ် ပြုလုပ်ပေးနေပါတယ်။

ရှေ့မှာ လုပ်စရာတွေ အများကြီး ကျန်နေပါသေးတယ်။ နံပါတ် (၁) အချက်က ဒီကပ်ရောဂါဆိုးကြီး ပျောက်ကွယ်သွားဖို့ အားလုံးပူးပေါင်းလုပ်ဆောင်ကျော်လွှားရမှာ ဖြစ်ပါတယ်။ နံပါတ် (၂) က ကပ်ရောဂါပြီးသွားရင် ပြိုလဲသွားတဲ့ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ထူထောင်ဖို့အတွက် ရေတိုရေရှည်စီမံကိန်းတွေကို အခုကတည်းက ပြင်ဆင်ထားရမှာ ဖြစ်ပါတယ်။ နံပါတ် (၃) အချက်က အခုကပ်ရောဂါကြောင့် စက်ရုံတွေပိတ် အလုပ်လက်မဲ့ဖြစ်သွားကြတဲ့ အလုပ်သမားတွေ၊ ထိုင်းကနေ ပြည်တော်ပြန်လာတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် အလုပ်အကိုင်တွေ ဖန်တီးပေးရမှာ ဖြစ်ပါတယ်။ ဒါတွေက စုပေါင်းအင်အားနဲ့သာ လုပ်ဆောင်မှ အောင်မြင်မှာဖြစ်ပါတယ်။ အခက်အခဲ အတားအဆီးတွေကို အနေးနဲ့အမြန်ဆိုသလို ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။ မင်္ဂလာရှိတဲ့ မြန်မာနှစ်သစ်မှာ နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် သတင်းကောင်းတွေ ကြားရလိမ့်မယ်လို့ ယုံကြည် မျှော်လင့်ထားပါတယ်။

**တော်ဝင်မိသားစုကုမ္ပဏီ ဥက္ကဋ္ဌ ဦးကိုကိုထွေး**

နိုင်ငံသူနိုင်ငံသားအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ပထမဦးစွာ နှစ်သစ်ဦး မင်္ဂလာဆုတောင်းအပ်ပါတယ်။ ကျွန်တော်တို့ တစ်သက်တာမှာ မကြုံစဖူး တွေ့ကြုံနေရတဲ့ ကိုဗစ်-၁၉



ဦးချစ်ခိုင်

ရောဂါကပ်ဆိုးကနေ ကျော်လွှားနိုင်ကြပါစေကြောင်း ပြုခဲ့တဲ့ကုသိုလ်အကြောင်းပြုပြီး ဆုတောင်းအပ်ပါတယ်။

အသက်ကို ဉာဏ်စောင့်ဆိုတဲ့ စကားအတိုင်း ယခုကပ်ဆိုးကနေ ကျော်လွှားနိုင်ဖို့အတွက် အနေအထိုင် အသွားအလာကို ဆင်ခြင်နိုင်ဖို့ လိုအပ်ပါတယ်။ အားလုံး မိမိနဲ့ မိမိ မိသားစု၊ ပတ်ဝန်းကျင်အတွက်ပါ သတိပြုနေထိုင်နိုင်ကြပါစေ။ လိုအပ်တဲ့ ပစ္စည်းကိရိယာဆေးဝါးတွေကို တတ်နိုင်သူ ဉာဏ်စွမ်းရှိသူတွေက စောင့်ရှောက်နိုင်ကြပါစေကြောင်းနဲ့ ကင်းလွတ်သွားတဲ့အချိန်တွင် မိမိတို့ရဲ့ အကျိုးစီးပွားကို စနစ်တကျ ရှာဖွေနိုင်ပြီး ကြီးပွားတိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးတင်မောင်**

မြန်မာပြည်သူ ပြည်သားအားလုံး ကျန်းမာချမ်းသာပြီး စီးပွားရေးတွေ တိုးတက်ကြပါစေ။ ယခုကျရောက်နေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြီးကနေ ကင်းဝေးကြပါစေလို့ မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းကြီးကနေ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ နိုင်ငံသူ နိုင်ငံသားတွေရော၊ ကမ္ဘာအတွင်းမှာရှိတဲ့ ကမ္ဘာသူကမ္ဘာသားတွေရော ကိုဗစ်-၁၉ ရောဂါဆိုးကြီး ကင်းစင်သွားမှသာ စီးပွားရှာနိုင်ကြမှာဖြစ်ပြီး ကမ္ဘာကြီးသာယာဝပြောလာမှာဖြစ်တဲ့အတွက် ကမ္ဘာသူကမ္ဘာသားတွေ အားလုံးနဲ့ မြန်မာနိုင်ငံအတွင်းမှာရှိကြတဲ့ နိုင်ငံသူနိုင်ငံသားတွေအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းကြီးက နှစ်သစ်ကူးဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

ဗုဒ္ဓဘာသာမှာ ကပ်ကြီးသုံးပါး ဟောထားတာရှိပါတယ်။ လူတွေဆုတောင်းတဲ့အခါမှာလည်း ကပ်ကြီးသုံးပါးက ကျော်လွှားနိုင်အောင် ဆုတောင်းကြပါတယ်။ အခု ရောဂါကပ်ဘေးဆိုက်ရောက်နေတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံသူနိုင်ငံသားတွေ အနေနဲ့ နိုင်ငံတော်အစိုးရက



ဒေါက်တာခင်ရွှေ

ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်အတိုင်း မိမိတို့နေအိမ်မှာ နေထိုင်ကြပြီး ရောဂါမပြန့်ပွားအောင် မိမိကိုယ်ကို ကာကွယ်ထိန်းသိမ်းခြင်းအားဖြင့် မိသားစုကို ကာကွယ်ပြီးသားဖြစ်သလို နိုင်ငံအနှံ့မှာရှိတဲ့ နိုင်ငံသူနိုင်ငံသားအားလုံးကို ကာကွယ်ပြီးသားဖြစ်ပါတယ်။ ကျန်းမာမှသာလျှင် စီးပွားဥစ္စာရှာနိုင်ပြီး နိုင်ငံတိုးတက်အောင် ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် သတ်မှတ်ထားတဲ့ရက်အတွင်း ပျော်ရွှင်စွာနဲ့ မိမိနေအိမ်မှာ နေထိုင်ကြပါလို့ ပြောချင်ပါတယ်။

**ဥက္ကာသီရိကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာစန်းစန်းရီ**

နှစ်သစ်မှာ မြန်မာပြည်သူ ပြည်သားအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပြီး ယခုကျရောက်နေတဲ့ ရောဂါကပ်ဘေးကြီးမှ အားလုံးကင်းစင်သွားပါစေလို့ ဆုတောင်းလိုက်ပါတယ်။ မြန်မာပြည်သူ ပြည်သားအားလုံး စီးပွားရေးတွေ အဆင်ပြေကြပါစေ။

ကိုဗစ်-၁၉ ကြောင့် လျော့ကျသွားတဲ့စီးပွားရေးကို ပြန်ပြီးမြှင့်တင်နိုင်ဖို့ အားလုံး တက်ညီလက်ညီ စည်းစည်းလုံးလုံးနဲ့ ဆတက်ထမ်းပိုး ယခင်ထက်ကိုပိုပြီး နှစ်ဆ သုံးဆ ကြိုးစားကြမယ်ဆိုရင် လျော့ကျနေတဲ့ စီးပွားရေးတွေ ပြန်ပြီး ပုံမှန်ဖြစ်အောင် တည့်မတ်ပေးနိုင်မှာ ဖြစ်ပါတယ်။

နှစ်သစ်သင်္ကြန်ဆိုတာ အားလုံး ပျော်ရွှင် ကြည်နူးစရာကောင်းတဲ့ မြန်မာတို့ရဲ့ ၁၂ လရာသီပွဲတော်ထဲက တစ်ခုအပါအဝင်ဖြစ်တဲ့ ပွဲတော်ဖြစ်ပါတယ်။ အားလုံးပျော်ပျော်ရွှင်ရွှင်နဲ့ နှစ်စဉ်နှစ်တိုင်း ဆင်နွှဲကြတဲ့ ပွဲတော်ဖြစ်ပါတယ်။ ဒီနှစ်မှာ ကပ်ရောဂါဘေးကြီးကို ဆင်ခြင်နိုင်ဖို့ ကပ်ရောဂါဘေးကနေ ကာကွယ်ဖို့ သင်္ကြန်ပွဲတော် မကျင်းပနိုင်တာကို အားလုံး လက်ခံပေးကြဖို့လိုပါတယ်။ မိမိအိမ်မှာ နေထိုင်ခြင်းအားဖြင့် ကပ်ရောဂါဘေးကနေ ကင်းဝေးမယ်။ ဒီကပ်ရောဂါကိုလည်း တွန်းလှန်နိုင်မယ်ဆိုပြီး ကာကွယ်ခြင်းဖြစ်တဲ့အတွက်ကြောင့် အားလုံးက နားလည်မှုနဲ့ လက်ခံပေးကြပါလို့ ပြောချင်ပါတယ်။

## မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား ၁၅၀၀ ကျော် လွတ်မြောက်

**နေပြည်တော် မေ ၁၇**

၁၃၈၂ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အရ မြန်မာနိုင်ငံ ဒေသအသီးသီးရှိ အကျဉ်းထောင်များမှ အကျဉ်းသားများအား လွှတ်ပေးလျက်ရှိရာ မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၂၉၃ ဦးနှင့် အကျဉ်းသူ ၂၅၈ဦး စုစုပေါင်း ၁၅၅၁ ဦးနှင့် နိုင်ငံခြားသားအကျဉ်းသား ၁၈ ဦး၊ နိုင်ငံခြားသားအကျဉ်းသူ တစ်ဦး စုစုပေါင်း ၁၉ ဦးအား ယနေ့တွင် လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများ အပြန်ခရီးတွင် စားသောက်နိုင်ရန် အစားအစာနှင့် ရေတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က လာရောက်လှူဒါန်းပြီး အကျဉ်းဦးစီးဌာနက ၎င်းတို့ရရှိမည့် အကျိုးခံစားခွင့် လမ်းစရိတ်နှင့် ကျန်းမာရေးဆိုင်ရာ မှတ်တမ်းများကို ထုတ်ပေးခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်နေချိန်ဖြစ်၍ မော်တော်ယာဉ်လိုင်းများ ဝင်ထွက်ခွင့်ကို ပိတ်ပင်ထားရာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသူများကို မြို့နယ်အလိုက် စုရပ်တစ်နေရာတွင် စုစည်းပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပူးပေါင်းအဖွဲ့ ဖွဲ့စည်းပြီး နေရပ်ဒေသများသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။ **အေးမြ (မန္တလေး)**

## တောင်ငူအကျဉ်းထောင်နှင့် (၄)မိုင်ရဲဘက်အကျဉ်းစခန်းမှ အကျဉ်းသား ၃၃၅ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ



**တောင်ငူ မေ ၁၇**

မြန်မာနှစ်သစ်ကူးနေ့အထိမ်းအမှတ် နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အကျဉ်းထောင်/စခန်းအသီးသီးမှ အကျဉ်းသား အကျဉ်းသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့ရာ တောင်ငူအကျဉ်းထောင်နှင့် (၄) မိုင်ရဲဘက်အကျဉ်းစခန်းမှ အကျဉ်းသား ၃၅၅ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိကြောင်း သိရသည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် တောင်ငူအကျဉ်းထောင်မှ အကျဉ်းသား ၁၇၂ ဦး၊ အကျဉ်းသူ ၂၉ ဦး၊ တောင်ငူမြို့နယ် (၄) မိုင်ရဲဘက်အကျဉ်းစခန်းမှ ၁၅၄ ဦး စုစုပေါင်း ၃၅၅ ဦးကို ယနေ့ နံနက် ၁၁ နာရီခွဲက တစ်သုတ်ချင်းစီခွဲကာ လွှတ်ပေးခဲ့ခြင်းဖြစ်ပြီး ပြန်လည်လွတ်မြောက်လာသည့် အကျဉ်းသား အကျဉ်းသူများအား ကိုဗစ်-၁၉ ကြောင့် သွားလာရေးအတွက် သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိသူများက မော်တော်ယာဉ်များနှင့် လိုက်လံပို့ဆောင်ပေးခဲ့သည်။ ရပ်ဝေးပြန်ကြမည့် အကျဉ်းသား ၁၄၀ ကို တောင်ငူဘူတာကြီးသို့ ပို့ဆောင်ပြီး ထမင်းဘူး၊ ရေသန့်ဘူးနှင့် နှာခေါင်းစည်းများကို စေတနာရှင်အလှူရှင်များက ပေးဝေခဲ့ကြောင်း သိရသည်။

**သူရ (တောင်ငူ)**

## မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၅၃၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ

**မြိတ် မေ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် မေ ၁၇ ရက်က မြိတ်မြို့ရှိ မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား/သူ စုစုပေါင်း ၅၃၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရခဲ့ကြောင်း သိရသည်။

မြိတ်အကျဉ်းထောင်မှ အကျဉ်းသား ၃၂၉ ဦး၊ အကျဉ်းသူ ၃၃ ဦး စုစုပေါင်း ၃၆၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာ၌ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မျိုးမြင့်နှင့် အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမိုးရွှေတို့က လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများအား မြိတ်အကျဉ်းထောင်ရှိ ဓမ္မာရုံ၌ ဆုံးမစကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် အကျဉ်းသား အကျဉ်းသူများအား တာဝန်ရှိသူများက ထောင်လွတ်လက်မှတ်နှင့် စားစရိတ်၊ ခရီးစရိတ်ငွေများ ပေးအပ်ခဲ့ကြသည်။

အလားတူ ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတွင်လည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား ၁၇၂ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုအောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတာဝန်ခံ ဦးဆန်းအောင်တို့က ဆုံးမစကားများ ပြောကြားခဲ့ကြသည်။

မြိတ်မြို့၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများထဲမှ ထားဝယ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် နေထိုင်ကြသူများကို ခရီးသည်တင်ယာဉ်ဖြင့် လည်းကောင်း၊ မြိတ်မြို့၌ နေထိုင်ကြသူတချို့ကို အကျဉ်းဦးစီးဌာနမော်တော်ယာဉ်ဖြင့် လည်းကောင်း လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## မြင်းခြံအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား၊ အကျဉ်းသူများ လွှတ်ပေး

**မြင်းခြံ မေ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံအကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများအနက် မြန်မာ့နှစ်သစ်ကူးအခါသမယ အထိမ်းအမှတ်အဖြစ် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့သည့် အကျဉ်းသား ၅၀၆ ဦးအား လွှတ်ပေးခြင်းကို မေ ၁၇ ရက် နံနက်ပိုင်းက စတင်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မြင်းခြံအကျဉ်းထောင်မှ လွတ်မြောက်လာသော အကျဉ်းသားများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့်က ကောင်းမွန်စွာနေထိုင်လုပ်ကိုင်စားသောက်ကြစေလိုကြောင်း၊ နိုင်ငံတော်၏စေတနာကို အသိအမှတ်ပြု၍ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားချိန်ကာလတွင် ထုတ်ပြန်ထားသောအမိန့်များ၊ ဒေသန္တရအမိန့်များကိုလိုက်နာပေးစေလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်လက်မှတ်များ ပေးအပ်ခဲ့ကြသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသော မြင်းခြံအကျဉ်းထောင်မှ အကျဉ်းသား ၄၂၆ ဦး၊ အကျဉ်းသူ ၈၀ စုစုပေါင်း ၅၀၆ ဦးရှိကာ နယ်ဝေးပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအား မော်တော်ယာဉ်များဖြင့် မန္တလေးဘူတာကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

**ကိုကျော်စွာ (ပြန်/ဆက်)**



## ကျောက်ဖြူအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၈၀ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

**ကျောက်ဖြူ မေ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် ကျောက်ဖြူမြို့ ကျောက်ဖြူအကျဉ်းထောင်ရှိ အကျဉ်းသား အကျဉ်းသူ ၁၈၀ ယနေ့ နံနက်ပိုင်းက လွတ်ငြိမ်းခွင့်ရရှိကြောင်း သိရသည်။

အဆိုပါလွတ်ငြိမ်းခွင့်ပေးရာတွင် ကျောက်ဖြူမြို့မှ ၄၀၊ ရမ်းဗြဲမြို့နယ်မှ ၁၁ ဦး၊ မာန်အောင်မြို့နယ်မှ ၁၀ ဦး၊ တောင်ကုတ်၊ ပြည်၊ ရေဝတီမှ ၁၁ ဦး၊ အမ်း၊ မကွေး၊ ကျောက်မဲ၊ ရေနံချောင်းမှ ၃၀ ၊ မောင်တော၊ ဘူးသီးတောင်၊ စစ်တွေ၊ မြေပုံ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ မြောက်ဦးတို့မှ ၇၇ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား တစ်ဦး စုစုပေါင်း ၁၈၀ လွတ်ငြိမ်းခွင့်ရကြောင်း သိရသည်။

ကျောက်ဖြူအကျဉ်းထောင်ရှေ့တွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ကြီးကြပ်ကာ ဒေသအသီးသီးသို့ ပြန်ကြရမည့် အကျဉ်းသား အကျဉ်းသူများ အဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဖြိုးဝေလင်း (ပြန်/ဆက်)**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လားရှိုးအကျဉ်းထောင်မှ ၄၁၂ ဦး လွတ်ငြိမ်းခွင့်ရရှိ

**လားရှိုး မေ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် လားရှိုးအကျဉ်းထောင်မှ အကျဉ်းသားအချို့အား ပြန်လည်စေလွှတ်ခဲ့ရာ လားရှိုးအကျဉ်းထောင်မှ စုစုပေါင်း ၄၁၂ ဦးဖြစ်ပြီး တရုတ်နိုင်ငံသား ၇၇ ဦးပါဝင်ကာ အမျိုးသား ၇၁ ဦး၊ အမျိုးသမီး ခြောက်ဦးပါဝင်ကြောင်း သိရသည်။

အဆိုပါနိုင်ငံခြားသား ၇၇ ဦးတို့အပါအဝင် လားရှိုးအကျဉ်းထောင်အတွင်းမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအားလုံးကို လားရှိုး မြို့တွင်းမြို့ပြင်ယာဉ်လိုင်းများ ပူးပေါင်းပါဝင်လျက် သက်ဆိုင်ရာမြို့များအရောက် ကူညီပို့ဆောင်ပေးနေမှုများ၌ လားရှိုး၊ မူဆယ်၊ မိုင်းရယ်၊ တန့်ယန်း အစရှိသော ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့များပါဝင်ကာ လားရှိုးမြို့ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှုကာ လိုအပ်သည်များ ပံ့ပိုးကူညီပေးခဲ့ကြသည်။

ထို့ပြင် လားရှိုးမြို့မှ ပြစ်ဒဏ်ကျခံနေရသူများ ပြန်လည်လွတ်လာခြင်းကို ၎င်းတို့၏မိသားစုများက လားရှိုးအကျဉ်းထောင်ရှေ့၌ လာရောက်ကြိုဆိုနေကြပြီး လူမှုကူညီရေးအသင်းများကလည်း နှာခေါင်းစည်းများ လိုက်လံပေးဝေလျက်ရှိနေသည်။

ထို့အတူ နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်လာသူ တရုတ်နိုင်ငံသားများအား မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ သက်ဆိုင်ရာ တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်ဌေး (လားရှိုး)**

## တမူးခရိုင် မြို့သစ်မြို့၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား ၅၄၄ ဦး လွတ်မြောက်

**တမူး မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့ရှိ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများအား နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် မေ ၁၇ ရက်က စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းခွင့်ပြုခဲ့ရာ မြို့သစ်မြို့အကျဉ်းစခန်းမှ ၁၄၀၊ ဗန္ဓုလအကျဉ်းစခန်းမှ ၁၂၁ ဦး၊ သနန်အကျဉ်းစခန်းမှ ၁၃၆ ဦး၊ အုတ်ဖိုကန်ဘောင်(ဝက်ရှူ)အကျဉ်းစခန်းမှ ၁၄၇ ဦး စုစုပေါင်း ၅၄၄ ဦး လွတ်မြောက်ခဲ့ကြောင်း သိရသည်။

**ထွန်းမင်းအောင် (ကဘော်မြေ)**

## ရွှေဘိုအကျဉ်းထောင်မှ ၃၀၆ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ

**ရွှေဘို မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် ရွှေဘိုအကျဉ်းထောင်မှ အကျဉ်းသား ၃၀၆ ဦးအား မေ ၁၇ ရက် နံနက်ပိုင်းက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း သိရသည်။

ရွှေဘိုအကျဉ်းထောင်မှ အကျဉ်းသား ၂၇၄ ဦးနှင့် အကျဉ်းသူ ၃၂ ဦး စုစုပေါင်း ၃၀၆ ဦးမှာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

ရွှေဘိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား အကျဉ်းသူများအား နိုင်ငံတော်အစိုးရ၏ စေတနာကို သိရှိနားလည်ပြီး နိုင်ငံအတွက် ကောင်းရာကောင်းကျိုးကို သယ်ပိုးနိုင်သူများအဖြစ် နေထိုင်သွားကြရန်နှင့် ဘဝကိုတန်ဖိုးရှိရှိ ဖြတ်သန်းနေထိုင်သွားရန် စသည်ဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။

လွတ်မြောက်ခွင့်ရ အကျဉ်းသား၊ အကျဉ်းသူများ မိမိနေရပ်ပြန်ရန်အတွက် ရွှေဘို-မြစ်ကြီးနားခရီးစဉ်ကို ရထားဖြင့် လည်းကောင်း၊ ရွှေဘို-မန္တလေးခရီးစဉ်ကို မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ ရွှေဘို-ကလေးခရီးစဉ်ကို မော်တော်ယာဉ်ဖြင့် လည်းကောင်း စီစဉ်ဆောင်ရွက်ထားကြောင်း ရွှေဘိုအကျဉ်းထောင် တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအေးက ပြောသည်။

**မိုးသောက် (ရွှေဘို)**

✳ *ကျောဖုံးမှ*

နယ်ဝေးပြန်မည့်သူများအတွက် မြန်မာ့မီးရထားဖြင့် ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ပြည်၊ ရန်ကုန်-ရွှေညောင် ခရီးစဉ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ယနေ့ ပြန်လည်လွတ်မြောက်လာသူ လှိုင်သာယာမြို့နယ် အမှတ် (၁၄) ရပ်ကွက်နေ ကိုအောင်မြင့်သူက ''မူးယစ်ဆေးဝါးမှုနဲ့ ငါးနှစ်ကျတာပါ။ ပြစ်ဒဏ်အားဖြင့် အချုပ်ရော၊ အကျရော ကိုးလလောက်ကြာခဲ့ပါတယ်။ နိုင်ငံတော်က အခုလိုလွတ်ငြိမ်းခွင့်ပေးတာ အတိုင်းမသိ ပျော်ရွှင်ပါတယ်။ အပြင်မှာလည်း ကပ်ရောဂါဖြစ်ပွားနေတာဆိုတော့ ဘယ်မှမသွားရဲဘူး။ အခုလက်ရှိဖြစ်ပေါ်နေတဲ့ ကပ်ရောဂါကြီး အမြန်ဆုံးပျောက်ကင်းပြီးတော့ ကျွန်တော်တို့တွေ ပျော်ပျော်ရွှင်ရွှင်နေချင်တယ်။ အခြားအကျဉ်းသားတွေလည်း အမြန်ဆုံးလွတ်မြောက်ပါစေလို့ ဆုတောင်းပါတယ်'' ဟု ပြောသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်မှ ယနေ့ပြန်လည်လွတ်မြောက်လာသူ အကျဉ်းသား၊ အကျဉ်းသူများအား တပ်မတော်ဆေးတပ်ဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့က ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခဲ့သည့်အပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

လက်ရှိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလတွင် အင်းစိန်ဗဟိုအကျဉ်းထောင်အနေဖြင့် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများအား နေ့စဉ် ကျန်းမာရေးစောင့်ကြည့်စစ်ဆေးမှုများ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများနှင့် လက်တွေ့လိုက်နာဆောင်ရွက်နိုင်ရန်တို့အတွက် လိုအပ်သည့် ကျန်းမာရေးဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ကြသည်။ **ဇော်ကြီး (ပဏ္ဍိတ)**

# ဂျပန်၌ ကိုရိုနာဗိုင်းရပ်စ် အရေးပေါ်အခြေအနေကြေညာချက်ထုတ်ပြန်သည့် ဧရိယာကို တစ်နိုင်ငံလုံးအတိုင်းအတာအထိအကျုံးဝင်အောင် တိုးချဲ့သွားမည်

**တိုကျို ဧပြီ ၁၇**

ဂျပန်နိုင်ငံ၏ စီရင်စုခေါင်းဆောင်များက ဗဟိုအစိုးရကို ပြည်သူများအနေဖြင့် စီရင်စုတစ်ခုမှ တခြားစီရင်စုတစ်ခုသို့ ခရီးသွားလာခြင်းမပြုလုပ်ရန် ဆောင်ရွက်ချက်များ ချမှတ်စေချင်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဧပြီ ၁၇ ရက်က ဖော်ပြလိုက်သည်။

ခရိုင်အုပ်ချုပ်ရေးမှူး သို့မဟုတ် မြို့တော်ဝန် ၃၀ သည် ဧပြီ ၁၇ ရက်က ကျင်းပခဲ့သော အမျိုးသားအဆင့် အုပ်ချုပ်ရေးမှူးများ သို့မဟုတ် မြို့တော်ဝန်များအဖွဲ့ အွန်လိုင်းအစည်းအဝေးသို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဗဟိုအစိုးရသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုနှင့်ပတ်သက်သည့် အရေးပေါ်အခြေအနေကြေညာချက်ထုတ်ပြန်သည့် ဧရိယာကို တစ်နိုင်ငံလုံးအတိုင်းအတာအထိ အကျုံးဝင်အောင် တိုးချဲ့ရန် စဉ်းစားနေကြောင်း သိရသည်။

အစိုးရသည် ဧပြီ ၇ ရက်တွင် တိုကျိုနှင့် တခြားခရိုင် ခြောက်ခုကို အရေးပေါ်အခြေအနေကြေညာခဲ့သည်။ သို့သော်လည်း အဲဒီနောက်ပိုင်းမှစကာ တခြားခရိုင်များတွင်လည်း ကူးစက်မှုများ ဆက်ပြီးမြင့်တက်လာနေကြောင်း သိရသည်။

အိုဆာကာ မြို့တော်ဝန် ယိုရှီမူရာ ဟီရိုဖူမီက သူ့စီရင်စုတွင် စီးပွားရေးလုပ်ငန်းများကို ပိတ်ထားခိုင်းကြောင်း၊ သို့သော်လည်း ဒေသခံများသည် ဂျပန်အားကစားပွဲများ ကျင်းပရာ အိမ်နီးချင်းနာရာနှင့် ဝါကာယာမာစီရင်စုများသို့ သွားနေကြောင်း၊ သူ့အနေဖြင့် မိမိစီရင်စုရှိ ပြည်သူများကို အခြားစီရင်စုများသို့ သွားလာခြင်းမပြုရန် တိုက်တွန်းပြောကြားထားကြောင်း၊ မိမိအနေဖြင့် ဗဟိုအစိုးရကို စီးပွားရေးလုပ်ငန်းငယ်ပိုင်ရှင်များအား ငှားရမ်းခများ ရွှေ့ဆိုင်းပေးစေချင်ကြောင်း ပြောကြားလိုက်သည်။

ဟော့ကိုင်းဒိုးမြို့တော်ဝန် ဆူဇူကီးနိုမီချီက ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအနေဖြင့် ပြည်သူများကို မိမိတို့ စီရင်စုမှ အခြားစီရင်စုများသို့ ခရီးသွားလာခွင့်မပြုလုပ်ရန် တိုက်တွန်းထားပြီဖြစ်ကြောင်း၊ သို့သော်လည်း တချို့မေတ္တာရပ်ခံတိုက်တွန်းမှုများသည် မထိရောက်ကြောင်း၊ တိုကျိုလေဆိပ်တွင် ကိုဗစ်-၁၉ သံသယရှိလူနာများကို လေယာဉ်ပေါ်တက်ခွင့် တားဆီးလိုက်သလို တခြားအများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်လည်း ထိုသို့လုပ်ဆောင်စေချင်ကြောင်း ပြောကြားလိုက်သည်။

အိုင်ချီမြို့တော်ဝန် အိုမူရာဟိုင်ဒေးကီက သူ့အနေဖြင့် ဖျော်ဖြေပွဲများကို သောကြာနေ့မှစကာ ပိတ်ထားရန် တိုက်တွန်းပြောကြားသွားမည်ဖြစ်ကြောင်း၊ တောင်းဆိုမှုကို လိုက်နာဆောင်ရွက်သူများအား ထောက်ပံ့ကြေးငွေ အမေရိကန် ဒေါ်လာ ၄၆၀၀ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ ဗဟိုအစိုးရအနေဖြင့်လည်း စီးပွားရေးရပ်ဆိုင်းထားသော စီးပွားရေးလုပ်ငန်းရှင်များကိုလည်း ထောက်ပံ့မှုများ ပြုလုပ်ပေးစေချင်ကြောင်း၊ ခရီးသွားလာခြင်းကို မပြုလုပ်ဘဲရှောင်ကြဉ်စေချင်ကြောင်း ပြောကြားလိုက်သည်။




မြို့တော်ဝန်များ အွန်လိုင်းအစည်းအဝေး လုပ်ဆောင်နေကြစဉ်။

အလားတူ တခြားမြို့တော်ဝန်များကလည်း ၎င်းတို့၏ လုပ်ဆောင်မည့် အစီအမံများကို တင်ပြညှိနှိုင်းကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံ၏ စီးပွားရေး ၆ ဒသမ ၈ ရာခိုင်နှုန်းအထိ ကျုံ့လာ

**ပေကျင်း ဧပြီ ၁၇**

ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေသည့်ကာလတရုတ်နိုင်ငံ၏ စီးပွားရေးသည် ယခုနှစ် ပထမလေးလပတ်အတွင်း ကျုံ့လာကြောင်း၊ ယခုကဲ့သို့ စီးပွားရေး ကျုံ့လာခြင်းသည် ၁၉၉၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ စာရင်းအင်းဆိုင်ရာအမျိုးသားဗျူရိုက တရုတ်နိုင်ငံ၏ စီးပွားရေးသည် ယမန်နှစ်နှင့်နှိုင်းယှဉ်လျှင် ယခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ကာလအတွင်း ၆ ဒသမ ၈ ရာခိုင်နှုန်းအထိ ကျုံ့လာကြောင်း ဖော်ပြထားသည်။ ယခုစာရင်းဖော်ပြမှုသည် လွန်ခဲ့သောနှစ် ယခုလိုကာလစာရင်းဖော်ပြမှုထက် ၁၂ ဒသမ ၈ ရာခိုင်နှုန်း လျော့နည်းကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ဟူပေပြည်နယ် ဝူဟန်မြို့ကို လွန်ခဲ့သော ဇန်နဝါရီလက အဝင်အထွက်ပိတ်ဆို့ခဲ့သည်။ အဆိုပါ နေရာသည် ကိုဗစ်-၁၉ စတင်ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့ဖြစ်ပွားမှုကို ထိန်းသိမ်းရန် တစ်နိုင်ငံလုံးရှိ ပြည်သူများ၏ လှုပ်ရှားမှုများနှင့် စီးပွားရေးဆောင်ရွက်ချက်များအားလုံးကို ထိန်းချုပ်ခဲ့သည်။

ပထမလေးလပတ် အတွင်း ရောင်းချရသော ကားစီးရေသည် လွန်ခဲ့သောနှစ် ယခုလိုကာလနှင့် နှိုင်းယှဉ်လိုက်လျှင် ၄၀ ရာခိုင်နှုန်းထက်မနည်း ကျဆင်းခဲ့သည်။

နှာခေါင်းစည်းနှင့် ဆေးဝါးထုတ်လုပ်သည့် စက်ရုံများမှ လွဲလျှင် တခြားစီးပွားရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများအားလုံး ကိုဗစ်-၁၉ ကြောင့် စီးပွားရေးဆိုးကျိုးများ ဖြစ်ပေါ်ခဲ့သည်။

ထို့အတူ အရေးကြီးသည့် တည်ဆောက်မှု လုပ်ငန်းများကိုလည်း ရပ်ဆိုင်းထားရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



တရုတ်နိုင်ငံ၏ ဈေးတစ်ခုတွင် ဈေးဝယ်သူများနှင့် ဈေးရောင်းနေသူများကို တွေ့ရစဉ်။

# အမေရိကန်၏အကူအညီများကို ပါလက်စတိုင်း ငြင်းဆန်

**ရာမာလာ ဧပြီ ၁၇**

ပါလက်စတိုင်းက အမေရိကန်အစိုးရထံမှ မည်သည့် ဘဏ္ဍာရေးဆိုင်ရာ အကူအညီမှ လက်ခံရယူသွားမည် မဟုတ်ကြောင်း ဧပြီ ၁၇ ရက်က ပြောကြားလိုက်သည်။ နှစ်နိုင်ငံဆက်ဆံရေးကိုလည်း ရပ်ဆိုင်းထားကြောင်း သိရသည်။

ပါလက်စတိုင်း အစိုးရပြောရေးဆိုခွင့်ရှိသူ အီဘရာဟင်မယ်လ်ဟမ်က ရာမာလာမြို့တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် မိမိတို့အနေဖြင့် အမေရိကန်အစိုးရထံမှ မည်သည့်ငွေကြေးအထောက်အပံ့မှ ရယူသွားမည်မဟုတ်ကြောင်းနှင့် အမေရိကန်ပြည်ထောင်စုနှင့် အဆက်အဆံလုပ်ဆောင်သွားမည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။

အစ္စရေးနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဖရက်မ်မင်းန်၏ မှတ်ချက်တွင် အမေရိကန်နိုင်ငံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့် ကာလတွင် ပါလက်စတိုင်းဆေးရုံများနှင့် မိသားစုများကို အမေရိကန်ဒေါ်လာ ငါးသန်းထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြောကြားလိုက်ပြီးနောက် ပါလက်စတိုင်းအစိုးရ ပြောရေးဆိုခွင့်ရှိသူ မယ်လ်ဟမ်၏ ယခုလို မှတ်ချက်ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂျေရုဆလင်ကို အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးနောက် ၂၀၁၇ နှောင်းပိုင်းတွင် ပါလက်စတိုင်း အာဏာပိုင်များက အမေရိကန်အစိုးရနှင့် နိုင်ငံရေးဆိုင်ရာ အဆက်အသွယ် ဖြတ်တောက်ခဲ့သည်။

ထိုအချိန်မှစ၍ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ပါလက်စတိုင်း အာဏာပိုင်များနှင့် ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် အလုပ်အကိုင်အေဂျင်စီသို့ ထောက်ပံ့ပေးနေမှုများကို ရပ်ဆိုင်းခဲ့ကြောင်းသိရသည်။

**ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထပ်မံသေဆုံးသူ ၁၅ ဦးရှိလာ

**ဒါကာ ဧပြီ ၁၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဧပြီ ၁၇ ရက်က ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထပ်မံသေဆုံးသူဦးရေ ၁၅ ဦးအထိ မြင့်တက်လာကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ကျန်းမာရေးအရာရှိများက နောက်ထပ် ၁၅ ဦးသေဆုံးကြောင်း အတည်ပြုခဲ့ပြီးနောက် မတ် ၁၈ ရက်မှစကာ သေဆုံးသူစုစုပေါင်းသည် ၇၅ ဦးအထိရောက်လာကြောင်း ကျန်းမာရေးဝန်ကြီး ဇာဟစ်မလိခ်က အွန်လိုင်းသတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

ထို့အတူ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာပေါင်းမှာလည်း လွန်ခဲ့သော ၂၄ နာရီအတွင်းက ထပ်မံအတည်ပြုခဲ့သော ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူပေါင်း ၂၆၆ ဦးအပါအဝင် ယခုအခါတွင် ၁၈၃၈ ဦးအထိ မြင့်တက်လာခဲ့ပြီဖြစ်ကြောင်း ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးက လွန်ခဲ့သော ၂၄ နာရီအတွင်း လူပေါင်း ၂၁၉၀ အား ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးပေးခဲ့ကြောင်း ပြောကြားလိုက်သည်။

**ဆင်ဟွာ**

## ယူကရိန်းနိုင်ငံတွင် စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာ ၄၆၆၂ ဦးရှိ

**ကီယက်ဗ် ဧပြီ ၁၇**

ယူကရိန်းနိုင်ငံ၌ ဧပြီ ၁၇ ရက်က လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်အတည် ပြုလူနာပေါင်း ၅၀၁ ဦးရှိခဲ့ပြီး စုစုပေါင်း အတည်ပြုလူနာပေါင်း ၄၆၆၂ ဦးအထိမြင့်တက်လာကြောင်း သိရသည်။

ဧပြီ ၁၇ ရက်အထိ ယူကရိန်းနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူပေါင်း ၁၂၅ ဦးရှိခဲ့ပြီး နေပြန်ကောင်းလာသူပေါင်း ၂၄၆ ဦးအထိရှိခဲ့သည်။

ဧပြီ ၁၆ ရက်အထိ ယူကရိန်း ကျန်းမာရေးဝန်ထမ်း ၇၈၈ ဦး ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ကြောင်းနှင့် ကျန်းမာရေးဝန်ကြီး မက်ဆန်စတီဖနေ့ဇ်က ကျန်းမာရေးဝန်ထမ်းများ ရောဂါကူးစက်ခံရမှုမှ ကာကွယ်ရန်သည်လည်း ပထမဆုံးဦးစားပေးကိစ္စဖြစ်ကြောင်း ပြောကြားခဲ့သည်။

မတ် ၂၅ ရက်က ယူကရိန်းနိုင်ငံတွင် တစ်နိုင်ငံလုံးအရေးပေါ်အခြေအနေကို ကြေညာခဲ့ပြီး ယင်းကြေညာချက်သည် ဧပြီ ၂၄ ရက်အထိ အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် ဗြိတိန်တွင် ပိတ်ဆို့ကန့်သတ်မှုကို နောက်ထပ်သုံးပတ် တိုးမြှင့်

**လန်ဒန် ဧပြီ ၁၇**

ဗြိတိန်နိုင်ငံတွင် ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် ပိတ်ဆို့ကန့်သတ်မှုများကို နောက်ထပ် ရက်သတ္တပတ်သုံးပတ်ကြာ တိုးမြှင့်လိုက်ကြောင်း ဗြိတိန်အစိုးရက ကြေညာခဲ့သည်။

ပိတ်ဆို့ကန့်သတ်ထားမှုများကို ဖယ်ရှားလိုက်ခြင်းဖြင့် ဗိုင်းရပ်စ်ပြန်လည်ကူးစက်ရန် အလားအလာများကြောင်း နိုင်ငံခြားရေးဝန်ကြီး ဒိုမနစ်ရက်ဗ်က ပြောကြားခဲ့သည်။ ပိတ်ဆို့ကန့်သတ်ထားမှုများကိုဖြေလျှော့ပေးလိုက်ခြင်းဖြင့် အခြေအနေကို ပိုမိုဆိုးရွားလာစေနိုင်သည်ဟု အစိုးရက သုံးသပ်ကြောင်း သတင်းထောက်များကို နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံတွင် ပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ကြောင်း မတ် ၂၃ ရက်တွင် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ကြေညာခဲ့ပြီး ဗိုင်းရပ်စ်ပျံ့နှံ့မှုများမှာ ဆေးရုံများနှင့် စောင့်ကြည့်ရေးစင်တာများတွင် ဆက်လက်ရှိနေဆဲဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ပိတ်ဆို့ကန့်သတ်မှုများကို ဖြေလျှော့ပေးရန် အခြေအနေ ငါးခုလိုအပ်ကြောင်း၊ ပထမအချက်မှာ ဆေးရုံများတွင် နေရာလွတ်ရှိရမည်ဖြစ်ပြီး ဒုတိယအချက်မှာ သေနှုန်း လျော့ကျလာရမည် ဖြစ်သည်။

တတိယအချက်မှာ ကူးစက်ခံရမှုနှုန်းမှာ လျော့ကျလာပြီး ထိန်းချုပ်နိုင်သည့် အခြေအနေရှိလာပြီဟု ယုံကြည်စိတ်ချရသည့် အချက်အလက်ရှိရမည်ဖြစ်ပြီး စတုတ္ထအချက်မှာ ဗြိတိန်နိုင်ငံတွင် လုံလောက်သည့်စမ်းသပ်မှုများ၊ ပီပီအီး ဝတ်စုံများ လုံလောက်စွာရှိရမည်ဖြစ်သည်။

နောက်ဆုံးအချက်မှာ အမျိုးသားကျန်းမာရေးဝန်ဆောင်မှုကို လွှမ်းခြုံနိုင်ရမည်ဟု ဖြစ်သည်။

**ဆင်ဟွာ**



လူရှင်းလင်းနေသည့် လန်ဒန်မြို့ရှိ ဘူတာတစ်ခုကို တွေ့ရစဉ်။

# တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူစာရင်းကို ပြင်ဆင်

**ပေကျင်း ဧပြီ ၁၇**

တရုတ်နိုင်ငံ ဝူဟန်မြို့မှ အာဏာပိုင်များသည် ကိုဗစ် - ၁၉ကြောင့် သေဆုံးသူ စာရင်းကို ပြင်ဆင်မှုပြုလုပ်ခဲ့ပြီး ဝူဟန်မြို့မှ တရားဝင်ထုတ်ပြန်သည့်သေဆုံးသူ စာရင်းမှာ ၃၈၆၉ ဦးအထိ မြင့်တက်သွားခဲ့သည်။

မြို့တော် အထူးလုပ်ငန်းတာဝန်အဖွဲ့၏ ဧပြီ ၁၇ ရက် ကြေညာချက်များအရ ယခင် သေဆုံးသူစာရင်း ၂၅၇၉ ဦးတွင် နောက်ထပ် ၁၂၉၀ ထပ်ပေါင်းခဲ့သည်။

ကူးစက်ခံရသူစာရင်းတွင်လည်း နောက်ထပ်လူပေါင်း ၃၂၅ ဦး ထပ်ပေါင်းခဲ့ပြီး စုစုပေါင်း ၅၀၃၃၃ ဦးဟု ပြင်ဆင်ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ ဟူပေပြည်နယ်ရှိ ဝူဟန်မြို့မှာ ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားရာ ဗဟိုချက်မဖြစ်ပြီး အထူးလုပ်ငန်းတာဝန်အဖွဲ့က ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများ၊ ရပ်ကွက်အသင်းအဖွဲ့များ၊ အသုဘ ဝန်ဆောင်မှုစနစ်များကို ပြန်လည်သုံးသပ်မှုပြုခဲ့ခြင်းဖြစ်သည်။

ယခင်ထုတ်ပြန်ခဲ့သည့် သေဆုံးသူ စာရင်းတွင် အိမ်မှာနေရင်း ဆေးကုသမှု မခံယူဘဲ သေဆုံးသွားရသူများကို ထည့်တွက်ထားခြင်းမရှိကြောင်း၊ ဆေးရုံဝန်ထမ်းများမှာလည်း အချို့သော အချက်အလက်များကို စာရင်းပြုစုထားရန် ပျက်ကွက်ခဲ့သည်ဟု ဖော်ပြထားသည်။

သို့သော် ကိုဗစ်-၁၉ အပြင်းအထန် ဖြစ်ပွားနေစဉ်အတွင်း ဝူဟန်မြို့ ကျန်းမာရေးစနစ်မှာ ပျက်ယွင်းနေသည့်အတွက် တချို့သော သေဆုံးသွားသည့် လူနာများတွင် ကိုဗစ်-၁၉ ရှိမရှိ စစ်ဆေးနိုင်ခြင်း မရှိခဲ့ပေ။

ထို့ကြောင့် ယခုပြင်ဆင်ထားသည့် စာရင်းတွင် အဆိုပါသေဆုံးသွားသည့် လူနာအရေအတွက်ကို ထည့်သွင်း ရေတွက်နိုင်ဦးမည်မဟုတ်ပေ။ ဧပြီ ၃ ရက်မှ စတင်ကာ ဝူဟန်မြို့တွင် နောက်ထပ်ကူးစက်ခံရသူ ထပ်တိုးလာခဲ့ခြင်း မရှိပေ။

ဝူဟန်မြို့ကို နှစ်လခွဲကျော်ကြာ ပိတ်ဆို့ထားခဲ့ပြီးနောက် ဧပြီ ၈ ရက်တွင် ပိတ်ဆို့ထားမှုများကို ဖယ်ရှားပေးခဲ့သည်။ **အင်န်အိတ်ချ်ကေ**



ဝူဟန်မြို့ အထူးကြပ်မတ်ကုသဆောင်တွင် တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးလုပ်သားများကို ဖေဖော်ဝါရီ ၂၄ ရက်က တွေ့ရစဉ်။

# တောင်ကိုရီးယားတွင် ကိုဗစ် -၁၉ ပျောက်ကင်းပြီးနောက် ဗိုင်းရပ်စ်ပြန်လည်တွေ့ရှိသူ ၁၆၃ ဦးအထိ တိုးလာ

**ဆိုးလ် ဧပြီ ၁၇**

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ် -၁၉ ပျောက်ကင်းသွားသဖြင့် ကန့်သတ်စောင့်ကြည့်ရေးစင်တာများမှ ပြန်လွှတ်ပေးပြီးနောက် ဗိုင်းရပ်စ်ပြန်လည်တွေ့ရှိသူ ဦးရေမှာ ၁၆၃ ဦးအထိ တိုးလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ဧပြီ ၁၇ ရက်တွင် ပြောကြားခဲ့သည်။ ရောဂါပျောက်ကင်းပြီးနောက် ဆေးရုံမှ ဆင်းသွားသူ ၇၈၂၉ ဦးတွင် ဗိုင်းရပ်စ်ပိုးပြန်တွေ့သူ ၁၆၃ ဦးရှိပြီး ၂ ဒသမ ၁ ရာခိုင်နှုန်း ရှိသည်ဟု ကိုရီးယားရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (KCDC) က ပြောကြားခဲ့သည်။

ရောဂါပျောက်ကင်းပြီးနောက် ဗိုင်းရပ်စ် ပြန်လည်တွေ့ရှိသူများထံမှ နောက်ထပ် ကူးစက်ခံရသူမရှိသေးကြောင်းလည်း သိရသည်။ မည်သည့်အတွက်ကြောင့် ဗိုင်းရပ်စ်ပြန်လည်တွေ့ရှိရသည့်အကြောင်းကို ကူးစက်ရောဂါနှင့်လက်တွေ့ကုသရေးမှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

တချို့သောဆဲလ်များတွင် ကျန်ရှိနေသေးသည့် ဗိုင်းရပ်စ်ပိုးမှာ ပြန်လည်ရှင်သန်လာခြင်းဖြစ်သည်ဟု KCDC က ယူဆထားသည်။

ထို့ကြောင့် စောင့်ကြည့်ကန့်သတ်ရေးစင်တာမှ ပြန်လွှတ်ပေးပြီးနောက် မကြာမီအချိန်အတွင်း ဗိုင်းရပ်စ်ပိုးကိုပြန်လည် စမ်းသပ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့် ၂၄နာရီအတွင်း တောင်ကိုရီးယားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အသစ် ၂၂ဦး ထပ်တိုးခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၁၀၉၃၅ ဦးအထိ ရှိခဲ့သည်။ **ဆင်ဟွာ**



တောင်ကိုရီးယားတွင် ကိုဗစ်-၁၉ ကူးစက်ခံရခြင်း ရှိ မရှိ စစ်ဆေးပေးနေစဉ်။

# အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူအရေအတွက် ၅၀၀ ကျော် ရှိလာ

**ဂျကာတာ ဧပြီ ၁၇**

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူအရေအတွက်မှာ ဧပြီ ၁၇ ရက်တွင် ၂၄ ဦးထပ်တိုးခဲ့ရာ စုစုပေါင်းသေဆုံးသူအရေအတွက်မှာ ၅၂၀ ရှိသွားပြီဖြစ်သည်။ ယင်းအရေအတွက်မှာ အရှေ့တောင်အာရှတွင် သေဆုံးမှုအများဆုံးအရေအတွက်ပင် ဖြစ်သည်။

### ၄၀၇ ဦး ထပ်တိုး

သတင်းစာရှင်းလင်းပွဲတွင် ကိုဗစ် -၁၉ ကိစ္စရပ်များဆိုင်ရာ အစိုးရပြောရေးဆိုခွင့်ရှိသူ အာမက်ယူရီအန်တို၏ ပြောကြားချက်အရ ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူပေါင်း ၄၀၇ ဦးထပ်တိုးခဲ့ကြောင်း၊ ထို့ကြောင့် စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၅၉၂၃ ဦးအထိရှိလာပြီဖြစ်ကြောင်း သိရသည်။

ထိုစဉ် လူပေါင်း ၅၉ ဦးမှာ ရောဂါသက်သာလာပြီဖြစ်သည့်အတွက် ဆေးရုံမှ ဆင်းသွားနိုင်ပြီဖြစ်ကြောင်း နေပြန်ကောင်းသည့် အရေအတွက်မှာ ၆၀၇ ဦးအထိရှိပြီ ဖြစ်သည်။

### နှာခေါင်းစည်းတပ်ရန် သတိပေး

ကိုဗစ် -၁၉ ကူးစက်မှုဖြစ်ပွားသည့်နေရာများတွင် အာဏာပိုင်များက အလျင်အမြန်စစ်ဆေးမှုများ ပြုလုပ်ပေးနေပြီး ကိုဗစ် -၁၉ ကို နှိမ်နင်းနိုင်ရေးအတွက် ပြည်သူများအပြင်ထွက်သည့်အခါ နှာခေါင်းစည်းများ အမြဲတမ်းဝတ်ဆင်ထားရန် အစိုးရက သတိပေးထားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဗွိဒေး အထိမ်းအမှတ်ချီတက်ပွဲကို ရွှေ့ဆိုင်းရန် သမ္မတပူတင် ညွှန်ကြားထား

**မော်စကို ဧပြီ ၁၇**

ရုရှားသမ္မတဗလာဒီမာပူတင်သည် ကိုဗစ် -၁၉ ဖြစ်ပွားနေမှုများကြောင့် ဒုတိယကမ္ဘာစစ် အောင်နိုင်ခြင်း (၇၅) နှစ်မြောက် အထိမ်းအမှတ် ချီတက်ပွဲ ( ဗွိဒေး)ကို ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း ဧပြီ ၁၆ ရက်က ကြေညာခဲ့သည်။

### ဆက်လက် မြင့်တက်ဆဲ

ကိုဗစ် -၁၉ကြောင့် အန္တရာယ်များသည့်အခြေအနေမှာ ဆက်လက်မြင့်တက်နေဆဲပင်ဖြစ်သည်။ ထို့ကြောင့် ဒုတိယကမ္ဘာစစ် အောင်နိုင်ခြင်း (၇၅) နှစ်မြောက် အထိမ်းအမှတ်ချီတက်ပွဲအတွက် လေ့ကျင့်မှုများပြုလုပ်ရန် မတတ်နိုင်ခဲ့ကြောင်း၊ ထို့ပြင် အခြားသော လူထုပွဲများအတွက်လည်း ကျင်းပရန် မဖြစ်နိုင်သေးကြောင်း သမ္မတပူတင်က တိုင်းပြည်၏လုံခြုံရေး ကောင်စီနှင့်အွန်လိုင်း ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

### ရွှေ့ဆိုင်းရန် ညွှန်ကြား

မော်စကို ရင်ပြင်နီတွင် ချီတက်လေ့ကျင့်မှုအဆင့်တိုင်းကို ရွှေ့ဆိုင်းထားရန် ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂီ ရှိုဂူကို ညွှန်ကြားထားကြောင်း ပူတင်က ပြောကြားခဲ့သည်။

### အရေးအကြီးဆုံးပွဲ

မေ ၉ ရက်တွင် ချီတက်ပွဲနှင့်လူထုပါဝင်သည့် အခမ်းအနားများကို ပြုသွားရန် စီစဉ်ထားခဲ့ခြင်းဖြစ်သည်။ မေ ၉ ရက်တွင် ပြုလုပ်မည့် ချီတက်ပွဲမှာ ရုရှားနိုင်ငံအတွက် အရေးအကြီးဆုံးဟု သတ်မှတ်ထားသည့် ပွဲလည်းဖြစ်သည်။

### နိုင်ငံ့ခေါင်းဆောင်များ ဖိတ်ကြားလေ့ရှိ

ယင်းပွဲသို့ နိုင်ငံတကာမှ ခေါင်းဆောင်များကိုလည်း ဖိတ်ကြားလေ့ရှိသည်။ ယင်းစစ်ရေးပြချီတက်ပွဲ အခမ်းအနားတွင် တပ်ဖွဲ့ဝင် ၁၅၀၀၀နှင့် လက်နက်ကိုင်အဖွဲ့ပေါင်း ၂၂၅ ဖွဲ့၊ တိုက်လေယာဉ် ၁၅၀ တို့ ပါဝင်ရန် စီစဉ်ထားခဲ့သည်။ **ဆင်ဟွာ**

# ဗိုင်းရပ်စ်ကာကွယ်ရေးအတွက် ဆက်လက်ပိတ်ဆို့ထားမလား၊ စီးပွားရှင်သန်ရေးအတွက် ပြန်လည်ဖွင့်လှစ်မှာလား စဉ်းစားရတော့မည့် အီတလီ

*ထွန်းသစ်စ*

မီလန်ရဲ့ ဦးခေါင်းသဖွယ် စီးပွားရေးအရ အရေးပါတဲ့ လွမ်ဘာတီဒေသမှာ ဗိုင်းရပ်စ်ကြောင့်အဝင်အထွက်ပိတ်ဆို့မှုတွေကို အဆုံးသတ်ဖို့နဲ့ စီးပွားရေးတွေ ပြန်လည်ဖွင့်ဖို့ တစ်ကိုယ်တော် ဆန္ဒထုတ်ဖော်မှုပြုလုပ်ခဲ့သူကတော့ အီတလီသူကြွယ်တစ်ဦးဖြစ်သူ အက်တီလို ဖွန်တာနာ ဖြစ်ပါတယ်။




အီတလီနိုင်ငံတွင် ကိုဗစ်-၁၉ ထိန်းသိမ်းရန် အဝင်အထွက်ပိတ်ဆို့ကြောင်း သတင်းထုတ်ပြန်လိုက်ပြီးနောက် ဈေးဝယ်စင်တာတစ်ခုတွင် လူများဈေးဝယ်နေသည်ကို တွေ့ရစဉ်။

## စီးပွားရေးလုပ်ငန်းတွေ ပြန်ဖွင့်ပေးဖို့လို

"တခြားဥရောပနိုင်ငံတွေ အတော်များများမှာလည်း စီးပွားရေးတွေ ပြန်လည်စတင်ဖွင့်နေကြပါပြီ။ မိမိတို့ရဲ့ ရှေ့အနာဂတ်အရေးကိုလည်း စဉ်းစားသင့်တယ်"လို့ တစ်ဦးတည်း ဆန္ဒဖော်ထုတ်သူ အက်တီလို ဖွန်တာနာက ဖေ့စ်ဘွတ်ပေါ်မှာ ပြောထားပါတယ်။

သူ့ရဲ့ အွန်လိုင်းသတင်းစကားဟာ ဗိုင်းရပ်စ်ကြောင့် လူပေါင်း ၂၂၇၀၀ သေဆုံးခဲ့ပြီး စီးပွားရေးကျဆင်းနေတဲ့ အီတလီနိုင်ငံရဲ့ နိုင်ငံရေးကို ပိုမိုဆိုးရွား လာစေပါတယ်။

အီတလီနိုင်ငံရဲ့ ဗိုင်းရပ်စ်ကြောင့် သေဆုံးနှုန်းဟာ အမေရိကန်ရဲ့ လွန်ခဲ့တဲ့ရက်သတ္တပတ်က ဗိုင်းရပ်စ်ကြောင့် သေဆုံးနှုန်း မဖော်ပြခင်အချိန်အထိ ကမ္ဘာမှာ အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ အီတလီနိုင်ငံရဲ့ စီးပွားရေးမှာလည်း အခြေအနေသိပ်မလှပါဘူး။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က အီတလီနိုင်ငံရဲ့ စုစုပေါင်းထုတ်လုပ်နိုင်တဲ့ ပမာဏဟာ အခုနှစ်မှာ ၉ ဒသမ ၁ ရာခိုင်နှုန်းလောက်အထိ ကျုံ့လာမယ်လို့ မျှော်လင့်ထားပါတယ်။ ဒါဟာ ရာစုနှစ်တစ်စုနီးပါးမှာ အဆိုးရွားဆုံး ဖြစ်လာတာပဲဖြစ်ပါတယ်။ အီတလီနိုင်ငံသား သန်းပေါင်းများစွာဟာလည်း ရုတ်တရက်နားနေရတဲ့ ကာလတွေ သို့မဟုတ် အလုပ်လက်မဲ့အခြေအနေတွေ မြင့်တက်လာခဲ့ပါတယ်။ လွမ်ဘာတီဒေသရဲ့ ကြွယ်ဝချမ်းသာသူ ဖွန်တာနာက ဖေ့စ်ဘွတ်က သတင်းစကားပြောကြားတဲ့အခါမှာ သူ့အနေနဲ့ လမ်းပိတ်ဆို့ထားမှုတွေဖယ်ရှားပြီး လွတ်လပ်မှုတွေ ပေးစေချင်တယ်လို့ ဖော်ပြထားပါတယ်။ သူက စီးပွားရေးလုပ်ငန်းတွေအနေနဲ့ တစ်ဦးနဲ့ တစ်ဦးခပ်ခွာခွာပြုမူနေထိုင်ရမယ့် အခြေခံစည်းမျဉ်းစည်းကမ်းတွေကို လိုက်နာသင့်ကြောင်းနဲ့ မေ ၄ ရက် အသွားအလာကန့်သတ်ပိတ်ဆို့မှု ကာလပြီးဆုံးသွားပါက စီးပွားရေးလုပ်ငန်းတွေကို ပြန်လည်ဖွင့်ပေးဖို့လိုကြောင်း ပြောကြားလိုက်ပါတယ်။

## ထပ်မံတိုးမြှင့်မယ်

ဥရောပအစိုးရအများစုဟာ ပြင်းထန်တဲ့သတိပေးချက်တွေနဲ့အတူ သူတို့ရဲ့ အဝင်အထွက်ပိတ်ဆို့မှုတွေကို ဖယ်ရှားပေးဖို့ ချဉ်းကပ်လုပ်ဆောင်နေကြပြီ ဖြစ်ပါတယ်။ ဒိန်းမတ်နိုင်ငံမှာဆိုရင်လည်း ကလေးငယ်တွေအတွက် စာသင်ကျောင်းတွေ ပြန်လည်ဖွင့်လှစ်ပေးလိုက်ပါပြီ။ ဆွစ်ဇာလန်နိုင်ငံမှာလည်း တချို့ဆိုင်တွေနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို ဧပြီ ၂၇ ရက်မှာ ပြန်လည်လုပ်ဆောင်ဖို့ ခွင့်ပြုလိုက်ပါပြီ။

သို့သော်လည်း ဥရောပနိုင်ငံကြီးတွေကတော့ အသွားအလာကန့်သတ်မှုတွေကို နောက်ထပ် ရက်သတ္တပတ် အနည်းငယ်အထိ ထပ်မံတိုးမြှင့်ကြမှာကိုလည်း သိရပါတယ်။

## ရှင်မလား သေမလား

အားမာန်အပြည့်နဲ့ လွမ်ဘာတီဒေသဟာ ဗိုင်းရပ်စ်ပြန့်ပွားလာပြီး တိုက်ခိုက်ခံလိုက်ရတဲ့အခါမှာတော့ အလေးတွေနဲ့အပေါ်က ဖိထားသလိုပဲ မလှုပ်သာ မလှည့်သာ အခြေအနေကို ရောက်နေပါတော့တယ်။ အဲဒီဒေသဟာ ငါးခုမြောက် မြေထဲပင်လယ်နိုင်ငံရဲ့ စီးပွားရေးကို အဆုံးအဖြတ်ပေးနိုင်သလို အီတလီနိုင်ငံရဲ့ အရေးပါတဲ့ ကမ္ဘာ့စီးပွားရေးလုပ်ငန်းတွေ ရုံးစိုက်ရာနေရာလည်း ဖြစ်ပါတယ်။

သို့သော်လည်း အဲဒီဒေသဟာ အီတလီနိုင်ငံမှာဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်သေဆုံးမှု ထက်ဝက်မကလည်း ရှိခဲ့တဲ့ဒေသလည်း ဖြစ်ခဲ့ပါတယ်။ အီတလီအာဏာပိုင်တွေဟာ ဆရာဝန်တွေရဲ့ အကြံပြုချက်တွေကို လိုက်နာလုပ်ဆောင်နေကြပြီး ယခုအခါမှာတော့ ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်မှုနှုန်းတွေဟာ ကျဆင်းလာခဲ့ပြီဖြစ်ပါတယ်။

စက်မှုဒုတိယဝန်ကြီး စတီဖန်နိုဘက်ဖက်နီက ဖွန်တာနာရဲ့ ဆန္ဒထုတ်ဖော်ပြောကြားချက်ကို အမှားတစ်ခုလို့ ပြောကြားလိုက်သလို မီလန်မြို့တော်ဝန် ဘက်ပီဆာလာကလည်း နောက်ထပ်ဖိအားတစ်ခုပါပဲလို့ ပြောလိုက်ပါတယ်။ သို့သော်လည်း လွမ်ဘာတီဒေသရဲ့ အရှေ့ဘက် ဗီးနင့်ဇန်နက်တိုဒေသခေါင်းဆောင် လူကာဇာကတော့ ဖွန်တာနာရဲ့ ဆန္ဒထုတ်ဖော်ပြောကြားချက်ဟာ သဘာဝကျတယ်လို့ ထောက်ခံခဲ့ပါတယ်။

အရာရာကိုပိတ်ထားပြီး ဗိုင်းရပ်စ်အဝေးကို ပြေးတဲ့အထိ အသေခံပြီးစောင့်မလား ဒါမှမဟုတ် စီးပွားရေးလုပ်ငန်းတွေ ပြန်ဖွင့်ပြီး အတူရှင်သန်မလားဆိုပြီး လူကာဇာကတော့ ဆက်လက်ပြောကြားလိုက်ပါတယ်။

ဝန်ကြီးချုပ် ဂူဆက်ပီကွန်တီကတော့ ဒုတိယကမ္ဘာစစ်ကတည်းက အဆိုးရွားဆုံး ဒုက္ခအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းမှုနဲ့ပတ်သက်ပြီး ချီးကျူးမှုတွေ ခံယူခဲ့ရပါတယ်။

သို့သော်လည်း ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ဖို့ အီတလီကို နောက်ထပ် ရက်သတ္တသုံးပတ်လောက် ထပ်မံပြီး အသွားအလာအဝင်အထွက် ကန့်သတ်ဖို့ လွန်ခဲ့တဲ့ သောကြာနေ့က ချမှတ်ခဲ့တဲ့ သူ့ရဲ့ ဆုံးဖြတ်ချက်ကိုတော့ ပြည်သူတွေက သိပ်ပြီးတော့ ထောက်ခံတဲ့ သဘောမတွေ့ရပါဘူး။

## သဘောမတွေ့

ဘယ်အချိန်၊ ဘယ်ကာလမှာ အီတလီဟာ ပုံမှန်အခြေအနေကိုပြန်လည်ရောက်ရှိလာမလဲဆိုတာကို အဆုံးအဖြတ်ပေးတဲ့နေရာမှာ ကြီးမားတဲ့ အခန်းကဏ္ဍကပါဝင်နေတဲ့ ဆရာဝန်အဖွဲ့ကို ဝန်ကြီးချုပ်ဟာ အခုအချိန်အထိ အားကိုးနေရတုန်းဖြစ်ပါတယ်။ အဲဒီဆရာဝန်အဖွဲ့ဟာ ဝန်ကြီးချုပ်ကို နောက်ကွယ်က ကူညီပံ့ပိုးပေးနေသူတွေ ဖြစ်ပါတယ်။

အစိုးရရဲ့ ပြည်သူ့ကျန်းမာရေးကောင်စီ ဒုတိယခေါင်းဆောင်က ဖွန်တာနာရဲ့ ပြောကြားမှုအပေါ် ဆန္ဒစောလွန်းတယ်လို့ ပြောကြားလိုက်ပါတယ်။

မိမိအတွက်ကတော့ လွမ်ဘာတီကို ပြန်လည်ဖွင့်ဖို့ သဘောမတူနိုင်သေးပါဘူးလို့ ပေါ်လိုဗင်းနစ်ကလာစတန်ပါ သတင်းစာကို ပြောကြားလိုက်ပါတယ်။

ဖွန်တာနာကတော့ အစိုးရဘာတွေလုပ်မလဲဆိုတာ စောင့်ကြည့်နေပါတယ်လို့ ပြောကြားလိုက်ပါတယ်။ လတ်တလောမှာ အီတလီနိုင်ငံဟာ ဘာတွေဆက်ဖြစ်လာဦးမလဲဆိုတာ လေ့လာစောင့်ကြည့်သွားရဦးမှာပဲ ဖြစ်ပါတယ်။

အစိုးရကလည်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ဖို့ နောက်ထပ် ရက်သတ္တသုံးပတ်လောက် အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုတွေ ထပ်မံချမှတ်မယ်လို့ ပြောကြားထားသလို စီးပွားရေးကျဆင်းမှုလည်းဖြစ်ပေါ်နေပါတယ်။

ဖွန်တာနာကတော့ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်စတင်ဖို့ တိုက်တွန်းပြောကြားထားသလို အကယ်၍ ပြန်လည်စတင်ပါကလည်း ကိုဗစ်ကပ်ရောဂါ ကူးစက်မှုအန္တရာယ်ကလည်း စိုးရွံ့နေရပါသေးတယ်။

အဲဒီတော့ ဗိုင်းရပ်စ်ကင်းစင်တဲ့အထိ ဆက်လက်ပိတ်ဆို့ပြီး ထိုင်စောင့်မလား။ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ရှင်သန်လာဖို့ ကြိုးစားမလားဆိုတာကတော့ အချိန်အတိုင်းအတာတစ်ခုအထိ မူတည်နေပါသေးကြောင်း။ ။

**ကိုးကား - အေအက်ဖ်ပီ**

---

**နိုင်ငံတကာသတင်းတိုထွာ**

## တစ်ကမ္ဘာလုံးတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကူးစက်သူ နှစ်သန်းကျော်လာ

**ဝါရှင်တန် မေ ၁၇**

အမေရိကန်တက္ကသိုလ်တစ်ခုဖြစ်သော ဂျွန်ဟော့ကင်းတက္ကသိုလ်က ထုတ်ပြန်သည့်စာရင်းတစ်ခုတွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း နှစ်သန်းကျော်လာပြီဖြစ်ကြောင်း ဖော်ပြထားသည်။ လတ်တလောတွင် တစ်ကမ္ဘာလုံး၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၁၉၀၃၀၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ကြာသပတေးနေ့ နံနက်ပိုင်းထုတ်ပြန်ခဲ့သော စာရင်း၌ ၂၀၆၄၈၁၅ ဦးအထိ ရှိခဲ့ကြောင်း သိရသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သေဆုံးသူပေါင်း ၁၄၇၀၂ ဦးအထိရှိခဲ့ပြီး ယမန်နေ့က ၁၃၇၁၀၈ ဦးရှိခဲ့သည်။ အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအများဆုံးဖြစ်၍ အသစ်ထပ်မံသေဆုံးသူ ၂၄ ဦးအပါအဝင် စုစုပေါင်းသေဆုံးသူ ၃၄၆၄၁ ဦးအထိရှိခဲ့ပြီး ကမ္ဘာ့သေဆုံးမှုအများဆုံးဖြစ်ကြောင်း သိရသည်။ ဒုတိယသေဆုံးမှု အများဆုံးနိုင်ငံမှာ အီတလီနိုင်ငံဖြစ်ပြီး ၂၂၁၇၀ ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်သူအရေအတွက် ၉၀၀၀ ကျော်လာ

**တိုကျို မေ ၁၇**

လွန်ခဲ့သော ၂၄ နာရီအတွင်း ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက် ၉၂၃၁ ဦးအထိ ရောက်ရှိလာပြီဖြစ်သလို သေဆုံးသူပေါင်း ၁၉၀ အထိရှိလာပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများတွင် လေယာဉ်ကွင်းများအတွင်း ကူးစက်ရောဂါထိန်းချုပ်ရေးစစ်ဆေးမှုများအတွင်း တွေ့ရှိသူ၊ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်က အရာရှိများနှင့် စင်းလုံးငှားလေယာဉ်များနှင့် ဂျပန်နိုင်ငံကို ပြန်ရောက်လာသူများ ပါဝင်သည်။

နိုင်ငံတစ်ဝန်း နောက်ထပ်အတည်ပြုရောဂါကူးစက်ခံရသူပေါင်း ၂၈၃ ဦးထက်မနည်းရှိခဲ့ကြောင်း သိရသည်။ ကူးစက်မှုအများဆုံးခရိုင်များထဲတွင် တိုကျိုက ထိပ်ဆုံးတွင်ရှိပြီး အိုဆာကာက ဒုတိယ၊ ခါနာ့ဂါဝက တတိယ၊ ချီဘာက စတုတ္ထ၊ စိုင်းတာမာက ငါးနေရာမြောက်၊ ဟယောဂိုးက ခြောက်နေရာမြောက်နဲ့ ဖူကုအိုက ခုနစ်နေရာမြောက်တို့တွင် ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## COVID-19 နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အမိန့်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ်၊ ၃၇/၂၀၂၀**
**၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၆ ရက်)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ၂၈–၂–၂၀၂၀ ရက်စွဲပါ အမိန့်အမှတ်၊ ၁၉/၂၀၂၀ ဖြင့် လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019– COVID–19)ကိုကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့် ကူးစက်ရောဂါအဖြစ် သတ်မှတ်ခဲ့ပါသည်။

၂။ အများပြည်သူတို့သည် COVID–19 ကြိုတင်ကာကွယ်ရေးနှင့် ရောဂါ ကာကွယ်နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့၏ ဆောင်ရွက်ချက်များ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရမည်။

၃။ COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အောက်ပါကိစ္စရပ်များမှအပ လူငါးဦး ဖြစ်စေ၊ လူငါးဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရ–

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်ရန် လုပ်ငန်းခွင်သို့ သွားရောက်ခြင်း၊ လုပ်ငန်းခွင်မှ ပြန်ခြင်း၊

(ခ) ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် လုပ်ငန်းခွင်သို့ သွားရောက်ခြင်း၊ လုပ်ငန်းခွင်မှ ပြန်ခြင်း၊

(ဂ) ခွင့်ပြုချက်ရရှိထားသောဈေး၊ ကုန်တိုက်များတွင် ဈေးရောင်းဈေးဝယ်ပြုလုပ်ခြင်း၊

(ဃ) ခွင့်ပြုချက်ရရှိထားသော ကုန်စည်သယ်ယူပို့ဆောင်ရေး ဆောင်ရွက်ခြင်း၊

(င) တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

(စ) ခွင့်ပြုချက်နှင့်အညီ COVID–19 ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဆ) အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းနှင့် အရေးပေါ်ကိစ္စရပ်များဆောင်ရွက်ခြင်း၊

(ဇ) ကျန်းမာရေးနှင့်စပ်လျဉ်း၍ ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ခြင်း၊

(ဈ) နာရေးကိစ္စဆောင်ရွက်ခြင်း။

၄။ COVID–19 နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကိုလိုက်နာရန် ပျက်ကွက်ပါက ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်သည်။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇–၄–၂၀၂၀) ရက်နေ့၊ နံနက် (၈) နာရီ )

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာ ဌာန(ရန်ကုန်) သည် (၁၆–၄–၂၀၂၀) ရက်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပေးပို့ လာသော COVID–19 ရောဂါစောင့်ကြည့်လူနာ (၁၁၀)ဦးနှင့် အသွားအလာကန့်သတ်ခြင်း/တားမြစ်ခြင်း ဆောင်ရွက်ထားရှိသူ (၁၅၉) ဦး၊စုစုပေါင်း (၂၆၉)ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ပါသည်။

၂။ အဆိုပါ ဓာတ်ခွဲနမူနာများအနက် (၁၀၂) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID–19 ရောဂါ ပိုး မတွေ့ရှိရကြောင်းကို (၁၆–၄–၂၀၂၀) ရက်နေ့၊ ည (၈) နာရီသတင်းတွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၃။ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ (၁၇–၄–၂၀၂၀) ရက်နေ့၊ နံနက် (၂)နာရီအချိန် ထုတ်ပြန်ချက်အရ ကျန်ရှိသည့် (၁၆၇) ဦး၏ ဓာတ်ခွဲနမူနာများတွင်လည်း COVID–19 ရောဂါပိုး မတွေ့ရှိရပါ။

၄။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ယခုအချိန်အထိ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၈၅) ဦးရှိပြီ ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

### ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ရေတာရှည်မြို့ပေါ်လမ်းများ ပိုးသတ်ဆေးဖျန်း

**ရေတာရှည် ဧပြီ ၁၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ရှိ စေတနာရှင်ပရဟိတလူငယ်များစုစည်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ရေတာရှည်မြို့ပေါ်ရပ်ကွက်လမ်းများ၊ ရထားဘူတာရုံနှင့် လိုအပ်သောအဆောက်အအုံများကို ညစဉ်ဆေးဖျန်းစက်ဖြင့် လိုက်လံပက်ဖျန်းပေးလျက်ရှိကြောင်း သိရသည်။

"ဆေးဖျန်းစက်ကို ကားပေါ်တင်ပြီးဖျန်းတော့ အချိန်တိုအတွင်းမှာ နေရာအနှံ့ဖျန်းနိုင်တော့ အဆင်ပြေတယ်"ဟု မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူက ပြောသည်။ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူအရေအတွက် မြင့်တက်လာသည့်အတွက် ပြည်သူများအတွင်းစိုးရိမ်မှုများရှိနေရာ ကျန်းမာရေး ဦးစီးဌာနနှင့် မြို့အသီးသီးရှိ ပရဟိတအဖွဲ့များက စောင့်ကြည့်ရေးစခန်းများ၊ ဈေးများ၊ မြို့ရပ်ကွက်လမ်းများအား နေ့စဉ် ဆေးဖျန်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းလွင်**

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇–၄–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သည် (၁၇–၄–၂၀၂၀)ရက်နေ့၊ နံနက်ပိုင်းအထိ စောင့်ကြည့်လူနာနှင့် အသွားအလာကန့်သတ်ထားသူ စုစုပေါင်း (၃,၅၀၅) ဦး၏ ဓာတ်ခွဲ နမူနာများကို စစ်ဆေးခဲ့ရာ (၈၅) ဦးတွင် COVID–19 ရောဂါကူးစက်ခံရကြောင်း အတည်ပြုနိုင်ခဲ့ပြီး (၃,၄၂၀)ဦးတွင် ရောဂါပိုးမရှိကြောင်း တွေ့ရှိခဲ့ရပါသည်။

၂။ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၇၉)ဦးအား အောက်ပါဇယားအတိုင်း သက်ဆိုင်ရာဆေးရုံများတွင် လိုအပ်သလို ကုသမှုပေးလျက်ရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိပါသည်။

| စဉ် | ဆေးရုံအမည် | ဓာတ်ခွဲအတည်ပြုလူနာဦးရေ (ဦး) |
|---|---|---|
| ၁ | အထူးကုဆေးရုံ (ဝေဘာဂီ)၊ ရန်ကုန်မြို့ | ၆၈ |
| ၂ | ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ | ၄ |
| ၃ | ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့ | ၁ |
| ၄ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | ၁ |
| ၅ | စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီး | ၁ |
| ၆ | ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ | ၁ |
| ၇ | ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | ၁ |
| ၈ | ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | ၁ |
| ၉ | ကန်တော်နဒီဆေးရုံ၊ မန္တလေးမြို့ | ၁ |

* (၂) ဦးမှာ ရောဂါပိုးကင်းစင်ပြီးဖြစ်သဖြင့် နေအိမ်နှင့်သက်ဆိုင်ရာနေရာတို့တွင် အသွားအလာ ကန့်သတ်ခြင်း/တားမြစ်ခြင်းအား ရက်သတ္တ (၂)ပတ်ခန့် ဆက်လက်ဆောင်ရွက်ထားရှိပါသည်။

** သေဆုံးသူ (၄) ဦး ရှိပါသည်။

၃။ (၂၄–၃–၂၀၂၀) ရက်နေ့တွင် COVID–19 ရောဂါပိုးတွေ့ရှိခဲ့ပြီး ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသော C–3 သည် ရောဂါသက်သာကောင်းမွန်လျက်ရှိပြီး ၎င်းထံမှ ဒုတိယအကြိမ် ဓာတ်ခွဲနမူနာအား (၆–၄–၂၀၂၀)ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ် ဓာတ်ခွဲ နမူနာအား (၉–၄–၂၀၂၀)ရက်နေ့တွင် လည်းကောင်း ရယူ၍ ထပ်မံစစ်ဆေးခဲ့ရာ (၂)ကြိမ်လုံးတွင် COVID –19 ရောဂါပိုး မတွေ့ရှိတော့ပါ။

၄။ (၂၉–၃–၂၀၂၀) ရက်နေ့တွင် COVID–19 ရောဂါပိုးတွေ့ရှိခဲ့ပြီး ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသော C–9 သည် ရောဂါသက်သာကောင်းမွန်လျက်ရှိပြီး ၎င်းထံမှ ဒုတိယအကြိမ် ဓာတ်ခွဲနမူနာအား (၉–၄–၂၀၂၀)ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ် ဓာတ်ခွဲ နမူနာအား (၁၂–၄–၂၀၂၀)ရက်နေ့တွင် လည်းကောင်း ရယူ၍ ထပ်မံစစ်ဆေးခဲ့ရာ (၂)ကြိမ်လုံးတွင် COVID–19 ရောဂါပိုး မတွေ့ရှိတော့ပါ။

၅။ (၃၀–၃–၂၀၂၀) ရက်နေ့တွင် COVID–19 ရောဂါပိုးတွေ့ရှိခဲ့ပြီး ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသော C–12 သည် ရောဂါသက်သာကောင်းမွန်လျက်ရှိပြီး ၎င်းထံမှ ဒုတိယအကြိမ် ဓာတ်ခွဲနမူနာအား (၉–၄–၂၀၂၀)ရက်နေ့တွင်လည်းကောင်း၊ တတိယအကြိမ် ဓာတ်ခွဲနမူနာအား (၁၆–၄–၂၀၂၀)ရက်နေ့တွင် လည်းကောင်း ရယူ၍ ထပ်မံစစ်ဆေးခဲ့ရာ (၂)ကြိမ်လုံးတွင် COVID –19 ရောဂါပိုး မတွေ့ရှိတော့ပါ။

၆။ (၁၆–၄–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၇–၄–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၃၂)ဦး ရှိပါသည်။

၇။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ (၁၇–၄–၂၀၂၀)ရက်နေ့တွင် ပထမအသုတ် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာများ၏ အဖြေအား ညနေ (၆)နာရီအချိန်တွင် ထုတ်ပြန်ခဲ့ရာ စောင့်ကြည့်လူနာနှင့် အသွားအလာကန့်သတ်ခြင်း ပြုလုပ်ထားသူ (၉၃)ဦးအနက် အင်းစိန် အထွေထွေရောဂါကုဆေးရုံကြီးတွင် စောင့်ကြည့်လူနာ (၁)ဦး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် စောင့်ကြည့်လူနာ (၁)ဦး၊ ကလေးမြို့တွင် အသွားအလာကန့်သတ်ထားသူ လူနာ(၁)ဦး၊ စုစုပေါင်း လူနာ(၃)ဦးတွင် COVID–19 ရောဂါပိုးတွေ့ရှိခဲ့ရပြီး ကျန်လူနာ (၉၀)ဦးတွင် COVID –19 ရောဂါပိုးတွေ့ရှိရခြင်း မရှိပါကြောင်း သိရှိရပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# လွယ်ဂျယ်မြို့၌ တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်မြန်မာနိုင်ငံသားများအား စိစစ်လက်ခံဆောင်ရွက်လျက်ရှိ



လွယ်ဂျယ် ဧပြီ ၁၇

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ လုံချွမ်ခရိုင်မှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား ၄၀၇ ဦးအား ဧပြီ ၁၇ ရက် နံနက်ပိုင်းက ဒုတိယနေ့အဖြစ် လွယ်ဂျယ်မြို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်မင်းထွန်း (မြို့အုပ်ချုပ်ရေးမှူး)နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပြီး စိစစ်လက်ခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။**

### ပို့ဆောင်ပေးလျက်ရှိ

မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသူများအား ဒုတိယနေ့အဖြစ် မြစ်ကြီးနားမြို့နယ်မှ ငါးဦး၊ ဝိုင်းမော်မြို့နယ်မှ ကိုးဦး၊ ဖားကန့်မြို့နယ်မှ ငါးဦး၊ မိုးကောင်းမြို့နယ်မှ ၂၈ ဦး၊ မိုးညှင်းမြို့နယ်မှ ၁၈ ဦး၊ တနိုင်းမြို့နယ်မှ ခြောက်ဦးနှင့် ဗန်းမော်မြို့နယ်မှ ၈၅ ဦး၊ မိုးမောက်မြို့နယ်မှ ၁၆၇ ဦး၊ ရွှေကူမြို့နယ်မှ ၁၆ ဦး တို့အား မော်တော်ယာဉ်ငယ် ၃၄ စီးဖြင့် ဗန်းမော်ခရိုင်အတွင်း မြို့နယ်များရှိ နေရပ်ပြန်များကို မိုးမောက်မြို့နယ် ကျောက်စခန်းစုရပ်သို့ လည်းကောင်း၊ မြစ်ကြီးနားခရိုင်နှင့် မိုးညှင်းခရိုင်သို့ နေရပ်ပြန်များအား မြစ်ကြီးနား စီတာပူကုန်ချစခန်းစုရပ်သို့လည်းကောင်း ပို့ဆောင်ပေးလျက်ရှိသည်။

### ဆောင်ရွက်ပေး

အလားတူ ကချင်ပြည်နယ် ကျော်လွန်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်များသို့ နေရပ်ပြန် ၆၈ ဦးတို့အား လွယ်ဂျယ်မြို့ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားသည့် ယာယီ အသွားအလာ စောင့်ကြည့်ရေးစင်တာတွင် ၂၁ ရက် ထားရှိပြီး လိုအပ်သည့် အစီအမံများ ဆောင်ရွက်ပေးလျက်ရှိသည်။

### ဆက်လက်စိစစ်လက်ခံ

တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်သူများမှ ဧပြီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် စုစုပေါင်း ၇၀၇ ဦး ရှိပြီဖြစ်ကြောင်း၊ နေရပ်ပြန် မြန်မာနိုင်ငံသားများ ထပ်မံရှိပါက ဆက်လက်စိစစ်လက်ခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ပြန်/ဆက်)**

# မြင်းခြံမြို့ ပြည်သူ့ဆေးရုံကြီးသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်က PPE ဝတ်စုံများနှင့် ကိုဗစ် - ၁၉ ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်း



**မြင်းခြံ ဧပြီ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ပြည်သူ့ဆေးရုံကြီးသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်က PPE ဝတ်စုံများနှင့် ကိုဗစ်–၁၉ ကာကွယ်ရေး ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၁၇ ရက်က မြင်းခြံမြို့ ပြည်သူ့ဆေးရုံကြီးရှိ အစည်းအဝေးခန်း၌ ကျင်းပသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာလင်းက မြင်းခြံမြို့ ပြည်သူ့ဆေးရုံကြီးတွင် PPE ဝတ်စုံ ၁၀၀၊ နှာခေါင်းစည်း အခု ၂၀၀၀၊ လေကာ/ရေကာမျက်မှန် ၁၀ ခု၊ နှာခေါင်းစည်းအခု ၁၀၀၊ လက်အိတ် အစုံ ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းဝင်းက လက်ခံခဲ့သည်။ (ဝဲပုံ)

မြင်းခြံမြို့တွင် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအသင်းအဖွဲ့များက မြို့ဝင်ဂိတ်များတွင် အပူချိန်တိုင်းတာခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ကိုဆေးကြောစေခြင်း၊ အသံချဲ့စက်ဖြင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့ လှည့်လည် အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စွာ(ပြန်/ ဆက် )**

# ရွှေဘိုမြို့ အကျဉ်းထောင်အတွင်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

ရွှေဘို ဧပြီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှုမရှိစေရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၆ ရက်က ရွှေဘိုမြို့နယ်မီးသတ်ဦးစီးမှူး ဦးဆာမူအဲလ် ဦးဆောင်သော ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦးတို့သည် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးအတွက် ရွှေဘိုမြို့ အကျဉ်းထောင်အတွင်း ပိုးသတ်ဆေးဖျန်းခြင်းကို အကျဉ်းဦးစီးဌာန ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကိုဗစ် –၁၉ ရောဂါနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်ရမည့်အချက်များ၊ စနစ်တကျလက်ဆေးနည်းများ၊ နှာချေ၊ ချောင်းဆိုးရာတွင် လိုက်နာရမည့်အချက်များ၊ နှာခေါင်းစည်း စနစ်တကျတပ်ဆင်ပုံနည်းလမ်းများကို လိုက်လံသတိပေးနှိုးဆော်ခဲ့သည်။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးအတွက် အကျဉ်းထောင်အတွင်း ပိုးသတ်ဆေးဖျန်းခြင်းမှာ တတိယအကြိမ်မြောက်ဖြစ်ကြောင်း ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်ထံက သိရသည်။

**မိုးသောက်(ရွှေဘို)**

# ဒလမြို့နယ်တွင် ဈေးသွားဈေးလာပြည်သူများအား နှာခေါင်းစည်း ၁၀၀၀ တပ်ဆင်ဝေငှလှူဒါန်းပေး

ဒလ ဧပြီ ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အံ့ကြီးအနောက်ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ကိုဗစ်–၁၉ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး ရပ်ကွက်အဝင်ဂိတ်တွင် ဧပြီ ၁၆ ရက်က ကရုဏာကောင်းကင် လူမှုရေးအသင်းမှ ဈေးသွားဈေးလာ ခရီးသွားပြည်သူများအား နှာခေါင်းစည်း အခု ၁၀၀၀ အခမဲ့ တပ်ဆင်လှူဒါန်းပေးခဲ့ရာ ဒလမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်လာရောက်အားပေးခဲ့သည်။

"ပြည်သူတွေအနေနဲ့ နှာခေါင်းစည်းတပ်ပြီး သွားလာကြမယ်ဆိုရင် ကိုဗစ်–၁၉ ရောဂါကို ပိုပြီးကာကွယ်ထိန်းချုပ်ပေးနိုင်တဲ့ နည်းလမ်းတစ်ခုပါ။ အဲဒါကြောင့် အခု နှာခေါင်းစည်းမတပ်ဘဲ သွားလာနေသူတွေကို ကျွန်မတို့အဖွဲ့က စနစ်တကျတပ်ဆင်ဝေငှပေးဖို့ နှာခေါင်းစည်း ၁၀၀၀ လှူဒါန်းပေးသွားမှာပါ"ဟု ကိုဗစ်–၁၉ အရေးပေါ် လူမှုကူညီရေးအဖွဲ့ခေါင်းဆောင် ဒေါ်အိအိဖြူက ပြောသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှမြင့်က " အနီးအနားရှိ ရပ်ကွက်တွေနဲ့ ခနောင်ချောင်းဝ၊ ရွာမ၊ ရှမ်းဂန်၊ ခနိတော၊ တံတားချောင်းကျေးရွာတွေက ပြည်သူတွေ ဒလမြို့ထဲကို အဓိကထားသွားလာနေကြတဲ့ လမ်းကြောင်းဖြစ်တာကြောင့် ဆပ်ပြာရည်၊ လက်ဆေးစင်တွေထားရှိပြီး ခရီးသွားတွေကို ရပ်တန့်လက်ဆေးစေဖို့ ဆောင်ရွက်ပါတယ်" ဟု ပြောသည်။

ရပ်ကွက်အတွင်းမှ ပရဟိတစေတနာရှင်များက ခရီးသွားများကို ရပ်တန့်လက်ဆေးစေပြီး ယာဉ်၊ ထော်လော်ဂျီ၊ ဆိုင်ကယ်၊ စက်ဘီးတို့ကိုလည်း ဆေးဖျန်းပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းငွေး(ဒလ)**

# ကိုဗစ် – ၁၉ ကာလအတွင်း ပဲခူးဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများအား နေ့လယ်စာစားသုံးနိုင်ရေး လှူဒါန်း

**ပဲခူး ဧပြီ ၁၇**

ပြည်သူမှ ပြည်သူသို့ အစီအစဉ်အရ ယမန်နေ့က ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီး၌ ကိုဗစ်–၁၉ ကာလအတွင်း ဆရာဝန်များ၊ သူနာပြုများနှင့်ဝန်ထမ်း ၁၅၀ ခန့်အတွက် အာဟာရပြည့် နေ့လယ်စာစားသုံးနိုင်ရေးအတွက် အလှူရှင်ပြည်သူများက အလှူငွေများ လှူဒါန်းပေးလျက်ရှိသည်။

ကိုဗစ်–၁၉ ကာလအတွင်း ပဲခူးမြို့အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများ အာဟာရပြည့် နေ့လယ်စာ စားသုံးနိုင်ရန် အလှူရှင်ပြည်သူများ လှူဒါန်းငွေဖြင့် ပြည်သူမှ ပြည်သူသို့ အစီအစဉ်ဆောင်ရွက်လျက်ရှိရာ ပဲခူးမြို့ ရှင်စောပုလမ်းနေ အလှူရှင် ဒေါ်အေးအေး ပွင့်ရတနာကိုယ်ပိုင်အထက်တန်းကျောင်း မိသားစုက အလှူငွေကျပ် နှစ်သိန်း၊ ရန်ကုန်မြို့နေ ဒေါက်တာ တိုးတိုးအောင်က ငွေကျပ် နှစ်သိန်းတို့ကို လှူဒါန်းကြသည်။

ထို့အတူ ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တွင် ဖွင့်လှစ်ထားရှိသည့် တိုင်းဒေသကြီး ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကြီးကြပ်မှုကော်မတီရုံးခန်းသို့လည်း အလှူရှင်များက ကိုဗစ်–၁၉ အထောက်အကူပြုပစ္စည်းများ ဝယ်ယူရန်အတွက် တိုင်းဒေသကြီး သမဝါယမအသင်းချုပ် မိသားစုများက အလှူငွေကျပ် တစ်သိန်း၊ ဗိုလ်မင်းသိန်း(၂)လမ်းနေ မဝါဝါငြိမ်းက အလှူငွေကျပ် တစ်သိန်း၊ ဥဿာ(၇)လမ်းနေ မမြင့်မြင့်နှင့် မောင်နှမတစ်စုက အလှူငွေကျပ် တစ်သိန်း၊ Robust goal group of companie & ရွှေကြယ်ဟိုင်းဝေး ဆောက်လုပ်ရေးကုမ္ပဏီတို့က ရောဂါကာကွယ်ရေးဝတ်စုံ ၅၀၀၊ ကာကွယ်ရေးမျက်မှန် အခု ၅၀၀၊ နှာခေါင်းစည်း ၂၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ကော်မတီအဖွဲ့များက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)



**တင်စိုး(ပဲခူး)**

# မတ္တရာမြို့မဈေးပတ်ဝန်းကျင်ရှိ ပျံကျဈေးသည် ၂၀၀ ကျော်အား ဗိုလ်တေဇပန်းခြံရှေ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးသို့ ပြောင်းရွှေ့မည်

**မတ္တရာ ဧပြီ ၁၇**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့ မြို့မဈေးပတ်ဝန်းကျင်ရှိ ပျံကျဈေးသည်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လူစုလူဝေးများ မဖြစ်စေရန်ရည်ရွယ်၍ ဗိုလ်တေဇပန်းခြံရှေ့မှ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး တစ်လျှောက်တွင် ဧပြီ ၁၈ ရက် နံနက်ပိုင်းမှစတင်၍ ပြောင်းရွှေ့ ရောင်းချသွားစေမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ပျံကျဈေးတန်းပြောင်းရွှေ့ရာတွင် အသားဆိုင်နှင့် ငါးဆိုင်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့တွင် နေရာသတ်မှတ် ရောင်းချစေမည်ဖြစ်ပြီး ကျန်ရှိသော ဈေးဆိုင်နေရာများကို ဦးရာလူ စနစ်ဖြင့် ရောင်းချစေမည် ဖြစ်သည်။ ပျံကျဈေးဆိုင် နေရာများသည် တစ်ခန်းလျှင် ငါးပေအကျယ်ရှိပြီး တစ်ဆိုင်နှင့် တစ်ဆိုင် သုံးပေအကွာဖြင့် ဆိုင်ခန်းပေါင်း ၂၀၀ ကျော်ကို နေရာသတ်မှတ်ပေးထားမည် ဖြစ်သည်။ ဈေးဝယ်သူများနှင့် ဈေးရောင်းချသူများ နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုမှသာ ရောင်းဝယ်ခွင့်ပြုမည်ဖြစ်သည်။

အဆိုပါ ပျံကျဈေးရောင်းချရာနေရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ပျံကျဈေးနေရာ သတ်မှတ် ဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစန်းအောင်တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**



# ကျောက်ပန်းတောင်းမြို့နယ်၌ ယာဉ်နှင့်မော်တော်ဆိုင်ကယ်စီးနင်းသူများ နှာခေါင်းစည်းတပ်ဆင်ခြင်း ရှိ ၊ မရှိစစ်ဆေး

**ကျောက်ပန်းတောင်း ဧပြီ ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ဧပြီ ၁၇ ရက် နံနက် ၉ နာရီမှ စတင်ကာ ကျောက်ပန်းတောင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးအေးခိုင်၊ ဦးမျိုးဆွေဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်နှင့် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းလှိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးတင့်ခိုင်တို့ ဦးဆောင်၍ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတလူငယ်များ ပူးပေါင်းပါဝင်ကာ မြို့လယ်ဘုတာလမ်းဆုံမှ ဖြတ်သန်းသွားလာသည့် ကားများ၊ ဆိုင်ကယ်များတွင် လိုက်ပါစီးနင်းသူများ နှာခေါင်းစည်းတပ်ဆင်ခြင်း ရှိ/မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့အပြင် နယ်ဝေးကားများ ဖြစ်ပါက ခရီးစဉ်မှတ်တမ်းနှင့် ယာဉ်မောင်းကိုယ်ရေးအချက်အလက် ရယူခြင်းများဆောင်ရွက်ပြီး ဖြတ်သန်းသွားလာသူမှန်သမျှ နှာခေါင်းစည်းတပ်ဆင်ထားခြင်း မရှိပါက နောက်ကြောင်း ပြန်လှည့်စေ၍ နှာခေါင်းစည်းပါမှ ဖြတ်သန်းသွားလာစေခြင်းဖြင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# မိုင်းယောင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မိုင်းယောင်း ဧပြီ ၁၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်ဦး ဦးဆောင်သည့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးသန့်ဇင်ဦးနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် လူအသွားအလာများသည့် ဗလမင်းထင်လမ်းဆုံ၌ ဧပြီ ၁၅ ရက်က ပြည်သူများအား မိမိကိုယ်ကိုယ်၊ မိသားစု၊ ပတ်ဝန်းကျင်၊ တိုင်းပြည်ကို ကာကွယ်ရန်အတွက် အိမ်၌နေပေးကြရန်၊ အရေးကြီးကိစ္စမှလွဲ၍ အပြင်ထွက်ခြင်းကို လျှော့ချရန်၊ အကယ်၍ မဖြစ်မနေအပြင်ထွက်ရပါက နှာခေါင်းစည်းများတပ်ရန် အသိပညာပေးပြသခဲ့ပြီး ကျန်းမာရေး စာစောင်များ၊ နှာခေါင်းစည်းများ အခမဲ့ဝေငှပေးခြင်း၊ လက်သန့်ဆေးရည်နှင့် လက်ကိုစနစ်တကျဆေးကြောစေခြင်း စသည့် ပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# လူထူထပ်လွန်းသည့် အခွန်လွတ်ဈေးကို မြသလွန်ဘုရားကွင်းသို့ ရွှေ့မည်

**မကွေး ဧပြီ ၁၇**

မကွေးမြို့၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရန်အတွက် လူထူထပ်သော မင်္ဂလာဈေးရှိ အခွန်လွတ်ဈေးကို မြသလွန်ဘုရားကွင်းသို့ ဧပြီ ၁၈ ရက် နံနက် ၄ နာရီတွင် ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးနီထံက သိရသည်။

"ဒီဈေးက မနက်ဆို ဆိုင်ကယ်က လေးရာ၊ ငါးရာ လောက်ရှိတယ်လို့ ရပ်ကွက်အုပ်ချုပ်ရေးက သတင်းပို့တယ်။ လူထုကလည်း လက်မခံချင်ဘူး။ ရောဂါပိုးပြန့်လို့ ကူးရင် သူ့မကယ်နိုင် ကိုယ့်မကယ်နိုင် ဖြစ်ကုန်ကြမှာ။ ဒါ့ကြောင့် အစည်းအဝေးထိုင်ပြီး ဘုရားကွင်းမှာ ပြောင်းဖို့ ဆုံးဖြတ်လိုက်တာပါ" ဟု ဦးဖိုးနီက ပြောသည်။

စည်ပင်သာယာရေးကော်မတီနှင့် တာဝန်ရှိသူများက မြေနေရာ၊ ဆိုင်ခန်းနေရာများ တိုင်းတာသတ်မှတ်လျက်ရှိပြီး ဆိုင်ခန်းတစ်ခန်းလျှင် ၁၀ ပေပတ်လည်အကျယ်၊ လူသွားလမ်း ၁၀ ပေအကျယ်ဖြင့် ဆိုင်ခန်းနေရာပေါင်း ၂၀၄ ကွက်ကို သတ်မှတ်ခွင့်ပြုပေးသွားမည်ဖြစ်သည်။

ဈေးသည်များအနေဖြင့် မင်္ဂလာဈေးခေါင်းရုံးတွင် စုံစမ်းရမည်ဖြစ်ပြီး နေရာများကို ဦးစားပေးစနစ်/မဲစနစ်ဖြင့် သတ်မှတ်ချထားပေးမည်ဖြစ်ကြောင်း၊ အခြားဈေးများမှ လာရောက်ရောင်းချလိုပါက ဒုတိယဦးစားပေးအဖြစ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ပြောင်းရွှေ့ရမည်ကို မကျေနပ်သည့် ဈေးသည်အချို့ရှိသော်လည်း ပြည်သူအားလုံး၏ ကျန်းမာရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း ဦးဖိုးနီက ပြောသည်။

ယခုပြောင်းရွှေ့မည့် အခွန်လွတ်ဈေးမှာ နံနက် ၂ နာရီဝန်းကျင်ကတည်းက စတင်စည်ကားလေ့ရှိပြီး စက်ဘီး၊ ဆိုင်ကယ်ပေါ်တွင် ဈေးတောင်းတင်ကာ ရပ်ကွက်၊ ကျေးရွာအနှံ့ လှည့်လည်ရောင်းချမည့် ရွှေ့လျားဈေးသည်များ၏ ဖောက်သည်ယူရာနေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**



ရောဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ အာယုပါလဆေးနှင့် သွေးအလှူတော်အဖွဲ့က ဒေသခံပြည်သူများ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ဧပြီ ၁၇ ရက်က ရှေ့ဆောင်ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ အဆိုပါ လူမှုကူညီရေးအသင်းရုံးရှေ့၌ အသင်းအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဈေးသွားဈေးလာပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေစဉ်။ စိုးမင်းဦး(ပြန်/ဆက်)

# Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် နိုင်ငံတကာမှ လာရောက်သည့်ခရီးသည် များနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှု မရှိစေရေးအတွက် လက်ရှိတွင် Facility Quarantine (၁၄)ရက်အား ထားရှိပြီးပါက မိမိနေအိမ်သို့ ပြန်လည်သွားရောက်မည့်သူများအတွက် နောက်ထပ်(၁၄)ရက် နေအိမ်တွင်သီးခြားနေထိုင်ရန် အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၂။ COVID-19 ရောဂါရှိသူများမှ ရောဂါပိုးစွန့်ထုတ်သည့်ကာလမှာ ရောဂါလက္ခဏာမပြမီ (၂)ရက်မှ ရောဂါလက္ခဏာပြပြီး (၂၈)ရက်အထိ ရှိကြောင်းနှင့် အဆိုပါကာလအတွင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများအရ Quarantine (၂၁)ရက် တိတိကျကျနှင့် စနစ်တကျထားရှိပါက ရောဂါကူးစက်မှုအား(၉၈.၇%)အထိ ထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည့်အပြင် ဒေသတွင်း နိုင်ငံအချို့တွင်လည်း Quarantine ကာလအား ဆေးရုံ/ သတ်မှတ်နေရာများတွင် နေထိုင်ရမည့် ကာလနှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း ကာလစုစုပေါင်းအား (၂၈)ရက်အထိ သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အထက်ပါ Quarantine (၂၈)ရက်ထားရှိမှုများအား ဓာတ်ခွဲစစ်ဆေးမှု အကန့်အသတ်ဖြင့် ဆောင်ရွက်နိုင်သည့် နိုင်ငံများတွင် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

၃။ လက်ရှိအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၂၈)ဦးအနက် နိုင်ငံတကာမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသွားများ (Imported cases) များ၊ ၎င်းတို့နှင့် အနီးကပ်ထိတွေ့သူများတွင်သာ အဓိကကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးချက် များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Contact Tracing ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များအရ အချို့သော Confirmed လူနာများနှင့် အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်းပြီးစီးသည့် နောက် (၁၄)ရက်ကျော်သည်အထိ လူအချို့တွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ ရောဂါပိုး ဆက်လက်တွေ့ရှိနေသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်ရေးဆောင်ရွက်ရာတွင် သေချာမှုရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခင် Facility Quarantine အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း (၁၄)ရက် ကာလအစား ယခု Community Based Facility Quarantine/ Hotel Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက်၊ စုစုပေါင်း (၂၈)ရက် ဆောင်ရွက်သွားကြပါရန် အသိပေးထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့်အဖွဲ့ ကွန်ဟိန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေလှူဒါန်း

**ကွန်ဟိန်း မေ ၁၇**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်းတို့က ကွန်ဟိန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်ခြင်းကို မေ ၁၇ ရက် နံနက် ၁၁ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်မောင်ရင်က မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က လိုအပ်သည်များကို မှာကြားခဲ့သည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများဖြစ်သော PPE ဝတ်စုံ ၁၀စုံ၊ မျက်မှန်ခြောက်ခု၊ သာမိုမီတာသုံးခု၊ လက်အိတ်ရှည် ၁၀ခု၊ နှာခေါင်းစည်း ၁၀ ဘူး၊ ဆေးရုံသုံးလက်အိတ် ငါးဘူးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးတွင် အသုံးပြုနိုင်ရန် အလှူငွေကျပ်ငါးသိန်းတို့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လွှဲပြောင်းပေးအပ်ခဲ့ပြီး မြို့နယ်ဆရာဝန်ကြီးက လက်ခံရယူသည်။ (ယာပုံ)

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ကွန်ဟိန်းမြို့ပြည်သူ့ဆေးရုံ၌ သီးသန့်လူနာဆောင် ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုခဲ့ကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သီးသန့်လူနာဆောင် ပြုပြင်တည်ဆောက်မှုတွင် အသုံးပြုရန် ငွေကျပ် ၃၅ သိန်း ထည့်ဝင်လှူဒါန်းခဲ့ကာ မြို့နယ်ဆရာဝန်ကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

ပြည့်စန္ဒီမြင့်(ပြန်/ဆက်)



# မူဆယ် (၁၀၅) မိုင်တွင် အသွားအလာကန့်သတ်ပြီးနောက်ပိုင်း စောင့်ကြည့်သူများထားမည့်နေရာများကို လိုက်လံကြည့်ရှုစစ်ဆေး

**မူဆယ် မေ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်၊ မူဆယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကျော်ဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မူဆယ်မြို့ပေါ်ရှိ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မေ ၁၆ ရက်က မူဆယ်မြို့နယ် မိုင်းယု (၁၀၅)မိုင်တွင် အသွားအလာကန့်သတ်ပြီးနောက်ပိုင်း စောင့်ကြည့်သူများထားမည့်နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။




မူဆယ်ခရိုင် မူဆယ်မြို့နယ် (၁၀၅) မိုင် တိုးဂိတ်အဝင်တွင် မေ ၁၈ မှစ၍ အသွားအလာ ကန့်သတ်သွားမည်ဖြစ်သည်။

အဆိုပါ အသွားအလာကန့်သတ်သည့်အချိန်တွင် မန္တလေး၊ လားရှိုး၊ ကွတ်ခိုင်ဘက်မှ မူဆယ်ဘက်သို့ ထွက်ခွာလာသည့် ကုန်တင်ယာဉ်ကြီးများမှလွဲ၍ အိမ်စီးယာဉ်၊ ခရီးသည်ယာဉ်များနှင့် အခြားမော်တော်ယာဉ်များကို မူဆယ် (၁၀၅)မိုင် တိုးဂိတ်အဝင်တွင် သက်ဆိုင်ရာ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ကျန်းမာရေးအဖွဲ့များ၊ မီးသတ်အဖွဲ့၊ ကြက်ခြေနီအဖွဲ့နှင့် အခြားလူမှုရေးအဖွဲ့များက ကြည့်ရှုစစ်ဆေးပြီး ယာဉ်ပေါ်ပါသူများကို စောင့်ကြည့်စစ်ဆေးရေးစခန်းတွင် ဝင်လာသည့်နေ့မှ ၂၁ ရက်နေထိုင်ပြီးမှ မိမိနေရပ်သို့ ပြန်လည်ထွက်ခွာရမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်မောင်းနှင်သူနှင့် ယာဉ်နောက်လိုက်တို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများက ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ပြီး ဆက်လက်ထွက်ခွာခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

စောင့်ကြည့်ရေး စခန်းများကို (၁၀၅)မိုင် အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ဘုန်းကြီးကျောင်းအချို့တွင် စီစဉ်ထားမည်ဖြစ်ကြောင်း သိရသည်။

မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသူရိန်က "လောလောဆယ် အနေအထားအရ မေ ၁၈ ရက်မှာ အသွားအလာ ကန့်သတ်ဖို့စီစဉ်နေပါတယ်။ လုပ်ဖြစ်ခဲ့ရင် အတတ်နိုင်ဆုံး သတ်မှတ်နေရာတွင် အသွားအလာကန့်သတ်သည့် နေရာဖြစ်အောင် လုပ်သွားမှာပါ။ ဒါကြောင့် သက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းတွေ အနေနဲ့ လိုအပ်တာတွေကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့ အခုလို လာရောက်ကြည့်ရှုစစ်ဆေးတာ ဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ အသွားအလာကန့်သတ်ပြီးနောက်ပိုင်း ဝင်လာသည့် စောင့်ကြည့်ခံရသူများကို ကျန်းမာရေးအဖွဲ့၊ ကြက်ခြေနီအဖွဲ့၊ မီးသတ်အဖွဲ့၊ ကုန်တင်ကုန်ချအဖွဲ့၊ ရပ်မိရပ်ဖ အမျိုးသမီးရေးရာ မိခင်ကလေးအဖွဲ့များနှင့် အခြားလူမှုရေးအသင်းအဖွဲ့များက အပူချိန်တိုင်းပေးခြင်းနှင့် ကျန်းမာရေး စစ်ဆေးမှုများကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

သန့်စင်(မူဆယ်)

# စုကလိမြို့တွင် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**စုကလိ မေ ၁၇**

ကရင်ပြည်နယ် စုကလိမြို့တွင် နိုင်ငံတော်အစိုးရ၏ထောက်ပံ့မှုဖြင့် သင်္ကြန်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန် ငါးမျိုးအား ဦးဝင်းသီဟ ဦးစီးပြီး ဌာနဆိုင်ရာများက ယနေ့ နံနက် ၁၁ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးဝေရာတွင် အိမ်ထောင်စုတစ်စုလျှင် စားသောက်ကုန် ငါးမျိုးဖြစ်သည့် ဆန်ရှစ်ပြည်၊ ဆီ ၅၀ကျပ်သား၊ ကြက်သွန်နီတစ်ပိဿာ၊ ပဲတစ်ပိဿာ၊ ဆား ၅၀ ကျပ်သားတို့ကို စုကလိမြို့အတွင်းရှိ ရပ်ကွက်/ကျေးရွာအပါအဝင် အိမ်ထောင်စု ၄၁၅ စုအား ထောက်ပံ့ပေးဝေခဲ့ကြောင်း သိရသည်။

အောင်စံထွန်း (ပြန်/ဆက်)

# တာလေ၌ အခြေခံစားသုံးကုန်ငါးမျိုး အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်

**တာလေ မေ ၁၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် တာလေမြို့အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စု ၃၇၆ စုအား ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့အဆင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာတာဝန်ခံများက အခြေခံစားသုံးကုန်ငါးမျိုးကို မေ ၁၄ ရက်က နေအိမ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း တာလေမြို့အုပ်ချုပ်ရေးမှူး ဦးချစ်ကိုထံမှ သိရသည်။

အောင်ကျော်မိုး(ပြန်/ဆက်)



# ပွင့်ဖြူမြို့ပေါ်ရှိ ပရဟိတလူငယ်များ စုပေါင်း၍ ပြည်သူများ အခြေခံစားသောက်ကုန်ပစ္စည်းများ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေး ပုံမှန်ဈေးနှုန်းဖြင့် အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေး

**ပွင့်ဖြူ မေ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ပြည်သူများ ကိုဗစ်-၁၉ ရောဂါကင်းဝေးစေရန်နှင့် ကြိုတင်ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများအတွက် အထောက်အကူပြုစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဖွင့်လှစ်ရောင်းချနေသော ဈေးများအားလုံး ယာယီပိတ်ထားလျက်ရှိရာ မြို့ပေါ်၊ ရပ်ကွက်နေပြည်သူများ အခြေခံစားသောက်ကုန်ပစ္စည်းများ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် ယနေ့ နံနက် ၈ နာရီက ပွင့်ဖြူမြို့ ရွှေသုံးဘီးယာဉ်အဖွဲ့နှင့် မြို့ပေါ်ရှိ ပရဟိတလူငယ်များအဖွဲ့က ဦးဆောင်ကာ မော်တော်ယာဉ်နှင့် သုံးဘီးဆိုင်ကယ်များအသုံးပြု၍ ပုံမှန်ဈေးနှုန်းအတိုင်း အိမ်တိုင်ရာရောက် စနစ်ဖြင့် လိုက်လံရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ အခြေခံစားသောက်ကုန်ပစ္စည်းများကို အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးရာတွင် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ အခက်အခဲမဖြစ်စေရန်နှင့် ကြိုက်နှစ်သက်ရာ ဝယ်ယူ စားသုံးနိုင်ရေးအတွက် ဈေးနှုန်းမြှင့်တင် ရောင်းချခြင်းမပြုဘဲ ပုံမှန်ဈေးနှုန်းအတိုင်းသာ ရောင်းချပေးနေကြောင်း၊ ရောင်းချသော အခြေခံစားသောက်ကုန် ပစ္စည်းများမှာ ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်၊ မုန်ညင်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ နံနံပင်၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ဥနီ၊ မျှစ်၊ အာလူး၊ ပဲပင်ပေါက်၊ ငရုတ်သီးစိမ်းစသည့် ဟင်းသီးဟင်းရွက်မျိုးစုံနှင့် ကြက်ဥ၊ ဘဲဥ၊ အသားငါးမျိုးစုံတို့ကို ရောင်းချပေးနေကြောင်း သိရသည်။

အဆိုပါ အခြေခံစားသောက်ကုန်ပစ္စည်းများအား အိမ်တိုင်ရာရောက် ရောင်းချပေးနိုင်ရေးအတွက် ပွင့်ဖြူမြို့ ရွှေသုံးဘီးယာဉ်အဖွဲ့မှ လိုအပ်သော မော်တော်ယာဉ်နှင့် သုံးဘီးဆိုင်ကယ်များကို ပံ့ပိုးကူညီပေးပြီး မြို့ပေါ်ရှိ ပရဟိတလူငယ်များအဖွဲ့က မြို့ပေါ်ရပ်ကွက်လေးရပ်ကွက် အပါအဝင် အနီးဝန်းကျင်ကျေးရွာများသို့ သွားရောက်၍ လိုက်လံရောင်းချပေးနေကြောင်း သိရသည်။ ယခုလို အိမ်တိုင်ရာရောက် အခြေခံစားသောက်ကုန်ပစ္စည်းများကို ဈေးများမဖွင့်သည့်ရက်များအတွင်း နေ့စဉ် နံနက် ၈ နာရီတွင် ပုံမှန်သွားရောက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း အိမ်တိုင်ရာရောက် အခြေခံစားသောက်ကုန်ပစ္စည်းများ လိုက်လံဈေးရောင်းချပေးနေသည့် ပရဟိတလူငယ်အဖွဲ့ခေါင်းဆောင် ကိုပေတူးထံမှ သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# လှိုင်လင်မြို့ပျံကျဈေးသည်များအား သတ်မှတ်ထားသော မြို့လယ်ဘုန်းကြီးကျောင်းဝင်းအတွင်း ယာယီရောင်းချခွင့်ပေး

**လှိုင်လင် မေ ၁၇**

လှိုင်လင်မြို့နယ် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် လှိုင်လင်မြို့မဈေးနှင့် ပျံကျဈေးများကို မေ ၁၂ ရက်မှ စတင်ကာ ယနေ့အထိ ယာယီပိတ်ထားခဲ့ပြီး မေ ၁၈ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ဖွင့်လှစ်ရောင်းချသည့်အခါ လူစုလူဝေး မဖြစ်စေရေးအတွက် ဈေးရောင်းချရာတွင် နေ့စဉ် နံနက် ၅ နာရီမှ ၁၂ နာရီအထိသာ သတ်မှတ်ပေးထားသောနေရာတွင် စနစ်တကျ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမင်းသန့် (ပြန်/ဆက်)

# ကျွန်းစုမြို့တွင် အခြေခံစားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ရောင်းဝယ်နိုင်ရေး ကြီးကြပ်ဆောင်ရွက်



ကျွန်းစုမြို့တွင် အခြေခံစားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ရောင်းဝယ်နိုင်ရေး ကြီးကြပ်ဆောင်ရွက်စဉ်။

**ကျွန်းစု မေ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် ကိုဗစ်-၁၉ ဖြစ်ပွားနေချိန်အတွင်း ဈေး၌ ဈေးရောင်း/ ဝယ်သူများ ထံသို့ ရောဂါပိုးများ ကူးစက်ပြန့်ပွားမှုမရှိစေဘဲ အခြေခံ စားသောက်ကုန်များ ဘေးအန္တရာယ် ကင်းရှင်းစွာ ရောင်း ဝယ်နိုင်ရေးအတွက် ယမန်နေ့က ကျွန်းစုမြို့၌ တာဝန်ရှိ သူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုးလွင်၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသိန်းညွန့်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲမင်းဦးနှင့် ဈေးကော်မတီဝင်များက ဈေးရောင်း/ ဝယ်သူများ ခြောက်ပေအကွာမှ ရောင်းဝယ် ရေးနှင့် နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုရေး၊ ဈေး အဝင်/အထွက် လက်ဆေးသည့်နေရာများ ဆောင်ရွက်ပေး ရေး၊ သတ်မှတ်စည်းကမ်းချက်များကို လိုက်နာဆောင်ရွက် ခြင်းမရှိသော ဈေးရောင်း/ဝယ်သူများအား ဒဏ်ကြေး သတ်မှတ်၍ အရေးယူရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ သည်။

ထို့နောက် မြို့မဈေးအတွင်း ဈေးရောင်းချနေသူများ အား နံနက် ၆ နာရီမှ ည ၉ နာရီအထိ နှာခေါင်းစည်းများ မဖြစ်မနေ တပ်ဆင်အသုံးပြုရန်၊ တပ်ဆင်အသုံးပြုခြင်း မရှိပါက ဒဏ်ကြေးအဖြစ် အရေးယူမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဈေးအတွင်းရှိ ရောင်းသူ/ဝယ်သူများ အား ပညာပေးကာလ သုံးရက်အတွင်း နှာခေါင်းစည်း ၄၀၀ ကိုဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့မှ သိရသည်။

**စည်သူရအောင်(ကျွန်းစု)**

# ပုဗ္ဗသီရိမြို့နယ်၌ နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေ

**နေပြည်တော် မေ ၁၇**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်ရေးအတွက် ပုဗ္ဗသီရိညဈေးမှ ဈေးသည် ဈေးဝယ် များအား နှာခေါင်းစည်းများကို မေ ၁၆ ရက်က အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်းကို ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး နှာခေါင်းစည်း အခု ၇၀၀ ကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း၊ ဈေးသည် ဈေးဝယ်များအား ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် လက်သန့်ဆေးရည်ဖြင့် လက်ဆေး ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ပုဗ္ဗသီရိညဈေး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဈေးရောင်းချသော ဈေးသည်များအား နှာခေါင်းစည်းများ တပ်ဆင်၍ တစ်ဦးနှင့် တစ်ဦး ခြောက်ပေအကွာမှ ရောင်းချရန် ဆောင်ရွက်ထားသလို ဈေးဝယ်လာသူများကိုလည်း နှာခေါင်းစည်းများ တပ်ဆင်ထားမှသာ ဈေးအတွင်း ဝင်ရောက် ဈေးဝယ်ခွင့်ပြုထားကြောင်း သိရသည်။

**ကံချွန်(ပြန်/ဆက်)**

# လှိုင်သာယာ၌ စားသောက်ကုန်ငါးမျိုး ဆက်လက်ထောက်ပံ့

**လှိုင်သာယာ မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ရပ်ကွက်/ကျေးရွာများအတွင်း နေထိုင်ကြသည့် ပုံမှန်ဝင်ငွေ မရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန် ငါးမျိုးကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ က မေ ၁၆ ရက်က အိမ်အရောက် လိုက်လံထောက်ပံ့ပေးခဲ့သည်။ လှိုင်သာယာမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံ လူတန်းစား အိမ်ထောင်စု ၄၇၅၇၉ စုရှိသည့်အနက် အမှတ်(၁)ရပ်ကွက်၌ နေထိုင်သည့် အိမ်ထောင်စု ၄၀၃၅ စုထံသို့ တစ်အိမ်ထောင်လျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ သား၊ ဆား ၅၀ သား၊ ပဲ တစ်ပိဿာနှင့် ကြက်သွန်နီ တစ်ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကာ ကျန်ရှိသည့် ရပ်ကွက်/ကျေးရွာများသို့လည်း ဆက်လက်၍ အိမ်အရောက် ထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ငဖဲမြို့တွင် ကိုဗစ်-၁၉ရောဂါကာကွယ်ရေးအသိပညာပေးနှိုးဆော် လက်ကမ်းစာစောင်များဖြန့်ဝေ

**ငဖဲ မေ ၁၇**

မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ ကူးစက်ပျံ့နှံ့မှု မရှိစေရေး ပြည်သူလူထုကျယ်ကျယ် ပြန့်ပြန့်သိရှိစေရန်အတွက် အသံချဲ့စက်ဖြင့် အသိပညာပေး နှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများကို ယနေ့နံနက်ပိုင်းက ငဖဲမြို့အဝင် ဂိတ်၊ ပင်ဦး၊ ထန်းကိုင်းနှင့် ချောင်းဖြူကျေးရွာများတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် မကွေးတိုင်း ဒေသကြီး အစိုးရအဖွဲ့မှ ပြည်သူများသို့ ပန်ကြားချက် များ၊ ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရန် နည်းလမ်းများ၊ လိုက်နာရမည့် အချက်များ၊ လက်ကို မကြာခဏစနစ်တကျ ဆေးကြောရန်၊ လူထူထပ် သော နေရာများကို မသွားဘဲ မိမိအိမ်တွင် နေထိုင် ကြရန်၊ မဖြစ်မနေ အပြင်ထွက်ရမည်ဆိုပါက နှာခေါင်းစည်း တပ်ဆင်ပြီးမှသာ အပြင်သို့ ထွက်ခွာ ရန်၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် နိုင်ရေးအတွက် သတ်မှတ်ညွှန်ကြားသော ကိစ္စရပ် များမှအပ လူ ငါးဦးဖြစ်စေ၊ လူငါးဦးထက်ပို၍ ဖြစ်စေစုဝေးခြင်းမပြုလုပ်ရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဧပြီလ ၁၆ ရက်နေ့တွင် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိနှင့် မိမိ၏ မိသားစု၊ ပတ်ဝန်းကျင်မှ လူများကို ရောဂါကူးစက်မှု မရှိစေ ရေး ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ရန် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ ပေးခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၄ - ၂၀၂၀

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၅ ကျပ် | ၅၃၀/၅၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ ကျပ် | ၅၄၅/၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၃၆၀/၄၀၀ ကျပ် | ၄၃၀/၄၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၀၀/၅၆၅ ကျပ် | ၆၀၅/၆၁၅ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၉ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၅၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၄ . ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၁ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၃ . ၁ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၈၉ . ၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၂ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၇၂၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၇ . ၁၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၅၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၇၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၀၅၀၀ | ၃၂၁၆ | ၃၄၅၉၈၅၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၁၁၅၂၈ | ၄၂၇၇၈၁၅၀ |
| MCB | ၉၁၀၀ | ၈၅၀၀ | ၃၀ | ၂၇၂၄၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၁၁ | ၂၃၆၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၃၁၈ | ၈၉၀၄၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၁၁)
# ရွေးကောက်ပွဲနှင့် အမျိုးသမီးများပါဝင်မှုအခန်းကဏ္ဍမြင့်မားရေး



မောင်စာဂ

၂၀၂၀ ပြည့်နှစ် မတ်လ ၆ ရက်နေ့က နေပြည်တော် Grand Amara Hotel တွင် ကျင်းပပြုလုပ်ခဲ့သော "၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများ ရင်ဆိုင်ကြုံတွေ့နိုင်သော လုပ်ကြံသတင်းများ၊ အမုန်းစကားများအား တိုက်ဖျက်ခြင်းတို့နှင့် စပ်လျဉ်းသည့် အသိပညာပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" သို့ တက်ရောက်ပါဝင်ဆောင်ရွက်ခွင့်ရရှိခဲ့သည်။ ဘာကြောင့် ဤကဲ့သို့သော အလုပ်ရုံဆွေးနွေးပွဲမျိုး ကျင်းပပြုလုပ်ရပါသနည်း။ အနှစ်ချုပ် မျှဝေပါရစေ။

### အမျိုးသမီးဦးရေ

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေစုစုပေါင်းမှာ ၅၁ သန်းကျော်ဖြစ်ပြီး အမျိုးသားဦးရေ ၂၄ သန်းကျော်နှင့် အမျိုးသမီးဦးရေ ၂၆ သန်းကျော် ရှိသည်။ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၁ ဒသမ ၈၃ သန်း ပိုများနေသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ကျား/မ အချိုးသည် မ ၁၀၀ မှာ ကျား ၉၃ ဦးရှိသည်ကို တွေ့ရသည်။ သန်းခေါင်စာရင်းအရ အမျိုးသမီးဦးရေက အမျိုးသားဦးရေထက် ပိုများနေသော်လည်း ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများတွင် အမျိုးသမီးဝင်ရောက်ယှဉ်ပြိုင် အရွေးခံခြင်းနှင့်စပ်လျဉ်းပြီး ဤသို့ တွေ့ရှိရသည်။ ၂၀၁၀ ပြည့်နှစ်တွင် ကိုယ်စားလှယ်လောင်း ၃၀၆၉ ဦးအနက် အမျိုးသမီးဦးရေ ၁၂၇ ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသမီးပါဝင်မှု ၄ ဒသမ ၁ ရာခိုင်နှုန်း ရှိခဲ့သည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကိုယ်စားလှယ်လောင်း ၆၀၃၈ ဦးရှိခဲ့ရာ အမျိုးသမီးကိုယ်စားလှယ်လောင်း ၈၀၀ ပါဝင်ခဲ့ပြီး အမျိုးသမီးပါဝင်မှု ၁၃ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ သို့ရာတွင် မြန်မာနိုင်ငံရှိအမျိုးသမီးများသည် နိုင်ငံရေးတွင် အမျိုးသားများနှင့်တန်းတူညီမျှ ပါဝင်မှုပမာဏ နည်းနေသေးကြောင်း တွေ့ရှိရသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မိမိရေးဆွဲထားသည့် ရွေးကောက်ပွဲဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၉ -၂၀၂၂) ရည်မှန်းချက်ပန်းတိုင်ပါ ရွေးကောက်ပွဲတွင် အမျိုးသမီးများပါဝင်မှု အခန်းကဏ္ဍ မြင့်မားရေးအချက်ကိုဦးတည်၍ ဤအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ရာ အောင်မြင်မှုရလဒ်များ ရရှိခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်အတူ အမျိုးသမီးကဏ္ဍဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများက ပူးပေါင်းပါဝင်၍ ဤဆွေးနွေးပွဲ၏ ရလဒ်များကို အကောင်အထည်ဖော် . . .**

### လွှတ်တော်များတွင်ကိုယ်စားပြုမှု

မြန်မာနိုင်ငံ၏လွှတ်တော်များအတွင်း ကိုယ်စားပြုမှုမှာ ကျား/မရေးရာ တန်းတူညီမျှမှုက ကြီးကြီးမားမားကွာဟနေဆဲ ဖြစ်သည်။ လွှတ်တော်များအတွင်း ၁၃ ရာခိုင်နှုန်းသာ အမျိုးသမီးပါဝင်နေပြီး အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များပါဝင်မှု အချိုးအားဖြင့် နိုင်ငံပေါင်း ၁၉၁ နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့် ၁၅၉ သာရှိနေကြောင်း လေ့လာတွေ့ရှိရသည်။

### အဘယ်ကြောင့်အမျိုးသမီးများပါဝင်မှု နည်းပါးနေသနည်း

မြန်မာနိုင်ငံတွင် အမျိုးသမီးများ နိုင်ငံရေးဖြစ်စဉ်များတွင် ပါဝင်မှုနည်းပါးရခြင်းသည် ယဉ်ကျေးမှုစံနှုန်းများကြောင့်ဟု ယူဆကြသည်များရှိသည်။ အမျိုးသမီးများအနေဖြင့် အမျိုးသားတို့၏ ခေါင်းဆောင်မှုကို ကျယ်ကျယ်ပြန့်ပြန့်ဦးစားပေးခြင်း၊ အမျိုးသမီးများကို အိမ်မှုကိစ္စများတွင် ဖြည့်ဆည်းပံ့ပိုးပေးရမည့်တာဝန်များ သတ်မှတ်ထားခြင်းစသည့် ယဉ်ကျေးမှုစံနှုန်းများကြောင့် အမျိုးသားနှင့် အမျိုးသမီးများ၏ နိုင်ငံရေးတွင်ပါဝင်မှုအပေါ် သက်ရောက်မှုရှိနိုင်သည်ဟု သုံးသပ်သည်များလည်းရှိသည်။ နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရွေးချယ်မှုတွင်လည်း ပုံမှန်အားဖြင့် အမျိုးသားများကိုသာ ဦးစားပေးလေ့ရှိကြသည်။ ဤသည်မှာလည်း အကြောင်းတစ်ချက်ဖြစ်သည်။

နောက်တစ်ကြောင်းမှာ ရွေးကောက်ပွဲများတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း၊ အမုန်းစကားများပြောဆိုခြင်းများသည် ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်ဖြစ်သည့် ရွေးကောက်ပွဲများ၏ အခြေခံစံချိန်စံညွှန်းကို ပျက်ယွင်းစေရာရောက်သည်။

အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင်မှု လျော့နည်းစေသည့် အကြောင်းအရင်းဖြစ်သည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် အမျိုးသမီးများ နိုင်ငံရေးနယ်ပယ်တွင် ပိုမိုပါဝင်လာစေရေးနှင့် တန်းတူညီမျှရှိစေရေးသည် ဒီမိုကရေစီ စံချိန်စံညွှန်းနှင့်ညီသည့် ရွေးကောက်ပွဲများ ဖြစ်စေရေးအတွက် အထက်ဖော်ပြပါ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။

### အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း

အလုပ်ရုံဆွေးနွေးပွဲသို့ အမျိုးသမီးကဏ္ဍဆိုင်ရာ အရပ်ဘက်လူ့အဖွဲ့အစည်း ၁၀ ဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အမျိုးသမီးကဏ္ဍတာဝန်ရှိသူ ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ရွေးကောက်ပွဲအရာရှိများ တက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် အစုအဖွဲ့ ခြောက်ဖွဲ့ ဖွဲ့စည်းသည်။ တစ်ဖွဲ့လျှင် ကိုးဦးကျစီပါဝင်သည်။

### ဆွေးနွေးသည့် အဓိကအချက်များ

လွှတ်တော်ရွေးကောက်ပွဲများတွင် အမျိုးသမီးအခန်းကဏ္ဍပါဝင်မှု မြင့်မားလာစေလိုသည်။ သို့ရာတွင် အမျိုးသမီးအခန်းကဏ္ဍပါဝင်မှု မြင့်မားလာအောင် မည်သို့ဆောင်ရွက်ကြရမည်ကို အဓိကဦးမတည်ဘဲ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများအား အမုန်းစကားများပြောဆို၍ တိုက်ခိုက်လာသည်များကို မည်သို့တားဆီးသွားမည်နည်း။ မည်သို့သော စည်းရုံးလှုံ့ဆော်မှုများကို ပြုလုပ်ဆောင်ရွက်သွားကြမည်နည်း။ ထိုသို့ တားဆီးပြုလုပ်ဆောင်ရွက်ကြခြင်းဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကာလအပြီး မည်သို့သောအကျိုးရလဒ်များ ဖြစ်ထွန်းလာမည်နည်း။ အမျိုးသမီးကဏ္ဍမြင့်မားလာမှု ပုံရိပ် မည်သို့ရှိလာမည်နည်း။ ဤအချက်များကို တစ်ဖွဲ့စီအလိုက် ဆွေးနွေးသွားကြရန်ဖြစ်သည်။

### ဆွေးနွေးပွဲမှထွက်ပေါ်လာသည့်အချက်များ

အစုအဖွဲ့ ခြောက်ဖွဲ့သည် မိမိတို့နှစ်သက်သည့် ခေါင်းစဉ်များပေးကြသည်။ မိမိဆောင်ရွက်မည့် လှုံ့ဆော်မှုအစီအစဉ်အနှစ်ချုပ်ကို ရေးသားသည်။ ထို့နောက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီး မျှော်လင့်ရသည့် အကျိုးရလဒ်များကိုရေးသားသည်။ တူရာတူရာများကို စုစည်း၍ ဤကဲ့သို့သော ဆွေးနွေးချက်များ ပေါ်ထွက်လာသည်။

အစုအဖွဲ့တစ်ခုလျှင် ခေါင်းစဉ် တစ်ခုဖြင့် ခေါင်းစဉ် ခြောက်ခုရသည်။ ယင်းတို့မှာ "အမျိုးသမီးများ ဦးဆောင်နိုင်ဖို့ အမုန်းစကားများတိုက်ဖျက်စို့"။ "၂၀၂၀ ရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများ ၃၅ ရာခိုင်နှုန်းကျော် ရွေးချယ်ခံရရေး"။ "ပြည်နယ်တစ်ခွင် ၃၀ ရာခိုင်နှုန်းဝင်"။ "အရောင်အသွေးစုံလင်သော အမျိုးသမီးငယ်များနှင့် လှပနေသော လွှတ်တော်"။ "ပျိုမေတို့၏ အနာဂတ်ပလ္လင်"။ "အမျိုးသမီးကိုယ်စားလှယ်လောင်းများ ပိုမိုပါဝင်ဖို့ အားလုံးပါဝင်စို့"တို့ဖြစ်သည်။

### အမုန်းစကားတိုက်ဖျက်ရေးအစီအစဉ်

အမုန်းစကားတိုက်ဖျက်ရေးအတွက် အသုံးပြုမည့် အစီအစဉ်ဆောင်ပုဒ်များအနေဖြင့် "အမုန်းစကားများ ဥပဒေနှင့်အညီရင်ဆိုင်ဖြေရှင်းသွား"။ "အမုန်းစကားများ စေ့စပ်ညှိနှိုင်းရေးကော်မတီမှ ထိန်းချုပ်စည်းတား"။ "အမုန်းစကားရှောင်၊ အမျိုးသမီးကိုယ်စားလှယ်များ အောင်"။ "အမျိုးသမီးအချင်းချင်း ယုံကြည်အားထားခြင်း"။ "သန့်ရှင်းလှပအောင် အမျိုးသမီးတွေက ဖော်ဆောင်"။ "အမျိုးသမီးကိုယ်စားလှယ်လောင်းများအား ကရုဏာမေတ္တာထား"။ "အမုန်းစကားများ တိုက်ဖျက်သွား" စသည်တို့ဖြစ်သည်။

### ရရှိလာမည့်အကျိုးရလဒ်များ

အမျိုးသမီးကိုယ်စားလှယ်လောင်းများအပေါ် တိုက်ခိုက်လာမည့် အမုန်းစကားများကို ကာကွယ်တားဆီးနိုင်ခြင်းဖြင့် ရရှိလာသည့် အကျိုးရလဒ်များအဖြစ် အောက်ပါအတိုင်း ဆွေးနွေးအဖြေထုတ်ကြသည်-

- အမျိုးသမီးကိုယ်စားလှယ်လောင်းများကို လူထုက ပိုမိုထောက်ခံလာမည်။
- အမျိုးသမီးအခန်းကဏ္ဍ ပိုမိုမြင့်မားလာပြီး လူမှုစီးပွားရေးလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့မည်။
- လွှတ်တော်ပြင်ပတွင်လည်း အမျိုးသမီးများ နိုင်ငံရေးတွင် ပိုမိုစိတ်ဝင်စားမှု မြင့်မားလာမည်။
- အရည်အချင်းရှိသည့် အမျိုးသမီးငယ်များအတွက် နိုင်ငံတော်တွင် အရေးပါထိုက်တန်သည့်နေရာများ ပေါ်ထွက်လာမည်။
- အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခွင့် မြင့်မားလာမည်။ မိမိကိုယ်ကို ယုံကြည်မှု ပိုမိုမြင့်မားလာစေပြီး လွတ်လပ်လုံခြုံစွာ မဲဆွယ်စည်းရုံးလာနိုင်မည်။
- အမျိုးသားများနှင့်အတူ တန်းတူရည်တူ လုပ်ပိုင်ခွင့်များ ဖြစ်ထွန်းလာမည်။
- လူထုကအမျိုးသမီးများအပေါ် ပိုမိုယုံကြည်မှုများ ရှိလာမည်။
- သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသော အမျိုးသမီးများ ခေါင်းဆောင်မှုနေရာများကို ရောက်သွားနိုင်ကြမည်။

### ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲနှင့်အတူ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မိမိရေးဆွဲထားသည့် ရွေးကောက်ပွဲဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၉ -၂၀၂၂) ရည်မှန်းချက်ပန်းတိုင်ပါ ရွေးကောက်ပွဲတွင် အမျိုးသမီးများပါဝင်မှုအခန်းကဏ္ဍ မြင့်မားရေးအချက်ကို ဦးတည်၍ ဤအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ရာ အောင်မြင်မှုရလဒ်များ ရရှိခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်အတူ အမျိုးသမီးကဏ္ဍဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများက ပူးပေါင်းပါဝင်၍ ဤဆွေးနွေးပွဲ၏ ရလဒ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားခြင်းဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်အတူ နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှုအခန်းကဏ္ဍ ပိုမိုမြင့်မားတိုးတက်လာမည်ဟု ယုံကြည်မိကြောင်းပါ။

- ➤ **အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများအပေါ် လုပ်ကြံသတင်းများ၊ အမုန်းစကားများ ရှောင်ရှားနိုင်ကြပါစေ၊**
- ➤ **ပေါ်ပေါက်လာနိုင်သည့် လုပ်ကြံသတင်းများ၊ အမုန်းစကားများကို တားဆီးထိန်းချုပ်နိုင်ကြပါစေ၊**
- ➤ **နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှုအခန်းကဏ္ဍ ပိုမိုမြင့်မားလာပါစေ။**

■

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### ဖက်ရှင်ဂိမ်းကုမ္ပဏီကို ဆယ်လီနာဂိုမက်ဇ် တရားစွဲ

အဆိုတော်နဲ့ ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်ဟာ စမတ်ဖုန်းဂိမ်းတီထွင်တဲ့သူတွေကို တရားစွဲဆိုခဲ့ပါတယ်။ သူတရားစွဲရတဲ့ အကြောင်းကတော့ အဲဒီဂိမ်းပြုလုပ်သူတွေဟာ ဆယ်လီနာရဲ့ရုပ်ပုံကို ခွင့်ပြုချက်မရှိဘဲ သုံးစွဲခဲ့လို့ပဲဖြစ်ပါတယ်။ အဲဒီ ဂိမ်းအက်ပလီကေးရှင်းဟာ ပါဝင်ကစားသူတွေရဲ့ ဝတ်စားဆင်ယင်မှုကို နာမည်ကျော်တွေဖြစ်ကြတဲ့ ဆယ်လီနာဂိုမက်ဇ်၊ အဒဲ၊ ကာဒစ်ရှီရန်တို့ ညီအစ်မတွေရဲ့ ဝတ်စားဆင်ယင်မှုအတိုင်းတူအောင် ပြုလုပ်ပေးတာဖြစ်ပါတယ်။ ဆယ်လီနာဂိုမက်ဇ်ကတော့ အဲဒီဂိမ်းကိုရှုတ်ချခဲ့ပြီး သူ့ရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ချိုးဖောက်တယ်လို့ စွပ်စွဲခဲ့ပါတယ်။ အဲဒီနောက် အမှုရင်ဆိုင်ပြီး စစ်ဆေးပေးဖို့ တောင်းဆိုခဲ့ပါတယ်။ အဲဒီဂိမ်းကိုတော့ လူကြိုက်အများဆုံး ဖက်ရှင်ဂိမ်းဆိုပြီး အမည်ပေးထားပါတယ်။ အဲဒီဂိမ်းမှာ ဆယ်လီနာဂိုမက်ဇ်ရဲ့ပုံရိပ်ကို အသုံးပြုဖို့အတွက် ဂိမ်းတီထွင်သူတွေဟာ ဆယ်လီနာဆီမှာ ခွင့်ပြုချက်တောင်းခံခြင်း၊ အကြောင်းကြားခြင်း၊ အကြံဉာဏ်ရယူခြင်းမျိုး မပြုလုပ်ခဲ့ဘူးလို့ သိရပါတယ်။

ဇရိုက်ယက်တီ ဒေါ့ကွန်း




ဂိမ်းထဲတွင် ဆယ်လီနာဂိုမက်ဇ် ပုံစံတူပြုလုပ်ထားသည့် ကာတွန်းရုပ်ပုံကို တွေ့ရစဉ်။

### လော့စ်အိန်ဂျလိစ်မြို့ ဒေသခံတွေအတွက် ဟယ်ရီနဲ့ မီဂန်မာကယ်တို့ အစားအစာ တိတ်တဆိတ် ပို့ဆောင်ပေး

ဗြိတိန်တော်ဝင်မင်းသား ဟယ်ရီနဲ့ ဇနီးဖြစ်သူ အမေရိကန်ရုပ်ရှင်မင်းသမီး မီဂန်မာကယ်တို့ဟာ တော်ဝင်တာဝန်ဝတ္တရားတွေကို စွန့်လွှတ်ပြီးတဲ့နောက်ပိုင်း လူသိများ ထင်ရှားအောင် မနေခဲ့ပါဘူး။ နောက်ပြီး သူတို့နှစ်ဦးဟာ လော့စ်အိန်ဂျလိစ်မြို့မှာ အခြေချနေထိုင်ခဲ့ကြပါတယ်။ အခု တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ် -၁၉ ကပ်ရောဂါကို ရင်ဆိုင်နေရချိန်မှာ ဟယ်ရီနဲ့မီဂန်မာကယ်တို့ဟာ လော့စ်အိန်ဂျလိစ်မြို့က အမှန်တကယ်လိုအပ်နေသူတွေကို အစားအသောက်တွေ ပေးပို့ခဲ့တယ်လို့ သိရပါတယ်။ နာတာရှည်ဖျားနာနေတဲ့သူတွေကို ပရဟိတအဖွဲ့ရဲ့အကူအညီနဲ့ သေချာပြင်ဆင်ထားတဲ့ အစားအသောက်တွေ လှူဒါန်းပေးခဲ့ပါတယ်။ လူအများစုဟာ ဖျားနာနေကြတဲ့အတွက် အပြင်ထွက်ပြီး အစားအသောက်ဝယ်ယူဖို့ အဆင်မပြေကြပါဘူး။ အဲဒီအခါမှာ ပရဟိတအဖွဲ့ကို အစားအသောက်လာပို့ပေးဖို့ အကူအညီတောင်းခံခဲ့ကြပါတယ်။ အီစတာပွဲတော်နေ့ကဆိုရင် အကြိမ်ပေါင်း ၇၀ အထိ ပရဟိတအဖွဲ့ကို အကူအညီတောင်းခံတဲ့ဖုန်းတွေ ဝင်လာခဲ့ပါတယ်။ အဲဒီအခါမှာ ဟယ်ရီနဲ့ မီဂန်မာကယ်တို့ဟာ အစားအသောက်လိုက်လံပို့ဆောင်ပေးဖို့ စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်လာခဲ့ကြပါတယ်။ တချို့အိမ်တွေမှာဆို သူတို့စုံတွဲ ထွက်သွားတဲ့အထိ သူတို့ကို အစားအသောက်လာပို့သွားတာ ဘယ်သူလဲဆိုတာ မသိခဲ့ကြပါဘူး။ တော်ဝင်တာဝန်တွေကို စွန့်လွှတ်ပြီးတဲ့နောက်ပိုင်း Project Angel Food အဖွဲ့ဟာ ဟယ်ရီတို့စုံတွဲ ပထမဆုံးလက်တွဲဖြစ်တဲ့ ပရဟိတအဖွဲ့ပဲဖြစ်ပါတယ်။

ဟောလိဝုဒ်လိုက်ဖ်



တော်ဝင်မင်းသား ဟယ်ရီနှင့် အမေရိကန် ရုပ်ရှင်မင်းသမီး မီဂန်မာကယ်

ဖြုး



# ဘာသာစာပေပေါင်းကူး(၁၁)

မောင်ခင်မင် (ဓနုဖြူ)

"ဘာဘရေ၊ ညက လေတွေတိုက်လို့ သမီးတို့ အိမ်နောက်ဘက်က သစ်ပင်ကြီးလဲသွားတာ ဝုန်းခနဲ ကြားလိုက်ရတယ်။ အကျယ်ကြီးပဲ ဘာဘ"

"အေး....ဘာဘလဲ အဲဒီဝုန်းဆိုတဲ့ အသံကြီးကြားလို့ ညက အိပ်ရာကလန့်နိုးသွားတယ်"

"ကြောက်စရာကြီးနော် ဘာဘ"

"အေး...အေး၊ အဲဒီကြောက်စရာကြီး အကြောင်းကိုပဲ ပြောကြရအောင်။ သစ်ပင်ကြီး လဲသွားတော့ ဘယ်လိုအသံမြည်တယ်..."

"ဝုန်းလို့ မြည်ပါတယ် ဘာဘ"

"အဲဒီမြည်တဲ့အသံကို စာနဲ့ရေးကြတာတို့၊ ပါးစပ်နဲ့ ပြောကြတာတို့ကို ဘယ်လိုခေါ်ပါလိမ့်"

"မြည်သံစွဲစကားပါ ဘာဘ၊ မြည်သံစွဲလို့ ခေါ်ပါတယ်"

"ဟုတ်တယ်။ အဲဒီမြည်သံစွဲစကားတွေဟာလဲ တကယ်မြည်တဲ့အသံကိုသရုပ်ဖော်တဲ့ စကားလုံးတွေမို့ စိတ်ဝင်စားစရာပဲ သမီးရဲ့"

"ဟုတ်ကဲ့ပါ။ ဆယ်တန်းမှာသင်တဲ့ အလင်္ကာတွေထဲမှာ မြည်သံစွဲအလင်္ကာလဲပါပါတယ် ဘာဘ"

"ဟုတ်တယ်။ မြည်သံစွဲအလင်္ကာဟာ စာပေအရာမြောက်တဲ့ အလင်္ကာအဖွဲ့တွေပဲကွဲ့။ စာရေးဖွဲ့တဲ့သူက သူကြားတဲ့မြည်သံကို အခုလိုဖွဲ့လိုက်တဲ့အခါ စာဖတ်တဲ့သူက မြည်သံကို တကယ်ကြားရသလို စိတ်ထဲမှာထင်သွားပြီး သဘောကျသွားတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဒါထက် – သမီးဘုရားဖူးတဲ့အခါ စေတီတော်က ဆည်းလည်းလေးတွေ မြည်တဲ့အသံ ကြားဖူးမှာပေါ့"

"ဘယ်လိုမြည်သလဲ သမီး"

"ခြွင်ခြွင်လို့ မြည်တယ်ထင်ပါတယ် ဘာဘ"

"အေး – ဘာဘတို့လဲ ဆည်းလည်း မြည်သံကို 'ခြွင်ခြွင်' လို့ကြားတာပဲ။ အင်းဝခေတ်က ပျို့တွေထဲမှာ ဆည်းလည်းမြည်သံကို ဖွဲ့ထားတာ သမီးမှတ်မိလား"

"မမှတ်မိပါဘူး ဘာဘ"

"အေး...ရှင်အဂ္ဂသမာဓိရဲ့နေမိဘုံခန်းပျို့ထဲမှာ နတ်သမီးတွေရဲ့ နန်းဆောင်က ဆည်းလည်းကလေးတွေ မြည်တဲ့ အသံက သိပ်သာယာတယ်။ 'ညောင်းညောင်းညျှန်းညျှန်း'တဲ့"

"ဟာ...ဟုတ်သားပဲဘာဘ၊ သမီးသင်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ အမှတ်တမဲ့ ဖြစ်သွားလို့ ဆည်းလည်းမြည်သံမှန်း သတိမထားမိပါဘူး ဘာဘ"

"စာဆိုရှင် အဂ္ဂသမာဓိရဲ့နားထဲမှာ ကြားတဲ့အသံလို့ ပြောရမှာပေါ့။ 'ည'ဆိုတဲ့အသံက နှာခေါင်းသံကလေးပါပြီး နွဲ့နွဲ့ချိုချိုကလေးလေ၊ နားဝင်ချိုတာပေါ့ကွယ်"

"ဘာဘ ပြောပြမှ အရသာပေါ်သွားပါတယ် ဘာဘ"

"အဲ... ဦးပုည တီးပြတဲ့ ဆိုင်းသံရော သမီးနားထောင်ဖူးသလား"

"ဟင်...ဘာဘကလဲ၊ ဦးပုည ဆိုင်းတီးပြတယ်လို့ သမီးတော့ မကြားဖူးပါဘူး"

"သမီး သတိမထားမိလို့ပါ။ ဦးပုညက 'နွားတစ်ကောင်အသုံး'ဆိုတဲ့ လင်္ကာ တစ်ပုဒ်ရေးထားတာရှိတယ်။ နွားတစ်ကောင်ရဲ့ အသားတွေ၊ သားရေတွေ၊ ချိုတွေ၊ ဝမ်းထဲက ကလီစာတွေနဲ့ အို...နောက်ဆုံး နွားမြီးပါမကျန် အသုံးဝင်ပုံကို ရေးထားတာလေ၊ ပျော်စရာကြီးပဲ"

"သမီးမဖတ်ဖူးပါဘူး ဘာဘ"

"ခုဟာက ဆိုင်းသံအကြောင်းပြောဖို့ဆိုတော့၊ တခြားဟာတွေတော့ မပြောတော့ဘူး။ ဒါပေမဲ့ ဦးပုညရဲ့လက်စွမ်းကို သတိထားမိအောင် နွားမြီး အသုံးဝင်ပုံဖွဲ့ထားတာ ဘာဘ ဆိုပြမယ်"

"ဟုတ်ကဲ့ပါ"

" ကျန်နေသည့် အမြီးမှာ၊ မီးတွင်း မိန်းမ၊ နို့မရ၍၊ သားကတစာစာ၊ မာတာကြံ့လို့၊ နို့ရည်မလိုက်၊ ရှိသည်ခိုက်တွင်၊ ပြောလိုက်မည်အပြီး၊ သည်နွားမြီးကို၊ မီးဖုတ်ချက်ခြင်း၊ တောက်တောက်စဉ်း၍၊ ဟင်းခါးလည်းချက်၊ ကြောင်ပန်းရွက်နှင့်၊ နို့ပျက်မိန်းမ၊ သောက်လိုက်ရလျှင်၊ နို့လုံးရှင်သည်၊ 'သူ့လင်စို့တော့မကုန်တည်း'...တဲ့ဗျ"

"ဟဲ...ဟဲ။ ကောင်းလိုက်တာ ဘာဘရယ်၊ ဟဲ...ဟဲ"

"သမီး သဘောကျသွားပြီ မဟုတ်လား။ ကလေးမွေးဖွားပြီးစ မိန်းမက နို့မထွက်လို့ ကလေးက တငိုငိုဖြစ်ပြီး ဒုက္ခရောက်နေရင် နွားမြီးကို မီးဖုတ် တောက်တောက်စဉ်းပြီး ကြောင်ပန်းရွက်နဲ့ ဟင်းခါးချက်သောက်ပါ...တဲ့။ နို့ရှင်လွန်းလို့ ကလေးတင်မကဘူး သူ့လင်ဝင်စို့တောင် နို့ရည်ကမကုန်ဘူး – တဲ့။ ဘယ်လောက်များ အရေးကောင်းလိုက်သလဲ။ ကဲ ဆိုင်းတီးတဲ့အကြောင်း ပြောတော့မယ်။ နွားသားရေနဲ့ဗုံတွေ၊ ပတ်မတွေ၊ အိုးစည်တွေ လုပ်ရတယ်မဟုတ်လား။ အဲဒါကို ဦးပုညက သရုပ်ဖော်ထားတယ်။ ဒီတစ်ခါတော့ သမီးအလှည့်ပဲ။ ဟောဒီအပိုဒ်ကလေးကို အသံထွက်ပြီး ဖတ်ကြည့်စမ်းကွယ်"

"ဟုတ်ကဲ့ပါ၊ အဲ...ဗိတ် ပိမ့် ဗိန်း အိုးစည်၊ မြည်နိုင်မျှဗုံသာ၊ ဆိုင်းဆရာမှာ၊ ပူနာတာပုံတေး၊ ပတ်ကလေးတွေ၊ သားရေမြည်ဟန်၊ ကျန်သည့်ပတ်မကြီး၊ တီးလိုက်လျှင်ထီးဗေ့၊ သုံး၍မယုတ်၊ တုတ်ပလုတ်တုတ်ဖြုန်း၊ ဖြောမှာလည်း သုံးရသည်..."

"ရပြီ၊ ရပြီ။ ကဲ – ဘယ်နှယ်လဲ၊ ဆိုင်းသံဗုံသံတွေ ကြားလိုက်ရတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘာဘရယ်၊ အိုးစည်သံရော၊ ပတ်မသံရော၊ ဖြောသံရော စုံနေတာပါပဲ"

"ဦးပုညက စကားနိုင်နင်းတဲ့ စာဆိုမို့ ဆိုင်းသံဗုံသံတွေကို ခုလိုနားစွဲအောင်ဖွဲ့နိုင်တာပေါ့ကွယ်။ ဦးပုညတီးခဲ့တဲ့ ဆိုင်းသံ၊ ဗုံသံတွေဟာ စာထဲမှာ ခုအထိအသက်ဝင်နေတုန်းပဲလေ"

"ဟုတ်ကဲ့ပါ၊ သမီး သဘောပေါက်ပါပြီ"

"ဖြောသံဆိုလို့ ဆရာကြီးမင်းသုဝဏ်ရဲ့ 'ဖြောသံ' ဆိုတဲ့ ကဗျာမှာလဲ ဖြောသံကလေးနဲ့ အဖွင့်အပိတ်လုပ်ထားတာ သိပ်လှတယ်ကွယ်"

"ဟုတ်ကဲ့ပါ"

"ကဗျာအစမှာ ' ပလုတ်ဖြုန်းရယ်နဲ့၊ တောင်ကုန်းရွာ သာစခန်းဆီက၊ ဒေါ်ရွှေမေ ဦးရေချမ်းငယ်တို့၊ သာသနာနေဝါလန်းရန်ဖို့၊ ဆန်းလိုက်တဲ့ဖြောသံစည်'လို့ 'ပလုတ်ဖြုန်း'ဆိုတဲ့ ဖြောသံကလေးနဲ့ ဖွင့်လိုက်ပြီး ကဗျာအဆုံးမှာ 'သျှောင်ကြီးရှင် ဆံပင်တင်းပြီကွဲ့၊ ညှဉ်းတဲ့ တုတ်ဖြုန်း'ဆိုပြီး 'တုတ်ဖြုန်း' ဆိုတဲ့ ဖြောသံကလေးနဲ့ပဲ အဆုံးသတ်လိုက်တာလေ။ ရှင်လောင်းလှည့်ပွဲကို ဖြောသံနဲ့ အဖွင့်အပိတ်လုပ်ထားတာ မဟုတ်လား။ ဘယ်လောက် လှသလဲကွယ်"

"ဟုတ်ပါတယ် ဘာဘ"

"ဆရာ ဒေါင်းနွယ်ဆွေရဲ့ 'လွမ်းလိပ်ပြာတောင်'ဆိုတဲ့ ကဗျာရှည်ကြီးမှာ ဒေါနနဲ့ဝဏ္ဏာဆိုတဲ့ သူငယ်ချင်း နှစ်ယောက် မိန်းမတစ်ယောက်အတွက်ကြောင့် ဓားချင်းယှဉ်ခုတ်တဲ့ အဖွဲ့ပါတယ်လေ။ အဲဒီမှာ ဖွဲ့ထားတာက 'ရှောင်ရှားခုခံ၊ ဉာဉ်နှဲ့ယံတွင်၊ ဓားသံခြွင်းခြွင်း မြည်သတည်း'တဲ့။ ခြွင်းခြွင်းဆိုတဲ့ ဓားခုတ်သံတွေကို ကြားယောင်လာရတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဩော်...သတိရလို့၊ ကိုလိုနီခေတ်တုန်းက မီးရထားတွေပေါ်စက မီးရထားအကြောင်းဖွဲ့တဲ့ 'တေးထပ်ဆန်း'ဆိုတဲ့ ကဗျာတစ်ပုဒ်ရှိတယ်။ အဲဒီမှာလဲ ရန်ကုန်မှာ မီးရထားကြီးအရှိန်နဲ့ မောင်းလာတုန်း မြည်တဲ့အသံကိုဖွဲ့ထားတာပါတယ်။ အဲ...
" တော်သံဂြိုးဂြိမ့်၊ ဆော်ဖန်ညို့ညိမ့်၊ ကျော်သံသို့သိမ့်၊ ဒိုးဒိမ့်ဒေါင်ငယ်၊ ဖိုးဗလိမ့်ဖောင် ရေကိုလွှားလို့၊ မိုးဘဝိန့်ခေါင် လေကိုဝါးလျက်၊ မြေကိုမနား အသွားလျင်စွာ၊ ရထားယာဉ် စကြာ'တဲ့"

"မြည်သံတွေ အများကြီးပဲနော် ဘာဘ"

"ကဲ...အဲဒီလို စာထဲမှာ ဖွဲ့တဲ့မြည်သံတွေကို လေ့လာကြည့်ရင် မြည်သံ သုံးမျိုးတွေ့ရတယ်ကွဲ့။ တစ်မျိုးက သဘာဝမြည်သံပေါ့။ မိုးခြိမ်းသံတို့၊ လေတိုက်သံတို့၊ သစ်ကိုင်းကျိုးကျသံတို့လို အသံမျိုးပဲ။ ဂြိုးဂြိုးဂြိမ့်ဂြိမ့်တို့၊ ဝုန်းဝုန်းတို့၊ ဖြုန်းဖြုန်းတို့ပေါ့။ နောက်တစ်မျိုးက သတ္တဝါတွေရဲ့ အော်သံပေါ့။ အောက်အီးအီးအွတ်တို့၊ ညောင်တို့၊ ဝုတ်ဝုတ်တို့၊ ဘွတ်အဲတို့ပေါ့ကွယ်။ ဒေါင်းတွန်တဲ့အသံကိုတော့ 'အိုးဝေ'လို့ ကဗျာဆန်ဆန်သရုပ်ဖော်ထားတယ်လေ။ ဒါလဲ ဘာသာစကားက စာပေကို ပေးတဲ့လက်ဆောင်ပေါ့ကွယ်"

"ဟုတ်တယ်နော် ဘာဘ"

"နောက်တစ်မျိုးကတော့ လူလုပ်တဲ့အသံပေါ့။ ဒူဝေဝေတို့၊ နောင်တို့၊ ဒိုင်းတို့၊ ဒက်ဒက်ဒက်ဒက်တို့၊ ဗေထိတို့၊ ပလုတ်ဖြုန်းတို့ လူဖန်တီးတဲ့ အသံတွေပေါ့ကွယ်။ ဒီမြည်သံတွေကို အလင်္ကာမြောက်အောင်ဖွဲ့ရင် မြည်သံစွဲအလင်္ကာပေါ့။ ပါဠိလို 'အနုကရဏသဒ္ဒ'လို့ ခေါ်တယ်။ စာပေသုံးစကားကတော့ အိုနိုမာတိုးပီးယား (Onomatopoeia) လို့ခေါ်တယ်။ သမီးသိမှာပေါ့"

"ဟုတ်ကဲ့ပါ"

"နောက်ဆုံးအနေနဲ့ စာရေးဆရာကြီး နှစ်ယောက်မှတ်တမ်းတင်ခဲ့တဲ့ မြည်သံ နှစ်သံကို ပြောပြမယ်။ နှစ်ယောက်စလုံး သမ္ဗန်ခတ်သံတွေကို ကြားတဲ့အတိုင်း မှတ်တမ်းတင်ထားတာလေ"

"ပြောပြပါ ဘာဘ"

"ဆရာ သိပ္ပံမောင်ဝက သမ္ဗန်သွားတုန်း သမ္ဗန်ခတ်တဲ့အသံကို မှတ်တမ်းတင်ထားတယ်။ 'ကျွိကျွိအီးဖတ်ဖတ်'တဲ့။ ဆရာရန်ကုန်ဘဆွေ သမ္ဗန်နဲ့ သွားတုန်း ကြားတဲ့အသံကတော့ 'ဂျော်ဂျစ်ဖြဲဖြဲဖြဲဖြဲ'တဲ့။ သမ္ဗန်ခတ်လိုက်တော့ တက်နဲ့ရေနဲ့ထိပြီး မြည်တဲ့အသံတွေပေါ့ကွယ်။ ခုအထိ စာပေထဲမှာ တည်တံ့နေလေရဲ့"

"အေး - ဘာဘတို့လဲ ဆည်းလည်းမြည်သံကို 'ခြွင်ခြွင်' လို့ကြားတာပဲ။ အင်းဝခေတ်က ပျို့တွေထဲမှာ ဆည်းလည်းမြည်သံကို ဖွဲ့ထားတာ သမီးမှတ်မိလား"

"မမှတ်မိပါဘူး ဘာဘ"

"အေး...ရှင်အဂ္ဂသမာဓိရဲ့နေမိဘုံခန်းပျို့ထဲမှာ နတ်သမီးတွေရဲ့ နန်းဆောင်က ဆည်းလည်းကလေးတွေ မြည်တဲ့အသံက သိပ်သာယာတယ်။ 'ညောင်းညောင်းညျှန်းညျှန်း' တဲ့"

# ချင်းပြည်နယ် ဖလမ်းမြို့နယ်တွင် လျှပ်စစ်လှုပ်ခတ်မှုများဖြစ်ပေါ်ခဲ့ပြီး ပျက်စီးမှုအနည်းငယ်ရှိကြောင်းသိရ



**နေပြည်တော် ဧပြီ ၁၇**

ဧပြီ ၁၆ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်တွင် ချင်းပြည်နယ် ဖလမ်းမြို့၏ အရှေ့တောင်ဘက် ၂၄ မိုင်ခန့်အကွာ၌ အနက် ၁၂ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်း မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီး ည ၇ နာရီ ၁၇ မိနစ်ခန့်တွင်လည်း ဖလမ်းမြို့၏ အရှေ့တောင်ဘက် ၂၅ မိုင်ခန့်အကွာတွင် အနက် ၃ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု ထပ်မံလှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ချင်းပြည်နယ် ဟားခါးမြို့နှင့် ဖလမ်းမြို့တို့တွင် ပျက်စီးမှုအနည်းငယ်ရှိခဲ့ရာ ဟားခါးမြို့ ဈေးသစ်ရပ်ကွက် မြို့နယ်စုပေါင်းရုံးအတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ တီဗွီတစ်လုံးနှင့် ကွန်ပျူတာတစ်လုံး ကွဲခြင်း၊ မှန်ဗီရိုနှစ်လုံး လဲကျ၍ မှန်ကွဲခြင်း၊ ဆင်ဝင်အောက် မျက်နှာကြက်နှစ်ခုကွာကျခြင်း၊ ပြတင်းပေါက်မှန်လေးချပ်ကွဲအက်ခြင်း၊ စုပေါင်းရုံးနံရံ ခုနစ်နေရာ ကွဲအက်ခြင်း၊ အိမ်သာနှစ်ခု ကျောက်ပြားပြုတ်ကျခြင်း၊ ဈေးသစ်ရပ်ကွက်ရှိ ခရိုင်ပြန်/ဆက်ရုံး မျက်နှာကျက်ကွာကျခြင်း၊ မှန်ဗီရိုသုံးလုံးပျက်စီးခြင်း၊ စာတင်စင်နှစ်ခု ပြိုလဲခြင်း၊ သစ်သားရေစင်နှင့် ဖိုင်ဘာရေစည်ပြုတ်ကျခြင်း၊ ခရိုင်မီးသတ်အဆောက်အဦနှင့် ဝန်ထမ်းနေအိမ်နံရံများအက်ကွဲခြင်း၊ ဈေးသစ်ရပ်ကွက်ရှိ ဆိုင်ခန်းတစ်ခန်းတွင် တံခါးမကြီးလေးချပ်ပြုတ်ကျပျက်စီးခြင်း၊ ဖလမ်းမြို့ ဗားရ်လုံကျေးရွာတွင် အထက ကျောင်း နှစ်ထပ်ဆောင်အပေါ်ထပ် အခန်းနှစ်ခန်းကြားရှိ အုတ်နံရံ ၁၀ ပေ ခန့် ပြိုကျပျက်စီးခြင်းများ ရှိခဲ့သည်။ အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အင်ကျွန်းကျေးရွာရှိ ဘုရားထီးတော်မြေခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အနေဖြင့် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို သတင်းရယူကာ လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် လေပြင်းတိုက်မှုကြောင့် ဘေးဒဏ်ခံရသူများအား ထောက်ပံ့မှုများဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၁၇**

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်၊ ဧပြီနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး လေပြင်းတိုက်ခတ်မှုများကြောင့် အိုးအိမ်ထိခိုက်ပျက်စီးမှုများကို နှစ်စဉ်ကြုံတွေ့ရလျက်ရှိသည်။

ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများဖြစ်ပွားခဲ့ရာ ဧပြီ ၁၂ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဝန်းသို၊ ကသာ၊ အင်းတော်၊ ထီးချိုင့်မြို့နယ်များ၌ စုစုပေါင်း နေအိမ် ၉၅ လုံးနှင့် ဘုန်းကြီးကျောင်းနှစ်ကျောင်း၊ ဧပြီ ၁၅ ရက်တွင် ကောလင်း၊ ဖောင်းပြင်၊ ကလေးဝ၊ အင်းတော်၊ ပင်လယ်ဘူး၊ ဗန်းမောက်၊ ဝန်းသိုမြို့နယ်တို့၌ နေအိမ် ၇၇ လုံးနှင့် ဘုန်းကြီးကျောင်းသုံးကျောင်း၊ ဧပြီ ၁၆ ရက်တွင် မင်းကင်းမြို့နယ်၌ နေအိမ် ၅၆ လုံး၊ စုစုပေါင်း နေအိမ် ၂၂၈ လုံးနှင့် ဘုန်းကြီးကျောင်းငါးကျောင်းတို့ အမိုးအကာလန် ပျက်စီးခဲ့သည်။

### အမိုးအကာလန်ပျက်စီး

အလားတူ ဧပြီ ၁၆ ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် နေအိမ် ၁၈၄ လုံး၊ ပေါက်မြို့တွင် နေအိမ် ၁၅ လုံးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း၊ မင်းဘူးမြို့တွင် နေအိမ် ၁၀ လုံး၊ စလင်းမြို့တွင် နေအိမ်ငါးလုံး၊ စုစုပေါင်း နေအိမ် ၂၁၄ လုံးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းတို့ အမိုးအကာလန် ပျက်စီးခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ တာဝန်ရှိသူများသည် လေပြင်းတိုက်ခတ်မှုဖြစ်ပွားရာ နေရာများသို့ သွားရောက်လျက် ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိရာ ဆန်ရိက္ခာဖိုးနှင့်အိမ်ဆောက်ပစ္စည်းဖိုးများ စုစုပေါင်း ငွေကျပ် ၁၄၂၀၀၀၀၀ ကျော် ထောက်ပံ့ထားရှိပြီး ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

### အကူအညီတောင်းခံနိုင်

ပြည်သူလူထု အနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်းတို့နှင့် ပတ်သက်၍ အထူးဂရုပြု နေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID-19 ကူးစက်မြန်ရောဂါကို ကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့-

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာ ရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကို မထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့်ပါးစပ်တို့ကို တစ်ရှူးဖြင့်အုပ်၍ ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျ ပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေး ပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကို ထိန်းချုပ်ရန် အများပြည်သူ လိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်း မပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်း မြင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း အသိပေး အပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## မိတ္ထီလာမြို့၌ နှစ်ဆန်း ၁ ရက်နေ့တွင် ဒေသခံပြည်သူများက ကိုဗစ်-၁၉ ကင်းဝေးစေရေးအတွက် ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများတွင် သွားလာမှုမရှိဘဲ နေအိမ်များတွင် ပရိတ်တရားတော်များနာယူ

**မိတ္ထီလာ ဧပြီ ၁၇**

မိတ္ထီလာမြို့၌ ကိုဗစ်-၁၉ ကင်းဝေးစေရေးအတွက် မြန်မာနှစ်သစ်ကူးကာလ နှစ်ဆန်း ၁ ရက်နေ့တွင် ဒေသခံပြည်သူများက နေအိမ်များ၌ ပရိတ်တရားတော်များ နာယူမည်ဖြစ်ကြောင်း ခရိုင်သာသနာရေးဦးစီးဌာနမှ သိရသည်။

မြန်မာ့နှစ်သစ်ကူးကာလ နှစ်ဆန်း ၁ ရက်နေ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ သက်ကြီးပူဇော်ပွဲများ၊ ငါးလွှတ်ပွဲများ၊ အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ခြင်းများဆောင်ရွက်သည့်အပြင် ရပ်ကွက်ကျေးရွာများတွင်လည်း မိမိတို့အစီအစဉ်များဖြင့် ပရိတ်ရွတ်ဖတ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလျက်ရှိသောကြောင့် မိမိတို့မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကင်းဝေးစေရေးအတွက် လူစုလူဝေးဖြင့်ဆောင်ရွက်သည့် ဘုရားစေတီများနှင့် ဘုန်းတော်ကြီးများတွင် တရားနာယူခြင်း၊ စုပေါင်း အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ခြင်းများ မပြုလုပ်ဘဲ မိမိတို့နေအိမ်များ၌ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ ထုတ်လွှင့်ပေးသည့် ပရိတ်တရားတော်ကို နာယူမည်ဖြစ်ကြောင်း ခရိုင်သာသနာရေးမှူး ဦးကိုကိုအောင်က ပြောကြားသည်။

နှစ်စဉ်နှစ်တိုင်း ရပ်ကွက်/ကျေးရွာများအလိုက် ဒေသခံပြည်သူများက မိမိတို့သက်ဆိုင်ရာ ရပ်ကွက်ထိပ်၊ ရွာဦး နေရာများတွင် သံဃာတော်များဖြင့် ပရိတ်အိုးများထားရှိကာ ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်းများဆောင်ရွက်လျက်ရှိရာမှ ယခုနှစ်တွင် ကိုဗစ်-၁၉ ဖြစ်ပွားလျက်ရှိ၍ ရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် မိမိတို့နေအိမ်များတွင် ပရိတ်တရားတော်များနာယူနိုင်စေရန် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း အစီအစဉ် ကို ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း၊ ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ ရပ်ကွက်အကျိုးတော်ဆောင်များက လိုက်လံအသိပေးသည့်အပြင် ရပ်ကွက် အတွင်းရှိ ဒေသခံပြည်သူများ အန္တရာယ်ကင်းစေရေး ရပ်ကွက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း လေးကျောင်းမှ သံဃာတော်များကလည်း မိမိတို့ကျောင်းများတွင် ပရိတ်တရားတော်များ ရွတ်ဖတ်မည်ဖြစ်ရာ မိမိတို့နေအိမ်များ၌ ပရိတ်တရားတော်များ နာယူရန် အဆင်မပြေသည့် နေအိမ်များမှ ပရိတ်အိုးများကို နယ်မြေအလိုက် ရပ်ကွက်အကျိုးတော်ဆောင် နှစ်ဦးမှတာဝန်ယူ၍ ပရိတ်အိုးများကို ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပို့ဆောင်ပေးခြင်း၊ ယူဆောင်ပေးများကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း ကျီးတော်ကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက ပြောသည်။

မိတ္ထီလာမြို့၌ နှစ်ဆန်း ၁ ရက်နေ့တွင် ဒေသခံပြည်သူများမှ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများတွင် သွားလာမှုမရှိဘဲ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့များ၏ အသိပညာပေးမှု၊ အသိပေးနှိုးဆော်ချက်များနှင့်အညီ လိုက်နာနေထိုင်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ကိုဗစ်-၁၉ ကာကွယ်ရေးဆောင်ရွက်နေသော ဝန်ထမ်းများအား စားသောက်ကုန်နှင့် နှာခေါင်းစည်းများပေးအပ်

**မန္တလေး ဧပြီ ၁၇**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ရှေ့တန်းမှ ဆောင်ရွက်နေသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ရာ မဟာအောင်မြေမြို့နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြန်လည်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မဟာအောင်မြေမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်နေသော အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ပြန်လည်ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ထောက်ပံ့ပေးအပ်မှုများကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများကို ပြန်လည်ထောက်ပံ့ ပေးအပ်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်မှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို နေ့မအား၊ ညမနား တာဝန်ယူဆောင်ရွက်နေသော အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအား ဝန်ထမ်းတစ်ဦးလျှင် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကုလားပဲ ၅၀ ကျပ်သား၊ ခေါက်ဆွဲခြောက်ထုပ်၊ ကော်ဖီမစ်နှင့် မုန့်များ၊ နှာခေါင်းစည်း ၃၀ ပါ တစ်ထုပ်စီတို့ကို ထောက်ပံ့ပေးအပ်ရာ မဟာအောင်မြေမြို့နယ်အတွင်းမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း ၄၅ ဦးကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်**




လွယ်ဂျယ်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် ရွှေ့ပြောင်းလုပ်သားများကို တွေ့ရစဉ်။

## လွယ်ဂျယ်နယ်စပ်ဂိတ်မှ ရွှေ့ပြောင်းအလုပ်သမား ၅၀၀ ကျော် ပြန်လည်ဝင်ရောက်လာ

**မူဆယ် ဧပြီ ၁၇**

မြန်မာ-တရုတ်နယ်စပ် လွယ်ဂျယ်မြို့ရှိ အမှတ်(၂) နှစ်နိုင်ငံ ဝင်/ထွက်ဂိတ်ကို ယမန်နေ့က တာဝန်ရှိသူများ စတင်ဖွင့်လှစ်ပေးခဲ့ကာ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမား ကျား/မ စုစုပေါင်း ၅၇၅ ဦး ပြန်လည်ဝင်ရောက်လာသည်။

အဆိုပါ ဝင်ရောက်လာသူများထဲမှ ၅၀၂ ဦးသည် ကချင်ပြည်နယ်၊ ဗန်းမော်၊ မိုးမောက်၊ ဝိုင်းမော်၊ မြစ်ကြီးနား၊ မိုးကောင်း၊ ဟိုပင်၊ မိုးညှင်းဘက်မှဖြစ်ပြီး ကျန် ၇၃ ဦးမှာ တိုင်းဒေသကြီးနှင့် အခြားပြည်နယ်များမှဖြစ်ကြောင်း သိရသည်။

၇၃ ဦးကို သက်ဆိုင်ရာတာဝန်ရှိသူများက လွယ်ဂျယ်မြို့ရှိ လူထုအခြေပြုသွားလာကန့်သတ်မှု စောင့်ကြည့်နေရာမှ ဝင်လာသည့်နေ့မှစ၍ ၂၁ ရက် စောင့်ကြည့်သူများအဖြစ် ထားမည်ဖြစ်ကြောင်းနှင့် ကချင်ပြည်နယ်ဘက်မှလူများကို ကိုဗစ်-၁၉ ကာကွယ်ရေး ဆေးစစ်ချက်များပြုလုပ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကာ စနစ်တကျ ဆက်လက်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံမှ မြန်မာဘက်ခြမ်းသို့ ပြန်လည်ဝင်ရောက်လာမည့်သူများကို လွယ်ဂျယ်မြို့ရှိ အုပ်ချုပ်ရေးမှူးရုံးက ပြည်ပမှ ပြန်လည်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားရွှေ့ပြောင်း အလုပ်သမားများအား နေရာချထားရေး၊ ပြန်လည်ပို့ဆောင်ရေးကော်မတီနှင့်လုပ်ငန်းတာဝန်များ၊ နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် ဝင်/ထွက်မှု ထိန်းချုပ်ရေးကော်မတီနှင့် လုပ်ငန်းတာဝန်များ၊ လူထုအခြေပြုသွားလာကန့်သတ်မှု စောင့်ကြည့်နေရာ ဆောင်ရွက်ရန်၊ နေရာထိုင်ခင်းနှင့် ချက်ပြုတ်ကျွေးမွေးရေး ဆပ်ကော်မတီနှင့် လုပ်ငန်းတာဝန်များ အစရှိသည်များကို စီစဉ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)၊ ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

# နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြား

### နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID–19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID–19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID–19 ရောဂါကြောင့် လူစုလူဝေးများမဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများ ဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များ တူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇၃၄၀၄၆၆၆ နှင့် ၀၆၇၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့် အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့် အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်း မပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID–19 ရောဂါ ကူးစက်ပျံ့နှံ့နေချိန် အရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာ နေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ဖားကန့်နှင့် တောင်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၇ ရက် နံနက်ပိုင်းက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေခါကျေးရွာ မော်တောင်းရပ်ကွက်(၁) လမ်းပေါ်တွင် တွေ့ရှိသူ မလှလှသင်း အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၁၆ ရက် မွန်းလွဲပိုင်းက တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် နန်းဟောင်းကျေးရွာအုပ်စု ဘန်ကွဲကျေးရွာအနီး တောင်ကြီး- မိုင်းပျဉ်းသွား ကားလမ်းတွင် ဝင်းနိုင်စိုးမောင်းနှင်ပြီး အိသန္တာအောင်(ယာပုံ) လိုက်ပါလာသည့် ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



# ဒေသန္တရအမိန့်ဖောက်ဖျက်ကာ ခားကိုင်ပြီး မချေမငံဆက်ဆံသူများအား အမှုဖွင့်

**နွားထိုးကြီး မေ ၁၇**

ကိုဗစ်-၁၉ ရောဂါအတွက် ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့် လိုက်နာရန်ပျက်ကွက်၍ ခားကိုင်ပြီး မချေမငံပြုလုပ်ခဲ့သူ နွားထိုးကြီးမြို့နယ် လက်ပန်ရွာနေ နေမျိုးထွန်းနှင့် ဖခင် ဦးမြင့်ကျော်တို့အား မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးရဲထွန်းအောင်က မြို့မရဲစခန်းသို့ မေ ၁၆ ရက်က တိုင်ကြားသောအမှုဖြစ်သည်။

အမှုမှာ မေ ၁၅ ရက်ညက ရှမ်းပြည်နယ် ရွာငံမြို့နယ်မှ ပြန်လာသော လက်ပန်ကျေးရွာနေ နေမျိုးထွန်း (၂၁ နှစ်)သည် ကျေးရွာ၌ သတင်းပေးခြင်းမရှိဘဲ မိမိဆန္ဒဖြင့် ဖခင်နေအိမ်တွင် နေထိုင်နေသောကြောင့် ကျေးရွာကာကွယ်ရေးကော်မတီက နှစ်ကြိမ်သွားရောက်၍ ကျန်းမာရေးစစ်ဆေးပြီး ရွာအထကကျောင်းခွဲတွင် ၂၁ ရက်ကြာ နေထိုင်ရန် ပြောကြားသော်လည်း လက်မခံဘဲ ဖခင်ဖြစ်သူ ဦးမြင့်ကျော် (၅၁ နှစ်) ကပါ အရိုးအသွား နှစ်ပေခန့်ရှိ ခားရှည်ဖြင့် မချေမငံ ရန်လိုဆက်ဆံခဲ့သောကြောင့် အရေးယူရန် တိုင်ကြားခံရခြင်းဖြစ်သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ နွားထိုးကြီးမြို့မရဲစခန်းက သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေအရ အရေးယူစုံစမ်းနေသည်။

နွားထိုးကြီးမြို့နယ်တွင် သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေအရ ဒေသန္တရ အမိန့်ဖောက်ဖျက်မှုခြောက်မှုရှိကြောင်း သိရသည်။ **ဌေးမြင့်မောင်**

# ဖားကန့်၌ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ဖားကန့် မေ ၁၇**

ကချင်ပြည်နယ် ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် မော်ဝမ်းကြီးကျေးရွာ၌ မေ ၁၆ ရက် ည ၇ နာရီခန့်က ဦးဘရန်အောင်နေအိမ် အောက်ထပ်တွင် အိမ်ခန်းငှားနေထိုင်သူ ဦးမာလ၏ အိမ်ခန်း မီးဖိုမီးကြွင်းမီးကျန်မှ တစ်ဆင့် အနီးရှိဝါးထရံကို မီးစွဲလောင်ကျွမ်းရာမှ မီးလောင်မှုဖြစ်ခဲ့သည်။

မီးလောင်ရာသို့ မြို့နယ်ဌာနဆိုင်ရာနှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ ဖားကန့်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ စုပေါင်းပြီး မီးသတ်ယာဉ်ငါးစီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၈ နာရီခန့်၌ မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနှစ်ထပ် အဆောက်အအုံတစ်လုံး၊ သွပ်မိုး၊ ထရံကာ၊ မြေစိုက်တစ်ထပ် အဆောက်အအုံတစ်လုံးနှင့် မီးဖိုချောင်တစ်ဆောင်တို့ မီးလောင်ဆုံးရှုံးခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် ဦးမာလ(၄၃နှစ်) အား ဖားကန့်မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တာလင်းမောင် (ပြန်/ဆက်)**

# အောင်မြေသာစံမြို့နယ်တွင် မီးလောင်မှုနှင့် မီးလန့်မှုဖြစ်

**မန္တလေး မေ ၁၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် အကွက်(၄၈) ၁၉ လမ်းနှင့် လမ်း ၂၀ ကြား၊ ၅၇လမ်း နှင့် ၅၈ လမ်းကြားနေ ဒေါ်သန်းနွဲ့ နေအိမ်၌ ယနေ့ ညနေ ၃ နာရီမိနစ် ၂၀ ခန့်က လျှပ်စစ်ဟင်းအိုးဖြင့် ဟင်းချက်ရာမှ ဝိုင်ယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ခဲ့သည်။

မီးလောင်မှုကြောင့် အနံ ၁၀ ပေ၊ အလျား ၁၅ ပေရှိ မြေစိုက်၊ ထရံကာ၊ သွပ်မိုးနေအိမ်တစ်လုံး ဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ခိုင်ပါ သန္နေတပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ ရေသယ်ယာဉ်ငါးစီး၊ မီးငြိမ်းသတ်ယာဉ်ငါးစီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ ၂၇ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။


အဆိုပါ မီးလောင်မှုကြောင့် ဒေါ်သန်းနွဲ့အား ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနယ်မြေရဲစခန်းက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် အကွက် (၂၄)၊ ၈ လမ်းနှင့် ၉ လမ်းကြား၊ ၇၆ လမ်းရှိ ဦးဝင်းဇော်၏ RC သုံးထပ်နေအိမ်အပေါ်ထပ်တွင် ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က ပလတ်စတစ်အိတ်ပိတ်ရာ၌ အသုံးပြုသော အပူပေးစက်ဖွင့်ထားရာမှ အပူလွန်ကဲပြီး မီးလန့်မှုဖြစ်ခဲ့ခြင်းကြောင့် အိမ်ရှင်ဦးဝင်းဇော်အား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ခံဝန်ကတိ လက်မှတ်ရေးထိုးစေ၍ သတိပေးခဲ့ကြောင်း သိရသည်။ **ဇော်လင်းဦး (အောင်စံ)**

# ပြိုင်ပွဲရွှေ့ဆိုင်းထားသော်လည်း အောင်လအန်ဆန် ပုံမှန်လေ့ကျင့်လျက်ရှိ

**ရန်ကုန် မေ ၁၇**

မြန်မာ MMA ကစားသမား အောင်လအန်ဆန်သည် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲများရွှေ့ဆိုင်းထားသော်လည်း လေ့ကျင့်မှုရပ်နားခြင်းမရှိဘဲ ပုံမှန်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။



မြန်မာ MMA ကစားသမား အောင်လအန်ဆန် ဓာတ်ပုံ- ဖိုးသော်ဇင်

အောင်လအန်ဆန်သည် မေ ၁၀ ရက်တွင် ONE မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ ထိုးသတ်ရမည်ဖြစ်သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရွှေ့ဆိုင်းထားခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ပြိုင်ပွဲရွှေ့ဆိုင်းထားသော်လည်း နေအိမ်၌ လေ့ကျင့် ပြင်ဆင်နေခြင်းဖြစ်ပြီး ပြိုင်ပွဲပြန်လည်ကျင်းပပါက အဆင်သင့်ဖြစ်နေစေရန် ပြင်ဆင်ထားခြင်းဖြစ်သည်။ ONE Championship အဖွဲ့အစည်းသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြိုင်ပွဲများကျင်းပမှုကို ရပ်နားထားပြီး အောင်လအန်ဆန်၏ ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲပါဝင်သည့် ONE Infinity-1 ပြိုင်ပွဲကို မေလကုန်ပိုင်းတွင် ပြန်လည်ကျင်းပရန် လျာထားသော်လည်း ရောဂါဖြစ်ပွားမှုမှာ ထိန်းချုပ်နိုင်ခြင်း မရှိသေးသောကြောင့် ပြိုင်ပွဲကျင်းပမည့်ရက်မှာ အပြောင်းအလဲ ဖြစ်ဖွယ်ရှိနေသည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် ပြိုင်ဘက်ဟောင်း ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ယခင်စိန်ခေါ်သူ နယ်သာလန်နိုင်ငံသား ခါဒီရစ် ဒဏ်ရာရခဲ့သောကြောင့် ဗစ်တာလီဘစ်ဒက်ရှ်က အစားထိုးယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့်ပြိုင်ပွဲတွင် ဘစ်ဒက်ရှ်၏ ကမ္ဘာ့ချန်ပီယံဆုကို စိန်ခေါ်ခဲ့ရာ ပြင်ဆင်ချိန် နည်းပါးခဲ့သောကြောင့် အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ ဒုတိယအကြိမ်အဖြစ် ဇွန်လက ရန်ကုန်မြို့၌ ထိုးသတ်သည့်ပွဲတွင် အောင်လအန်ဆန်သည် အမှတ်ဖြင့် အနိုင်ယူပြီး မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့သည်။ အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်သည် သုံးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး တစ်ပွဲစီအနိုင်ရထားသည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲသုံးပွဲ ထိုးသတ်ထားရာ သုံးပွဲစလုံး အနိုင်ရထားပြီး လေးပွဲမြောက် ထိုးသတ်ခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

## မြန်မာ့ရုပ်မြင်သံကြား

၁၈ . ၄ . ၂၀၂၀ (စနေနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၆:၃၅ – "မဇ္ဈိမအလင်း" (အပိုင်း- ၉)
- ၇:၀၀ – Breakfast News
- ၈:၀၀ – ပြည်တွင်းနံနက် ၈ နာရီသတင်း (နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မြန်မာ့နှစ်သစ်ကူး နှုတ်ခွန်းဆက်မိန့်ခွန်း) + နိုင်ငံတကာသတင်း
- ၉:၁၀ – နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ အဖွဲ့ဝင်ဆရာတော်၊ ဘဒ္ဒန္တဉာဏဝံသ(ဓမ္မာစရိယ) ခင်ဝိုင်းကျောင်း၊ဖြူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း
- ၁၁:၃၅ – ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၃၀ – "ရတနသုတ်တော်နှင့် ပတ်သက်သည့် သင်ကြားပို့ချမှု" (အပိုင်း- ၁၃ + ၁၄)
- ၁၃:၄၀ – ဆေးရောင်စုံရုပ်ရှင် "ဇော်က ကနေသည်"

**ညပိုင်း**

- ၁၆:၃၀ – နိုင်ငံခြားဇာတ်လမ်းတွဲ (အပိုင်း- ၈)
- ၁၇:၄၅ – ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၈:၂၅ – မြန်မာဗီဒီယိုဇာတ်လမ်း "ပိတောက်အိပ်မက်"
- ၂၀:၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ – ရာဇဝင်ထဲကသမိုင်းအနုပညာ "သမိုင်းထဲမှမကွဲရာ" (အပိုင်း- ၆) (ကျောက်စာများ)
- – မြန်မာဗီဒီယိုဇာတ်လမ်း "ရန်ကုန်အချစ်ပုံပြင်"
- – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

## နိုင်ငံတကာဘောလုံးသတင်းတိုများ

**ဟာလန်းအား ၂၀၂၂ ခုနှစ်အထိ ရောင်းထုတ်သွားဖွယ်မရှိ**

ရီးရဲမက်ဒရစ်အသင်းသည် ဒေါ့မွန်အသင်းမှ နော်ဝေတိုက်စစ်ကစားသမား ဟာလန်း (၁၉နှစ်) ခေါ်ယူစာချုပ်ရန် ဆန္ဒရှိနေသော်လည်း ဘွန်ဒက်စ်လီဂါကလပ်က ၎င်းကို ၂၀၂၂ ခုနှစ်အထိ ရောင်းထုတ်သွားဖွယ်မရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဘဲလင်ဂမ်အား ခေါ်ယူရန် ပြိုင်ဘက်အသင်းများထက် မန်ယူ ဦးဆောင်နေ**

မန်ယူအသင်းသည် ဘာမင်ဂမ်အသင်းမှ အသက် ၁၆ နှစ်အရွယ် အင်္ဂလန်ကွင်းလယ်ကစားသမား ဘဲလင်ဂမ်အား ကနဦးပြောင်းရွှေ့ကြေး ပေါင် ၃၅ သန်းဖြင့် ခေါ်ယူရန် ပြိုင်ဘက်အသင်းများထက် ဦးဆောင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ ကစားသမားကို ချယ်လ်ဆီးနှင့် ဒေါ့မွန်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဖော်ပြထားသည်။

**အသင်းပြောင်းရွှေ့ရေးအတွက် မန်ယူကို ဆက်သွယ်**

ရီးရဲမက်ဒရစ်အသင်းမှ ကိုလံဘီယာတိုက်စစ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ် (၂၈နှစ်) ၏ အေးဂျင့်သည် နွေရာသီတွင် မန်ယူအသင်းသို့ ပြောင်းရွှေ့နိုင်ရေးနှင့်ပတ်သက်ပြီး မန်ယူအသင်းသို့ ဆက်သွယ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဆာနေးကို နွေရာသီတွင် ခေါ်ယူရန် မျှော်လင့်နေ**

ဘိုင်ယန်မြူးနစ်အသင်းသည် မန်စီးတီးအသင်းမှ တောင်ပံကစားသမား လီရွိုင်း ဆာနေး (၂၄နှစ်) ကို နွေရာသီတွင် ပေါင် ၆၁ သန်းဖြင့် ခေါ်ယူရန် မျှော်လင့်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**လိဒ်စ်ဂန္ထဝင်ကစားသမား နော်မန်ဟန်တာ ကွယ်လွန်**

လိဒ်စ်ယူနိုက်တက်အသင်းမှ ဂန္ထဝင်ကစားသမားဟောင်း နော်မန်ဟန်တာ (၇၆နှစ်)သည် ကိုရိုနာဗိုင်းကူးစက်ခံရပြီးနောက် ဆေးရုံ၌ သေဆုံးသွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အဆိုပါ ဂန္ထဝင်ကစားသမားသည် လိဒ်စ်အသင်းသို့ အသက် ၁၅ နှစ်အရွယ်တွင် ရောက်ရှိလာပြီးနောက် ပြိုင်ပွဲစုံ ၇၂၆ ပွဲ ပါဝင်ကစားထားပြီး အသင်းသမိုင်းတစ်လျှောက်တွင် စတုတ္ထမြောက် ပွဲအများဆုံးကစားထားသူအဖြစ် မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။

**အင်မိုဘိုင်းကို ခေါ်ယူရန် ဆန္ဒရှိ**

အဲဗာတန်အသင်းသည် လာဇီယိုအသင်းမှ အီတလီတိုက်စစ်ကစားသမား အင်မိုဘိုင်း (၃၀နှစ်) ကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့အပြင် အဲဗာတန်အသင်းသည် အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ် အသင်းမှ မွိုက်စ်ကိန်းကို အသုံးချဖွယ်ရှိနေကြောင်းလည်း ဖော်ပြထားသည်။

**ဘာရိုဗိုဗစ်ကို အသင်းသို့ ခေါ်ယူရန် ဆွေးနွေး**

လီဗာပူးအသင်းသည် အင်တာမီလန်အသင်းမှ ခရိုအေးရှားကွင်းလယ်ကစားသမား ဘာရိုဗိုဗစ် (၂၇နှစ်) ကို အသင်းသို့ ခေါ်ယူရန် ဆွေးနွေးနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**လူကာ ဂျိုဗစ်ကို ထိန်းထားဖွယ်ရှိ**

ရီးရဲမက်ဒရစ်အသင်းသည် အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော လူကာ ဂျိုဗစ်ကို ထိန်းထားဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဆားဘီးယားတိုက်စစ်ကစားသမား ဂျိုဗစ် (၂၂နှစ်) သည် ယခုနှစ်ရာသီတွင် အသင်းအတွက် ပွဲချိန်ပြည့် တစ်ပွဲသာ ပါဝင်ကစားထားကြောင်းလည်း ဖော်ပြထားသည်။ **အောင်ဇော်**

# ကြက်ဟင်းခါး မျိုးသစ်များအား တောင်သူများထံ ဖြန့်ဝေနိုင်ရေး မျိုးစေ့ပွားများ ထုတ်လုပ်ခြင်း သုတေသနဆောင်ရွက်

**နေပြည်တော် ဧပြီ ၁၇**

စိုက်ပျိုးရေး သုတေသနဦးစီးဌာန ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန် သုတေသနဌာနစုအနေဖြင့် အရည်အသွေးနှင့် အထွက်နှုန်းကောင်းသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်မျိုးသစ်များ ရှာဖွေဖော်ထုတ်ရန်နှင့် အထွက်နှုန်းတိုးတက်၍ စီးပွားရေးတွက်ခြေကိုက်ကာ စားသုံးမှုလုံခြုံစိတ်ချရသည့် စိုက်ပျိုးနည်းစနစ်များ ရှာဖွေဖော်ထုတ်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



ကြက်ဟင်းခါးမျိုးသစ်သုတေသနပြု စိုက်ပျိုးထားစဉ်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် တစ်နှစ်ပတ်လုံး စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ကြက်ဟင်းခါး မျိုးသစ်များကို တောင်သူများထံဖြန့်ဝေနိုင်ရေးအတွက် မျိုးစေ့ပွားများထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းများကို စိုက်ပျိုးရေး သုတေသနဦးစီးဌာန ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန် သုတေသနဌာနစုအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာနမှ သိရသည်။

ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်သုတေသနဌာနစု၏ သုတေသနလုပ်ငန်းများ ဆောင်ရွက်မှု၏ အောင်မြင်မှုရလဒ်အဖြစ် သဘာဝဝတ်မှုန်ကူးမျိုးများဖြစ်သည့် AVBG 1301 နှင့် AVBG 1304 ကြက်ဟင်းခါးမျိုးသစ်နှစ်မျိုးတို့မှာ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ (TSC) သို့ မျိုးသစ်အဖြစ် အသိအမှတ်ပြုရန်အတွက် လျှောက်ထားပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ အဆိုပါ သဘာဝ ဝတ်မှုန်ကူး ကြက်ဟင်းခါးမျိုးသစ်များ၏ မျိုးစေ့ထုတ်လုပ်ခြင်း (Selfing) သုတေသနကိုလည်းကောင်း၊ စပ်မျိုးကြက်ဟင်းခါး ထုတ်လုပ်ရန်အတွက် အမလိုင်းနှင့် အဖိုလိုင်း မျိုးစပ်ခြင်းလုပ်ငန်းကိုလည်းကောင်း အဆိုပါဌာနစုမှ သုတေသနပညာရှင်များက ကွင်းသုတေသနများ ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်း က ပြောသည်။

ဆောင်ရွက်ခဲ့သည့် သုတေသန၏ မှတ်တမ်း အချက်အလက်များနှင့် သုတေသန တွေ့ရှိချက်များအရ ကြက်ဟင်းခါး မျိုးသစ်နှစ်မျိုးဖြစ်သည့် AVBG 1301 နှင့် AVBG 1304 တို့သည် အနိမ့်ဆုံးအပူချိန် ၁၈ ဒီဂရီစင်တီဂရိတ်မှ အမြင့်ဆုံးအပူချိန် ၄၁ ဒီဂရီစင်တီဂရိတ်အတွင်း စိုက်ပျိုးဖြစ်ထွန်းနိုင်ခြင်း၊ ဖားဥမှို၊ ဒေါင်းနီးမှိုနှင့် ဖရုံသခွားပိုင်းရပ်စ် ရောဂါဒဏ်ခံနိုင်ရည် အသင့်အတင့်ရှိခြင်း၊ အထွက်နှုန်းမြင့်မားခြင်း၊ အသီးအရည်အသွေးကောင်းမွန်ခြင်း စသည့်အရည်အချင်း လက္ခဏာများရှိသည့် မျိုးများဖြစ်ကြောင်း။ မကြာမီအချိန်အတွင်း စိုက်ပျိုးထုတ်လုပ်သူ တောင်သူများလက်ဝယ်သို့ ဖြန့်ဝေ၍ စီးပွားဖြစ်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်သုတေသနဌာနစုမှ သိရသည်။

**မေမိုးသဲ**

# စလင်းမြို့ မင်းအာကာ ဘုရားကွင်းနှင့် ကိုးဆောင်တိုက်ကျောင်းဝင်းအတွင်း၌ ယာယီဈေးဖွင့်လှစ်

**စလင်း ဧပြီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့တွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် စလင်းမြို့ မြို့မဈေးကြီးကို ဧပြီလ ၁၂ ရက်မှ ၁၉ ရက်အထိ ယာယီပိတ်ထားခဲ့သဖြင့် ပြည်သူများ နေ့စဉ်သုံး စားသောက်ကုန်စည်များ ပြတ်လပ်မှုဖြစ်နိုင်သဖြင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီ၏ ညွှန်ကြားမှုဖြင့် မင်းအာကာ ဘုရားကွင်းနှင့် ကိုးဆောင်တိုက်ကျောင်းဝင်းအတွင်းတွင် ဖွင့်လှစ်ပေးထားသည်။

ယာယီဈေးအတွင်း ဈေးရောင်းသူများအနေဖြင့် သတ်မှတ်ပေးထားသည့် စည်းကမ်းများနှင့်အညီ လက်အိတ်စွပ်ခြင်း၊ နှာခေါင်းစည်းတပ်ခြင်းနှင့် ဈေးဝယ်သူများကလည်း ဈေးအတွင်း သို့ဝင်လျှင် လက်ဆေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်၍ ဝယ်ယူကြရန် နှင့် အမှိုက်များကိုလည်း စနစ်တကျ စွန့်ပစ်ကြရန်အတွက် မြို့နယ် စည်ပင်သာယာရေး ကော်မတီဝင် ဦးအေးကိုက အသံချဲ့စက်ဖြင့် ရောင်းချသူနှင့် ဝယ်ယူသူများအား သတိပေးလျက်ရှိသည်။

ယင်းယာယီဈေးကို ဧပြီ ၁၄ ရက်မှ ၁၉ ရက်အထိ နံနက် ၅ နာရီမှ ၉ နာရီအထိသာ ဖွင့်လှစ်ပေးမည်ဖြစ်သည်။ ယင်းဈေး၏ ထူးခြားချက်တစ်ခုအနေဖြင့် သားငါးများ ထုပ်ပိုးရာတွင် ကြွပ်ကြွပ်အိတ်ကို မသုံးဘဲ ဒေသမှထွက်ရှိသည့် ကြာရွက်များကို အသုံးပြုလျက်ရှိသည်ကို တွေ့ရှိရသည်။ ယာယီဈေးဖွင့်လှစ်ရာနေရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးအောင်၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းနိုင်နှင့် ဝန်ထမ်းများ၊ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေး ကော်မတီဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်ကြက်ခြေနီ အသင်းခွဲမှ ကြက်ခြေနီတပ်ဖွဲ့မှူး ဦးအောင်မိုးနှင့် တပ်ဖွဲ့ဝင်များ စုပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်တိုက်ဖျက်ရေးအတွက် စည်းကမ်းတကျ ဝယ်ယူရောင်းချရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်လွင် (ပြန်/ဆက်)**

# မိုင်းယောင်း၌ ကျန်းမာရေးဝန်ထမ်းများ နေ့လယ်စာအတွက် ရက်အကန့်အသတ်မရှိ ထောက်ပံ့

**မိုင်းယောင်း ဧပြီ ၁၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့၌ ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများအား အမှတ် (၄) ရပ်ကွက် မိုင်းယောင်းစားသောက်ဆိုင်က နေ့လယ်စာအတွက် ရက်အကန့်အသတ်မရှိ ထောက်ပံ့ပေးကြောင်း သိရသည်။

မိုင်းယောင်းမြို့အဝင် မုန်းလိုက်ကျေးရွာအနီးရှိ မုန်းလိုက်တံတားပေါ်တွင် ဖြတ်သန်းသွားလာနေသော ပြည်သူများအား ကိုဗစ်–၁၉ ရောဂါကူးစက်ခံရခြင်း ရှိ/မရှိ အပူချိန်တိုင်းကိရိယာများဖြင့် တိုင်းတာစစ်ဆေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများပေးခြင်း၊ အိမ်ထဲတွင် နေထိုင်ကြရန်၊ အပြင်ထွက်သွားလာမှု လျှော့ချရန်၊ လူစုလူဝေးမလုပ်ရန်၊ မဖြစ်မနေ အပြင်ထွက်ပါက နှာခေါင်းစည်းများ တပ်ဆင်ပြီးမှ ထွက်ရန်၊ လက်ကို မကြာခဏဆေးကြောရန်၊ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူများသို့ ပန်ကြားချက်၊ ဒေသန္တရအမိန့်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များ၊ ပြည်သူများသို့ ပန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်သွားရန် စသည့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ကျန်းမာရေးဝန်ထမ်းများ၏ နေ့လယ်စာအတွက် အမှတ် (၄) ရပ်ကွက် မိုင်းယောင်းစားသောက်ဆိုင်က ဧပြီ ၁၄ ရက်မှစတင်၍ ရက်အကန့်အသတ်မရှိ ထောက်ပံ့လှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**



ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက ခရီးသွားများအား ကိုယ်အပူချိန်တိုင်းစစ်ဆေးစဉ်။

# အသက် ၈၀ နှစ်နှင့်အထက် အဘိုး၊ အဘွား ၇၁ ဦးတို့အား အိမ်တိုင်ရာရောက်ကန်တော့

**ဆီဆိုင် ဧပြီ ၁၇**

၁၃၈၂ ခုနှစ် နှစ်ဆန်း ၁ ရက်နေ့တွင် မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာအရ ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီစဉ်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ ၁ ရာခိုင်နှုန်းအလှူငွေဖြင့် ဆီဆိုင်မြို့ပေါ် ခြောက်ရပ်ကွက်နှင့် နောင်ကျောကျေးရွာအုပ်စုအတွင်းရှိ အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွား ၇၁ ဦးတို့အား ယနေ့နံနက်ပိုင်းက တစ်ဦးချင်း အိမ်တိုင်ရာရောက် ပူဇော်ကန်တော့သည်။

ယင်းသို့ ပူဇော်ကန်တော့ရာတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များက ဆီဆိုင်မြို့ပေါ် ခြောက်ရပ်ကွက်နှင့် နောင်ကျောကျေးရွာအုပ်စုအတွင်းရှိ အသက် ၈၀ နှင့်အထက် အဘိုး ၂၄ ဦး၊ အဘွား ၄၇ ဦးတို့အား တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် တစ်အိမ်တက်ဆင်း ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

## ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းဆီးခြင်း မပြုရန် နှိုးဆော်

**"ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း"**
**"ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား"**

❖ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန် နေရာလာရှာ၍ ငါးရစ်တက်ကြပါသည်။

❖ ထိုငါးရစ်ငါးကြီးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကြကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံးငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူ မပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

❖ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၂/၉၂ ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးများဖမ်းဆီးခြင်း မပြုရန် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာ ဥပဒေအရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်း မပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ပညာပေးနှိုးဆော်ချက်

❋ မိုးဦးကျကာလဖြစ်သော ဧပြီ၊ မေနှင့် ဇွန်လများတွင် ဥကပ်နေသော (သို့မဟုတ်) ဥနှင့် ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များ ပေါက်ပွားလာနိုင်မည်ဖြစ်ပါသည်။

❋ အဆိုပါမျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများမပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော( သို့မဟုတ်) ဥနှင့် ပြည့်ဝနေသောမျိုးပုစွန်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၉၂ ဖြင့်တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေအရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ရေချိုပုစွန်ကြီးများကို ဧပြီလမှ ဇွန်လကုန်အထိ ဘေးမဲ့ပေးကြရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ခရီးသွားလုပ်ငန်းများအား လိုင်စင်ကြေးနှင့် လိုင်စင်အသစ်လဲလှယ်ကြေးများ ပေးဆောင်ခြင်းမှ တစ်နှစ်ကင်းလွတ်ခွင့်ပြု

**ရန်ကုန် ဧပြီ ၁၇**

ခရီးသွားလုပ်ငန်းများအား လိုင်စင်ကြေးနှင့် လိုင်စင်အသစ်လဲလှယ်ကြေးများ ပေးဆောင်ခြင်းမှ တစ်နှစ်ကင်းလွတ်ခွင့်ပြုကြောင်း ဧပြီ ၁၇ ရက်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် ဧပြီ ၁ ရက်မှ လာမည့် ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်အထိ တစ်နှစ်တာ ကင်းလွတ်ခွင့်ပြုခြင်းဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားများ ဘေးကင်းလုံခြုံ အဆင်ပြေစွာ အပန်းဖြေ အနားယူနိုင်ရန် ရည်ရွယ်ချက်ထား၍ ဆောင်ရွက်လျက်ရှိသည့်အတွက် ထိုသို့ ခရီးသွားလုပ်ငန်းများမှ လိုင်စင်ကြေးနှင့် လိုင်စင်အသစ်လဲလှယ်ကြေးများ ပေးဆောင်ခြင်းကို တစ်နှစ်ကင်းလွတ်ခွင့်ပြုခြင်းဖြစ်ကြောင်း သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေ (၂၀၁၈) နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ ယင်းကော်မတီများက သက်ဆိုင်ရာဒေသအလိုက် ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းများအတွက် လိုင်စင်ကြေးနှင့် လိုင်စင်အသစ်လဲလှယ်ကြေးများကို ကောက်ခံလျက်ရှိကြောင်း သိရသည်။

ယခုအခါ နိုင်ငံအများအပြားတွင် ဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်မှုရှိနေသဖြင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင်များအား အဆိုပါ ကောက်ခံမှုများကို တစ်နှစ်တာကာလအတွက် ကင်းလွတ်ခွင့်ပြုလိုက်ခြင်း ဖြစ်သည်။

ထို့ပြင် ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုကို အများဆုံးခံစားရသည့် လုပ်ငန်းကဏ္ဍများဖြစ်သော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ CMP လုပ်ငန်းများနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ဦးစားပေး ကုစားရမည့် ကဏ္ဍများအဖြစ် သတ်မှတ်၍ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီမှ ကျပ် ၁၀၀ ဘီလီယံကို ရန်ပုံငွေထူထောင်ကာ ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါချေးငွေ ထုတ်ပေးရာတွင် ဦးစားပေး ကုစားရမည့် ကဏ္ဍများတွင် အကျုံးဝင်သည့် စီးပွားရေးလုပ်ငန်းများအား အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ် သတ်မှတ်၍ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ချေးငွေရယူသော လုပ်ငန်းများအနေဖြင့် ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ချေးငွေရယူထားသည့် လုပ်ငန်းများအနေဖြင့် ချေးငွေပေးဆပ်ရန် ပျက်ကွက်ပါက Credit Bureau ၌ Negative List အဖြစ် ထည့်သွင်းခံရမည်ဖြစ်ပြီး ဘဏ်များနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများမှ ချေးငွေရယူနိုင်ခြင်း မရှိစေရန်လည်း စီစဉ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကိုဗစ် -၁၉ ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

**ငြိမ်းငြိမ်း**

# ငဖဲမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အစီအမံများဖြင့် ယာယီပျံကျဈေး ဖွင့်လှစ်

**ငဖဲ ဧပြီ ၁၇**

မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အခြေအနေအရ မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ ဖွင့်လှစ်ထားသော ငဖဲမြို့မဈေးကို ဧပြီ ၁၄ ရက်မှစ၍ ယာယီပိတ်သိမ်းကြောင်း ကြေညာထားပြီးနောက် ငဖဲမြို့တွင်းရှိ ပြည်သူများ စားသောက်ကုန်များ ဝယ်ယူရာတွင် ယာယီ အဆင်ပြေစေရေးအတွက် ရောဂါကာကွယ်ရေး အစီအစဉ်များ ပြုလုပ်ထားသော ယာယီပျံကျဈေးကို မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေး ကော်မတီက ဧပြီ ၁၇ ရက်က မြို့နယ်အားကစားကွင်းအတွင်း ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါယာယီဈေး၌ အဝင်ပေါက်တွင် လက်ဆေးဘေစင် ထားရှိပြီး လက်ဆေးစေခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီးမှ ဈေးရောင်းဈေးဝယ်ခွင့်ပြုခြင်း၊ ဈေးရောင်း ဈေးဝယ်သူများ အနေဖြင့် တစ်ဦးနှင့်တစ်ဦး ခြောက်ပေခြား၍ ရောင်းဝယ်နိုင်ရန် နေရာများ သတ်မှတ်ခြင်း စသည်တို့ကို ဆောင်ရွက်ထားကြောင်း၊ ဈေးကို နေ့စဉ် နံနက် ၆ နာရီတွင် စတင်ဖွင့်လှစ်ပြီး နံနက် ၈ နာရီတွင် ပိတ်သိမ်းရန် စည်းကမ်းသတ်မှတ်ထားကြောင်း၊ စွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာများတွင် စည်းကမ်းတကျ စွန့်ပစ်ရေးနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီက ထုတ်ပြန်ထားသော စည်းကမ်းချက်များကိုလည်း တိကျစွာ လိုက်နာဆောင်ရွက်ကြရေးအတွက် မြို့ပေါ်ရပ်ကွက်များတွင် အသိပေးနှိုးဆော်ထားပြီးဖြစ်ကာ မြို့နယ် စည်ပင်သာယာရေးကော်မတီက စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။



ခြောက်ပေခြား သတ်မှတ်ထားသော နေရာများတွင် ခင်းကျင်းရောင်းချနေသော ဈေးသည်များ

**မယု(ငဖဲ)**

# ကော့မှူးမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ပြည်သူများလိုက်နာရမည့် အချက်များ အသိပညာပေး

**ကော့မှူး ဧပြီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများ သိရှိလိုက်နာရမည့် အချက်များကို ရပ်ကွက်၊ ကျေးရွာများသို့ အသံချဲ့စက်ဖြင့် ဧပြီ ၁၇ ရက်က လိုက်လံကြေညာခဲ့ကာ ရောဂါကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် ဗီနိုင်းပိုစတာများ ဖြန့်ဝေခြင်း ဆောင်ရွက်သည်။



ရောဂါကာကွယ်ရေးဆိုင်ရာများကို ကျေးရွာတစ်ရွာ၌ လိုက်လံကြေညာနေစဉ်

ရန်ကုန်တောင်ပိုင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြက်ခြေနီအသင်း၊ ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပေးကြေညာချက်များနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကြေညာချက်များကို ကော့မှူးမြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများ သိရှိစေရန်အတွက် အသံချဲ့စက်များဖြင့် ရပ်ကွက်/ကျေးရွာများသို့ လှည့်လည်ကြေညာပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# မြင်းမူမြို့နယ် အားကစားကွင်း(ဘောလုံးကွင်း)၌ ယာယီဈေး ပြောင်းရွှေ့ဖွင့်လှစ်ထား

**မြင်းမူ ဧပြီ ၁၇**

မြင်းမူမြို့နယ်အတွင်း ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် လူစုလူဝေး မဖြစ်ပွားစေရန် မြင်းမူမြို့မဈေးရှိ ကုန်စိမ်းတန်းနှင့် သားငါးတန်းများကို မြို့နယ် စည်ပင်သာယာရေးကော်မတီက အမှတ်(၁)နယ်မြေ ကျန်စစ်သားရပ်ကွက်ရှိ မြို့နယ်အားကစားကွင်း(ဘောလုံးကွင်း)သို့ ဧပြီ ၁၇ ရက်မှစ၍ ယာယီ ပြောင်းရွှေ့ဖွင့်လှစ်ရန် ညွှန်ကြားထားကြောင်း သိရသည်။

ပျံကျဈေး၌ ဆိုင်ခန်း တစ်ကွက်လျှင် ခြောက်ပေပတ်လည် အကွက်ပေါင်း ၂၀၉ ကွက် ထားရှိပေးပြီး အကျယ် ၁၈ ပေရှိသော အရှေ့အနောက်လမ်း ၁၄ လမ်းနှင့် အကျယ် ၁၀ ပေရှိသော တောင်မြောက်လမ်း ၁၃ လမ်း ဖော်ဆောင်ပေးထားကြောင်း သိရသည်။

ဘောလုံးကွင်းသို့အဝင်တွင် လက်ဆေးရန်အတွက် မြင်းမူမြို့ မြတ်သုခ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းက ရေစည်နှင့် ဆပ်ပြာခဲ ထားပေးထားပြီး ဈေးရောင်းဈေးဝယ်များအား လက်ဆေး၍ နှာခေါင်းစည်း တပ်စေပြီးမှ ဈေးအတွင်းသို့ ဝင်ရောက်ခွင့်ပြုထားသည်။ ဘောလုံးကွင်းအတွင်းဖြစ်သဖြင့် နေရာကျယ်ဝန်းပြီး ရောဂါကာကွယ်ရေးအတွက် ကောင်းမွန်သော်လည်း နေအလွန်ပူခြင်းမှာမူ ဈေးသည် ဈေးဝယ်များအတွက် အခက်အခဲဖြစ်ရကြောင်း ဈေးဝယ်လာသူ ဒေသခံတစ်ဦးက ပြောသည်။

ဈေးသည်များကို ဘောလုံးကွင်းအတွင်း၌သာ ခင်းကျင်းရောင်းချရန် သတ်မှတ်ထားသော်လည်း မြို့မဈေး တောင်ဘက်အပေါက်နှင့် မြို့တွင်း နေရာအချို့တွင် လိုက်ထရပ်ကားဖြင့် ရောင်းချနေသူများ ရှိနေကြောင်းနှင့် ထိုသို့ ရောင်းချခြင်းကို ခွင့်ပြုထားပါက နောက်ထပ် ဈေးကားများ တိုးလာနိုင်ဖွယ်ရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**(၀၇၇)**

# ရေတာရှည်မြို့ ပြည်သူ့ဆေးရုံသို့ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း



ရေတာရှည်မြို့ ပြည်သူ့ဆေးရုံမှ ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံး အထောက်အကူပြုပစ္စည်းများဖြစ်သည့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၆၅ စုံနှင့် ဆက်စပ်ပစ္စည်းများကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဧပြီ ၁၇ ရက်က လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်နှင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒာညီဆွေတို့က လက်ခံရယူစဉ်။

**သန်းလွင်**

# ပဲခူးမြို့၌ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့တို့က နှာခေါင်းစည်းများ ဖြန့်ဝေပေး

**ပဲခူး ဧပြီ ၁၇**

ပဲခူးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ပဲခူးမြို့မရဲစခန်းနှင့် ကြက်ခြေနီတပ်ဖွဲ့တို့ ပူးပေါင်းပြီး ဒေသခံပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခြင်းနှင့် ရောဂါကာကွယ်ရေး အသိပညာပေးခြင်းများကို ရုံးကြီးရပ်ကွက်အတွင်း ဧပြီ ၁၆ ရက်က ဆောင်ရွက်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးဘုန်းမင်းစိုးနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ပဲခူးမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးနိုင်စိုးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ပဲခူးခရိုင် ကြက်ခြေနီအဖွဲ့မှ ဒုတပ်ဖွဲ့ခွဲမှူး ဦးအောင်ထွန်းနှင့် အဖွဲ့ဝင်များက ပဲခူးမြို့ ရုံးကြီးရပ်ကွက်အတွင်းရှိလမ်းမကြီးများပေါ်တွင် အကြောင်းအမျိုးမျိုးကြောင့် သွားလာနေကြသည့် ပြည်သူများနှင့် ရပ်ကွက်အတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို သိရှိလိုက်နာကြရန် အသိပညာပေး ရှင်းလင်းပြောကြားပြီးနောက် နှာခေါင်းစည်းမပါဘဲ သွားလာနေသူများအား နှာခေါင်းစည်းများ တပ်ဆင်ပေးခဲ့သည့်အပြင် ရုံးကြီးရပ်ကွက်အတွင်း နေထိုင်ကြသော ပြည်သူများထံသို့လည်း နှာခေါင်းစည်း အခုရေ ၁၂၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

**တင်စိုး(ပဲခူး)**

## ပန်းတနော်မြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေး လူစည်ကားရာနေရာများ၌ ပိုးသတ်ဆေးဖျန်း

**ပန်းတနော် မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး အတွက် ဒုတိယအကြိမ်မြောက် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို မေ ၁၆ ရက်က ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ နှင့် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး မြို့ပေါ်မှ အများပြည်သူ ဝင်ထွက်သွားလာသည့်နေရာများ၊ ဈေးများ၊ တံတားဦး ဘုန်းကြီးကျောင်း၊ သီတာဦး သီလရှင်ကျောင်းနှင့် မြန်မာ့စီးပွားရေးဘဏ်တို့၌ ပိုးသတ်ဆေးများဖျန်းပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## သန်လျင်မြို့၌ အခြေခံစားသောက်ကုန် ငါးမျိုး ဆက်လက် ထောက်ပံ့ပေးအပ်လျက်ရှိ

**ရန်ကုန် မေ ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်းမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးသော စားကုန်ငါးမျိုးဖြစ်သည့် ဆန် ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား ၊ ပဲ တစ်ပိဿာနှင့် ကြက်သွန် တစ်ပိဿာကို မေ ၁၅ ရက်က ရပ်ကွက်နှင့် ကျေးရွာများရှိ အခြေခံလူတန်းစား ပြည်သူများထံသို့ အိမ်အရောက် ဆက်လက်ထောက်ပံ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်မှထောက်ပံ့သည့် စားကုန် ငါးမျိုးကို အခြေခံလူတန်းစား မိသားစု များထံသို့ အမြန်ဆုံးရောက်ရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကားအလှူရှင်များ၊ လုပ်အားအလှူရှင် များနှင့် ပူးပေါင်းကာ ပြည်သူများထံသို့ အိမ်အရောက် ထောက်ပံ့ပေးနေကြောင်း၊ သန်လျင်မြို့နယ်အတွင်း ထောက်ပံ့မှုရယူမည့် အခြေခံလူတန်းစား အိမ်ထောင်စု ၃၉၉၉၁ စုရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းထံမှ သိရသည်။

**သက်ခိုင်(သန်လျင်)**



## ရေတာရှည်မြို့၌ ရန်ကုန်မြို့မှ ပြန်လာသူများအား ကိုယ်အပူချိန်တိုင်းပြီး အချက်အလက်မှတ်တမ်းများရယူနေ

**ရေတာရှည် မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မေ ၁၇ ရက် နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ အပါအဝင် အခြားသောဒေသများမှ လာရောက်သူများအား ကိုယ် အပူချိန် တိုင်းတာစစ်ဆေးခြင်းနှင့် အချက်အလက် မှတ်တမ်းများရယူခြင်းကို ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ရေတာရှည်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးအဖွဲ့များနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်နေခြင်း ဖြစ်ပြီး မေ ၁၇ ရက်တွင် ရန်ကုန်မြို့မှ ရေတာရှည်မြို့နယ်သို့ ဝင်ရောက်မည့်သူ များထဲမှ ငါးဦးအား ၂၁ ရက်ကြာ သီးသန့်ထား၍ စောင့်ကြပ်ကြည့်ရှုရန် ရေတာရှည် အထကကျောင်းသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ ရေတာရှည် မြို့၌ အဆိုပါ ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်းနှင့် မှတ်တမ်းရယူခြင်း လုပ်ငန်းများကို ရက်အကန့်အသတ်မရှိ နေ့/ည ဆက်လက် ဆောင်ရွက် မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **ကိုလွင်(ဆွာ)**

## ကိုဗစ်-၁၉ သံသယလူနာနှင့် ထိတွေ့ခဲ့သော ကျန်းမာရေးဝန်ထမ်းများနှင့် မိသားစုအား ဟိုပုံးမြို့ ပြည်သူ့ဆေးရုံ၌ သီးသန့်ထား၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**ဟိုပုံး မေ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့မှ ကိုဗစ်-၁၉ သံသယလူနာ တစ်ဦးနှင့် ထိတွေ့ခဲ့ရသော ကျန်းမာရေးဝန်ထမ်းများနှင့် အဆိုပါလူနာ၏ မိသားစုအား မြို့နယ်ပြည်သူ့ဆေးရုံ၌ သီးသန့်ထား စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ဟိုပုံးမြို့နယ်နေ အသက် ၃၈ နှစ်အရွယ် အမျိုးသားတစ်ဦးသည် မေ ၁၂ ရက် ညပိုင်းက အသက်ရှူကျပ်သည့်ဝေဒနာဖြင့် ဆေးကုသမှုခံယူရန် မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာပြီး နောက် ဝေဒနာမသက်သာသဖြင့် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံသို့ လွှဲပြောင်းကုသစဉ် လမ်း၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ အဆိုပါလူနာအား ကိုဗစ်-၁၉ သံသယ လူနာအဖြစ် သတ်မှတ်ခဲ့ကာ ၎င်းအား ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့သည့် မြို့နယ်ပြည်သူ့ဆေးရုံမှ မြို့နယ်ဆရာဝန်ကြီး၊ လက်ထောက်ဆရာဝန်၊ အထက်တန်းသူနာပြု နှစ်ဦး၊ သူနာပြုဆရာမ နှစ်ဦး၊ ခတ်မှန်ကျွမ်းကျင်-၃၊ ခတ်မှန်ကျွမ်းကျင်-၄၊ ယာဉ်မောင်း၊ ဆေးရုံအလုပ်သမား နှစ်ဦး၊ ညစောင့် စသည့် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာ၏ ဇနီးနှင့် သမီးတို့အား ဟိုပုံးပြည်သူ့ဆေးရုံ၌ သီးသန့် ထား၍ စောင့်ကြည့်လျက်ရှိကြောင်း၊ စောင့်ကြည့် နေသူများထဲမှ အမျိုးသားများအား ဟိုပုံး ပြည်သူ့ ဆေးရုံ အစည်းအဝေးခန်းမ၌လည်းကောင်း၊ အမျိုး သမီးများအား ဟိုပုံးပြည်သူ့ဆေးရုံ ဝင်းအတွင်းရှိ နေအိမ်လိုင်းခန်း အလွတ်များတွင်လည်းကောင်း ထားရှိ၍ စောင့်ကြည့်နေခြင်းဖြစ်ကြောင်း သိရ သည်။ **နေမင်းထွန်း(ဟိုပုံး)**

## ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၇ ဦး တွေ့ရှိထားသော အင်းစိန်မြို့နယ်၌ ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မေ ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ မေ ၁၇ ရက်အထိ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၁၇ ဦး တွေ့ရှိထားပြီးဖြစ်ရာ ထပ်မံမဖြစ်ပွားစေရေး အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အင်းစိန်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာကို နောက်ဆုံး ထပ်မံတွေ့ရှိခဲ့သော စော်ဘွားကြီးကုန်းရပ်ကွက် (၁၀)မိုင် ဓမ္မာရုံလမ်း၊ အုပ်စု(၇)၌ ပိုးသတ်ဆေးဖျန်းခြင်းနှင့် အသွားအလာ ကန့်သတ်ခြင်းများကို မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ တာဝန်ရှိသူများ ဖြစ်သော အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးဝင်းအောင်နှင့် အဖွဲ့များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းသန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ကြက်ခြေနီအသင်းခွဲမှ တာဝန်ရှိသူများက မေ ၁၆ ရက်က ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။



အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်နေသော တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်များ။

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ရပ်ကွက်မှ တာဝန်ရှိသူများအား ရောဂါကာကွယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်သွားရန်လည်း ဆွေးနွေးပြောကြားခဲ့သည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## တီးတိန်မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေ

**တီးတိန် မေ ၁၇**

မြန်မာနိုင်ငံ၌ ပထမဆုံး ကိုဗစ်-၁၉ အတည်ပြု လူနာကို တွေ့ရှိခဲ့သော ချင်းပြည်နယ် တီးတိန် မြို့နယ်၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း များကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ တီးတိန်မြို့ အဝင်အထွက် ငါးနေရာ၌ လက်ဆေးကန် များထားရှိပြီး ခရီးသွားပြည်သူများအား လက်ဆေး စေခြင်း၊ မှတ်တမ်းရယူခြင်း၊ အပူချိန်တိုင်းပေးခြင်း များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ဌာနဆိုင် ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၁၇ ရက်ကလည်း တီးတိန်မြို့နယ် အတွင်းရှိ ဆွောင်းပီးကျေးရွာ၌ ကျန်းမာရေးဌာန၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် လူငယ်များ ပူးပေါင်းပြီး ကျေးရွာအတွင်းသို့ဝင်မည့်သူများအား ကိုယ်အပူချိန် တိုင်းပေးခြင်း၊ လက်ဆေးစေခြင်း၊ အဝင်အထွက် မှတ်တမ်းရယူခြင်းနှင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ အကြောင်း သိကောင်းစရာများကို ဒေသဘာသာ စကားဖြင့် အသိပညာပေး နှိုးဆော်ခြင်းများ ဆောင် ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မင်းဘူးမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ယာယီပျံကျဈေးကို ခရိုင်အားကစားကွင်း၌ ဖွင့်နိုင်ရန်စီစဉ်

**မင်းဘူး မေ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် မြို့မ ဈေးကြီးအတွင်း ဈေးရောင်းချခြင်းများကို ခေတ္တ ယာယီပိတ်ထားချိန်တွင် ခရိုင် အားကစားကွင်းကို ယာယီပျံကျဈေးအဖြစ် အသုံးပြုဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

ဈေးဖွင့်ရန်အတွက် နေရာကို စစ်ဆေးခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့် တာဝန်ရှိသူများ မေ ၁၆ ရက်က ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင် အရာရှိ ဦးဝင်းနိုင်က "လက်ရှိဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ရောဂါကို ကြိုတင် ကာကွယ်ထိန်းချုပ်ရေးနဲ့ ကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် အခုလို ယာယီဈေး ဖွင့်လှစ်ဖို့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဈေးကို လာရောက်ကြတဲ့ ဈေးရောင်း ဈေးဝယ်နဲ့ ဈေးသူ ဈေးသားအားလုံး ဝင်ထွက်သွားလာရာမှာ လိုက်နာ ဆောင်ရွက်ရမယ့် စည်းကမ်းချက်များအနေနဲ့ နှာခေါင်းစည်းများ တပ်ထားပြီး ဈေးဝင်ပေါက်မှာ လက်ဆေးပြီးမှသာ ဈေးအတွင်းသို့ ဝင်ရောက်ခွင့် ပြုသွားမှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်များအတိုင်း ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ယာယီ ပျံကျဈေးဖွင့်လှစ်မည့် ခရိုင်အားကစား ကွင်း နေရာကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်အောင်ထွန်းနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးကျော်စွမ်းရည်နှင့် ဦးကျော်ငွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်ကျော်သန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အဖွဲ့ဝင်များက သွားရောက် ကြည့်ရှုကာ လိုအပ်သည်များကို စီစဉ်ဆောင်ရွက် လျက်ရှိသည်။

ထို့အပြင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန် ရှိသူများသည် မင်းဘူးမြို့ အမှတ်(၄) သီရိမင်္ဂလာ ရပ်ကွက်အတွင်း မင်းဘူး-ဆင်ခေါင်း လမ်းမဘေးရှိ ရေနုတ်မြောင်းလုပ်ငန်းကိုလည်း မေ ၁၆ ရက်မှာပင် သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြပြီး လိုအပ်သည် များကို မှာကြားခဲ့သည်။

**မောင်မောင် (မင်းဘူး)**

## ကျွန်းစုမြို့နယ်ရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၂၄၂၁၃ စုအတွက် ပဲနှင့်ကြက်သွန်နီများ ကျေးရွာများသို့ ဖြန့်ဖြူးပို့ဆောင်

**ကျွန်းစု မေ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု များအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် ပဲနှင့် ကြက်သွန်များကို ကျွန်းစုမြို့နယ် ထုပ်ပိုး၊ ပို့ဆောင်၊ ဖြန့်ဖြူးရေး အဖွဲ့က မေ ၁၆ ရက်က ဆက်လက်ဖြန့်ဝေပေးခဲ့သည်။

ကျွန်းစုမြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၄ စု၌ အိမ်ထောင်စု ၃၅၆၂ စုရှိ၍ ထောက်ပံ့မှုကိုရယူမည့် အခြေခံလူတန်းစား အိမ်ထောင်စု ၂၄၂၁၂ စု ရှိ ကြောင်း၊ ၎င်းတို့အတွက် ဆန်၊ ဆီ၊ ဆားများကို ပြီးခဲ့သည့်အပတ်က ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်သော်လည်း ပဲနှင့် ကြက်သွန်နီများကို မဖြန့်ဖြူးရသေးကြောင်း၊ မေ ၁၆ ရက်က မြိတ်ခရိုင်မှတစ်ဆင့် ပဲနှင့် ကြက်သွန်နီများ ရောက်ရှိလာသဖြင့် ထုပ်ပိုး၊ ပို့ဆောင်၊ ဖြန့်ဖြူးရေးအဖွဲ့က သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပဲနှင့် ကြက်သွန်နီ များကို အခြေခံလူတန်းစား အိမ်ထောင်စုများထံသို့ ထပ်မံ ပို့ဆောင်ဖြန့်ဖြူးခြင်းဖြစ်ကာ အိမ်အရောက် လိုက်လံဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**

# မူဆယ်မြို့နယ်မှ ကျေးရွာနှစ်ရွာနှင့် တရုတ်ဘက်သို့ဝင်ရန် စောင့်ဆိုင်းနေသည့် ကုန်တင်ကား အစီး ၇၀၀ ကျော်ကို ပိုးသတ်ဆေးဖျန်းပေး

**မူဆယ် ဧပြီ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်း ကျင်စန်းကျော့လမ်းဘေးတစ်လျှောက်မှ ကျေးရွာနှစ်ရွာနှင့် အဆိုပါလမ်း၌ ရပ်ထားသော ကုန်တင်ယာဉ်များကို မူဆယ်မြို့နယ် ကျန်းမာရေးအဖွဲ့ဝင်များ၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့မှ တပ်ခွဲမှူး ဦးရန်နိုင် ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များ၊ ၁၀၅ မိုင် ကြက်ခြေနီအသင်းခွဲမှ တပ်ခွဲမှူး ဦးသန့်ဇင် ဦးဆောင်သော ကြက်ခြေနီအဖွဲ့များနှင့် မြင့်မြတ်ပါရမီ ပရဟိတ သွေးလှူရှင်အသင်း ဥက္ကဋ္ဌ ဦးအောင်လှိုင်ဝင်း ဦးဆောင်သော လူမှုရေးအဖွဲ့များ ပူးပေါင်း၍ ဧပြီ ၁၅ ရက်က ပိုးသတ်ဆေးများ ဖျန်းပေးခဲ့သည်။

အဆိုပါ ပူးပေါင်းအဖွဲ့အနေဖြင့် ကျင်စန်းကျော့လမ်းဘေးရှိ ဟိုနောင်ကျေးရွာနှင့် ကောင်းခန်ကျေးရွာများ၌လည်းကောင်း၊ ကျင်စန်းကျော့လမ်းမပေါ်တွင် ရပ်တန့်ထားသော ကုန်တင်ယာဉ်များကိုလည်းကောင်း ပိုးသတ်ဆေးများ ဖျန်းပေးခဲ့သလို ကျေးရွာနေပြည်သူများအား ကိုယ်အပူချိန်တိုင်းပေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးပေးခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပိုစတာများကပ်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟိုနောင်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက "ကျင်စန်းကျော့လမ်းမပေါ်မှာ ဖရဲ၊ သခွား၊ သရက်သီး ကားတွေက နေ့စဉ်လိုလို အသွားအလာရှိနေပြီး တစ်ခါတလေ လမ်းကြောပိတ်နေတဲ့အခါဆိုရင် လမ်းမပေါ်မှာ ကားဆရာတွေ အသွားအလာများနေတဲ့အတွက် ဒေသခံတွေက ကိုဗစ်-၁၉ ကူးစက်လာမှာကို စိုးရိမ်မှုတွေရှိနေလို့ ရွာသူရွာသားတွေအားလုံး တိုင်ပင်ညှိနှိုင်းပြီး သက်ဆိုင်ရာ ကျန်းမာရေးအဖွဲ့တွေ၊ ကြက်ခြေနီအဖွဲ့နဲ့ မီးသတ်အဖွဲ့တွေကို ချိတ်ဆက်ပြီး အခုလို ပိုးသတ်ဆေးတွေဖျန်းတာဖြစ်ပါတယ်၊ အခုရက်ပိုင်းဆိုရင် အသီးကားတွေကို တရုတ်က အကန့်အသတ်နဲ့ လွှတ်ပေးနေတဲ့အတွက် လမ်းမပေါ်မှာ ကားအစီးရေ ၇၀၀ ကျော်လောက် ရပ်တန့်နေရတာကို နေ့တိုင်းလိုလို မြင်တွေ့နေရပါတယ်၊ ဒါကြောင့် ဒေသခံတွေ စိုးရိမ်မှုကလည်း တစ်ရက်ထက်တစ်ရက် ပိုဆိုးလာပါတယ်၊ ဟိုနောင်ကျေးရွာမှာ လူ ၃၀၀ ကျော် နေထိုင်ကြပါတယ်။ ကျန်းမာရေးအရ ပြောမယ်ဆိုရင် ကျေးလက်ဆေးပေးခန်းတော့ ရှိပါတယ်။ ဒါပေမယ့် အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် ရောဂါတစ်ခုခုဖြစ်လာမယ်ဆိုရင် မြို့နဲ့ နည်းနည်းဝေးနေလို့ ကုသခြင်းထက် ကာကွယ်ခြင်းက ပိုကောင်းမယ်ထင်လို့ အခုလို ပိုးသတ်ဆေးဖျန်းတာဖြစ်ပါတယ်"ဟု ပြောသည်။



ကုန်တင်ယာဉ်များကို ပိုးသတ်ဆေးဖျန်းပေးနေသော ပရဟိတအဖွဲ့ဝင်များ

တရုတ်-မြန်မာနယ်စပ် ကျင်စန်းကျော့ လမ်းမပေါ်၌ လက်ရှိအချိန်တွင် တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်မည့် ကုန်တင်ယာဉ် အစီးရေ ၇၀၀ ကျော် ရပ်တန့်စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

# တောင်ကြီးမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ အရှိန်မြှင့်၍ ဆက်လက်ဆောင်ရွက်နေ

**တောင်ကြီး ဧပြီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီက ဦးဆောင်၍ အရှိန်အဟုန်မြှင့်တင်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ရောဂါကာကွယ်ရေးအတွက် ဧပြီ ၁၆ ရက်တွင် တောင်ကြီးမြို့အဝင် ဂိတ် လေးခုဖြစ်သော တောင်လေးလုံးဂိတ်၊ ဟဲကယ်တိုးဂိတ်၊ ဟိုပုံးတိုးဂိတ်နှင့် ကျောက်တလုံးကြီးဂိတ်(နောင်ယာဆိုင်းလမ်းဆုံ) တို့၌ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ခရီးသည်တင်ယာဉ်များနှင့် ကိုယ်ပိုင်ယာဉ်များပေါ်ရှိ ခရီးသည်များအား လမ်းဆင်းလျှောက်စေပြီး ကိုယ်အပူချိန်တိုင်းခြင်း၊ မှတ်တမ်းရယူခြင်းနှင့် ကားများနှင့် ဆိုင်ကယ်များကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြရာ စုစုပေါင်း ယာဉ်အစီးရေ ၈၃၀ ကို ပိုးသတ်ဆေးဖျန်းပေးနိုင်ခဲ့ပြီး ခရီးသည် စုစုပေါင်း ၁၁၆၆ ဦးအား ကိုယ်အပူချိန် တိုင်းတာစစ်ဆေးနိုင်ခဲ့ကြောင်းနှင့် ၎င်းတို့ထဲတွင် ပြည်ပနိုင်ငံများမှ ဝင်ရောက်လာခဲ့သူများ မပါရှိကြောင်း သိရသည်။

တောင်ကြီးမြို့နယ်အတွင်း၌ ပြည်တွင်း/ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား သီးသန့်ထား၍ စောင့်ကြည့်ရန် နေရာပေါင်း ၁၃၂ နေရာ ဖွင့်လှစ်၍ သီးသန့်ထားစောင့်ကြည့်လျက်ရှိရာ စုစုပေါင်း လူဦးရေ ၇၆၀ အား လက်ခံစောင့်ကြည့်နေကြောင်း၊ ထို့အပြင် ဧပြီ ၁၆ ရက်တွင် တောင်ကြီးမြို့၌ စောင့်ကြည့်နေရာတစ်ခု ထပ်မံဖွင့်လှစ်၍ လူဦးရေ ၂၉ ဦးအား ထပ်မံ လက်ခံထားခဲ့ရာ လက်ရှိအချိန်တွင် စုစုပေါင်း စောင့်ကြည့်နေရာ ၁၃၃ ခု၌ လူဦးရေ ၇၈၉ ဦးအား လက်ခံထားကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်နေရာများတွင် နေထိုင်လျက်ရှိသော ပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် စားနပ်ရိက္ခာ ထောက်ပံ့ပေးခြင်းကိုလည်း မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီနှင့် မြို့ပေါ်ရပ်ကွက်/ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများပူးပေါင်း၍ ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**



တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ပလောက်မြို့ ပြည်သူ့ဆေးရုံ၊ မြို့အတွင်း လူစည်ကားရာနေရာများ၊ ဘုန်းကြီးကျောင်းများနှင့် ဘာသာရေးဆိုင်ရာနေရာများ၌ ပိုးသတ်ဆေးဖျန်းခြင်းကို ပလောက်မြို့ တပ်နယ်မှူး ဦးစီး၍ ဧပြီ ၁၇ ရက်က ဆောင်ရွက်နေစဉ်။ မြို့နယ်(ပြန်/ဆက်)



# ပြည်သူများအဆင်ပြေစေရေးအတွက် ကံမမြို့နယ်အားကစားကွင်း၌ ယာယီဈေး ဖွင့်လှစ်

**ကံမ ဧပြီ ၁၇**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ် ကုသရေးကော်မတီက ကြီးမှူး၍ ပြည်သူများနေ့စဉ်စားသောက်ရေးအတွက် ဈေးဝယ်ရာတွင် အဆင်ပြေစေရေးနှင့် မြို့နယ်အတွင်း ရောဂါကာကွယ်ရေးအတွက် စည်ပင်သာယာ မြို့မဈေးမှ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် ကုန်စိမ်းရောင်းချသော ဈေးသည်များ ရောင်းချရန် ယာယီဈေးကို မြို့နယ်အားကစားကွင်း၌ ဧပြီ ၁၇ ရက်မှစ၍ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါယာယီဈေးတွင် ဆိုင်ခန်းတစ်ခန်းလျှင် ၁၀ ပေ ပတ်လည် အကျယ်ဖြင့် ဆိုင်ခန်း တစ်ခန်းနှင့်တစ်ခန်း ခြောက်ပေခြား သတ်မှတ်ပေးထားကြောင်း၊ ဈေးဝယ်သူများအတွက်လည်း သတ်မှတ်နေရာများ ထားရှိပေးကြောင်း၊ ဈေးကို နေ့စဉ် နံနက် ၅ နာရီမှ နံနက် ၉ နာရီအထိ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ ဈေးရောင်းဈေးဝယ်များအနေဖြင့် ယာယီဈေးအတွင်း မဝင်ရောက်မီ လက်ဆေးရန် လက်ဆေးဘေစင်များ စီစဉ်ပေးထားသလို နှာခေါင်းစည်း တပ်ဆင်မှသာ ဈေးအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လှိုင်ထံမှ သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

**ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ အကွက်အမှတ် (၄/ပဒေသာ)၊ ဦးပိုင်အမှတ် ၁၄၃၊ မြေယာအမှတ် 143၊ မြေဧရိယာ ၀ ဒသမ ၁၄၇ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်သီတာထွေး ၁၃/တကန(နိုင်)၁၃၁၃၂၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

စာအုပ်
စာပေ
လူ့
မိတ်ဆွေ

## နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

၁၃၈၂ ခုနှစ်၊ နှစ်သစ်မင်္ဂလာအချိန်အခါသမယတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးရှိ ဘိုးဘွားများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ကုသိုလ်ရေးပါမကျန် စောင့်ရှောက်ထားနိုင်ရန် ထက်သန်သောစေတနာ၊ ကရုဏာတရားမေတ္တာပွား၍ အစဉ်သဖြင့် အရေးတယူ ကူညီလှူဒါန်းကြသူ အလှူရှင်များနှင့် ဝေယျာဝစ္စကုသိုလ်ရှင်များအားလုံး ဘေးဘယာဝေးကွာ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဘိုးဘွားများ စောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ဆုတောင်းမေတ္တာပို့သလျက်ရှိပါသည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသည် သက်တမ်း(၈၇)နှစ်ရှိပြီဖြစ်ပြီး အသက်(၇၀)ကျော် အဘိုး (၄၂)ဦး၊ အဘွား (၁၁၂)ဦး စုစုပေါင်း ဘိုးဘွား (၁၅၄)ဦးကို လက်ခံပြုစုစောင့်ရှောက်ထားပါသည်။

ဖုန်း-၀၁-၉၅၄၁၇၉၆၊ ၀၉-၉၅၄၁၇၉၇၊ ၀၁-၉၅၄၆၁၉၆ (လိုင်းခွဲ) ၄၀၇၊ ၄၀၈

**အမှုဆောင်အဖွဲ့**
**နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး**
**(၂၁)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်**

## နွေရာသီ ပန်တျာသင်တန်းသားနှင့် ပန်းချီသင်တန်းသား ခေါ်ယူခြင်း

| | |
|---|---|
| ၁။ သင်တန်းဖွင့်မည့်နေရာ | (က) အနုပညာအထက်တန်းကျောင်း၊ ရန်ကုန်မြို့ |
| | (ခ) အနုပညာအထက်တန်းကျောင်း၊ မန္တလေးမြို့ |
| ၂။ အသက် | အသက်(၆)နှစ်ပြည့်ပြီးသူဖြစ်ရပါမည်။ |
| ၃။ သင်တန်းသားခေါ်ယူခြင်း | ၂၀၂၀ ပြည့်နှစ် ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ |
| ၄။ သင်တန်းစတင်ဖွင့်မည့်ရက် | ၂၀၂၀ ပြည့်နှစ် မေ ၄ ရက်မှ ၂၉ ရက်ထိ |
| ၅။ သင်တန်းကာလ | ရက်သတ္တပတ် (၄)ပတ် |
| ၆။ တက်ရောက်လိုသောသင်တန်း | (က) ပန်တျာ(အဆို/အက) |
| | (ခ) ပန်းချီ |
| ၇။ သင်တန်းအမျိုးအစား | အခြေခံအဆင့်သင်တန်း၊ တန်းမြင့်သင်တန်း၊ နွေရာသီသင်ရိုးကုန်သင်တန်း |
| ၈။ သင်တန်းချိန် | နံနက် ၉:၃၀ နာရီမှ နံနက် ၁၁:၃၀ နာရီအထိ |
| ၉။ သင်တန်းကြေး | ကျပ် ၁၅၀၀၀/- |
| ၁၀။ လျှောက်လွှာ | သင်တန်းတက်ရောက်လိုသူများသည် သင်တန်းလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါကျောင်းများတွင် ရယူလျှောက်ထားနိုင်ပါသည်- |
| | (က) အနုပညာအထက်တန်းကျောင်း(ရန်ကုန်)၊ အမှတ် ၁၃၁၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၅၆၄၂ |
| | (ခ) အနုပညာအထက်တန်းကျောင်း(မန္တလေး)၊ ၆၆ လမ်း၊ ၂၀-၂၂ လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း-၀၂-၄၀၆၁၁၆၉၊ ၀၂-၄၀၆၁၁၇၀ |

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ် စိုက်ပျိုး အလှတိုး

C B BANK

# နှစ်သစ်ကူးဆုတောင်း

CB Bank နှင့် အစဉ်လက်တွဲဆောင်ရွက်လျှက်ရှိသော
Customer များအားလည်းကောင်း၊ လုပ်ငန်းများပိုမိုတိုးတက်
အောင်မြင်စေရန်ကြိုးစားဆောင်ရွက်ပေးလျှက်ရှိသော
ဘဏ်ဝန်ထမ်းများအားလည်းကောင်း၊ အတူတကွပူးပေါင်း
ဆောင်ရွက်လျှက်ရှိသောအစုရှယ်ယာရှင်များအားလည်းကောင်း၊
မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့ အားလည်းကောင်း၊
မြန်မာ့နှစ်သစ်ကူးအခါသမယတွင် ရောဂါဘယများကင်းဝေး၍
စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး
CB Bank နှင့်အတူ ရေရှည်လက်တွဲဆောင်ရွက်သွားနိုင်ပါရန်
နှစ်သစ်ကူးဆုမွန်ကောင်း တောင်းအပ်ပါသည် ...

CB Bank မိသားစု



## ဆည်းဆာရိပ် ဂိလာနဘိုးဘွားရိပ်သာမှ   နှစ်သစ်ဦး ဆုမွန်ကောင်းတောင်းလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၂ ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ အမှတ် ၇၆၉/၇၇၁ တွင်တည်ရှိသည့် ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာသည် အသက် (၇၀) နှင့်အထက် ခိုကိုးရာမဲ့ ဂိလာနဘိုးဘွားတို့၏ ကျန်းမာရေးကိုပြုစုစောင့်ရှောက်ပေးသည်မှာ ၅-၄-၂၀၂၀ ရက်တွင် (၁၀)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ (၁၀)နှစ်တာကာလအတွင်း အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးလှူဒါန်းပေးကြသော အလှူရှင်များ၊ အဆောက်အအုံ၊ ဆေးဝါး၊ အာဟာရ၊ အထွေထွေ၊ ပဒေသာပင်များစိုက်ထူပေးသည့် အလှူရှင်များ၊ လုပ်အားဒါနပေးလှူပေးကြသည့် လူငယ်ပရဟိတအသင်းများ၊ ကျန်းမာရေးကိုစောင့်ရှောက်ပေးပါသော သုခကုသိုလ်ဖြစ်ဆေးခန်းနှင့် ပုဂ္ဂလိကဆေးခန်းများမှ အထူးကုဆရာဝန်ကြီးများ၊ ဘိုးဘွားများ၏နောက်ဆုံးခရီးတွင် ပို့ဆောင်ပေးသော နာရေးကူညီမှုအသင်းကြီးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းခဲ့သည့် ကုသိုလ်တို့ကြောင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာ လိုရာဆန္ဒပြည့်စုံပါစေကြောင်း ဆည်းဆာရိပ်မိသားစုမှ နှစ်သစ်မင်္ဂလာ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာမှ ဘိုးဘွားများ၊**
**အလုပ်အမှုဆောင်အဖွဲ့နှင့် ဝန်ထမ်းများ**





# အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှမောင်
### အသက် (၁၀၁)နှစ်

ဦးအိုင်ထွန်း (Fu Xing Brothers Group of Companies-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်း-ဥက္ကဋ္ဌ)နှင့် ဇနီးဒေါ်နန်းခင်ညွန့်၊ ဦးအိုက်စန်း (Fu Xing Brothers Group of Companies-ဒု-ဥက္ကဋ္ဌ)နှင့် ဇနီး ဒေါ်ခင်သန်းသန်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးလှမောင် အသက်(၁၀၁)နှစ်သည် ၁၅-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**Fu Xing Brothers Group of Companies**
**ဝန်ထမ်းမိသားစုများ**

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးလှမောင်

### အသက် (၁၀၁)နှစ်

ဦးအိုင်ထွန်း – ဒေါ်နန်းခင်ညွန့် (ဖူရှင်းဘရားသားကုမ္ပဏီ လီမိတက်)တို့၏ဖခင် ဦးလှမောင် အသက်(၁၀၁)နှစ်သည် ၁၅–၄–၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၅ နာရီတွင် မန္တလေးနန်းရှေ့အိမ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သုဇာတာဖောင်ဒေးရှင်း**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## သခင်ချန်ထွန်း အသက်(၉၉)နှစ်

### အငြိမ်းစားသံအမတ်ကြီး၊ အငြိမ်းစားပါလီမန် အတွင်းဝန်၊

### နိုင်ငံ့ဂုဏ်ရည်ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်

### ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)

### ဂုဏ်ထူးဆောင်နာယကကြီး

ကျောက်ပန်းတောင်းမြို့နယ်၊ မဲထီးရွာနေ (ဦးဘိုးဆင့်–ဒေါ်မြကြီး)တို့၏သား၊ အမှတ် ၂၆/၂၈၊ ၁၆၆ လမ်း၊ တာမွေမြို့နယ်နေ (ဒေါ်အမာ)၏ ခင်ပွန်း၊ (ဦးသက်ယုံ–ဒေါ်သန်း)၊ (ဦးတင်ဦး)–ဒေါ်တင်စိန်၊ (ဒေါ်စန်းမြိုင်–ဦးတင်မောင်)၊ (ဦးထင်ကျော်–ဒေါ်ခင်သန်းစု)၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်ကြင်စိန်–(ဦးရွှေဖျိုင်း)၊ မြောက်ဒဂုံ၊ ၂၈ ရပ်ကွက်နေ ဒေါ်ခင်အေးအေး–(ဦးထင်အောင်)၊ (ဒေါ်တင်လေး–ဦးဘိုလှ)၊ ကျောက်တံတားမြို့နယ်၊ ၃၉လမ်းနေ ဦးမောင်မောင်လှ(ဆောက်လုပ်ကုန်သွယ်ရေး(ငြိမ်း) အမှတ် (၈)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူး–ဒေါ်လှဝင်း( အထက–၂၊ လသာ–ငြိမ်း)၊ ကျောက်ပန်းတောင်းမြို့နေ ဒေါ်စိန်ငွေး–(ဦးကြိုင်)၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်ထွေး–ဦးအောင်လွင်တို့၏အစ်ကိုကြီးသည် ၁၆–၄–၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးပါကြောင်းနှင့် ရက်လည်ဆွမ်းကျွေးတရားတော်နာပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## သခင် ချန်ထွန်း

### အငြိမ်းစားသံအမတ်ကြီး

### နိုင်ငံ့ဂုဏ်ရည်ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်

### အသက် (၉၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၆လမ်း၊ အမှတ် (၂၆/၂၈) နေ (ဦးဘိုးဆင့်–ဒေါ်မြကြီး)တို့၏ သား၊ (ဒေါ်အမာ)၏ ချစ်လှစွာသော ခင်ပွန်း၊ ပါမောက္ခ ဒေါက်တာညွှန့်ဝင်း–ပါမောက္ခ ဒေါက်တာခင်မာထွန်း၊ ပါမောက္ခ ဒေါက်တာခင်မောင်ဟန်–ဒေါက်တာခင်မြတ်ထွန်း၊ ဦးထွန်းဝေ၊ ဒေါက်တာခင်စောထွန်း၊ ဒေါက်တာချစ်ခင်ဝေ–ဒေါက်တာ ခင်ရင်ရင်ထွန်းတို့၏ ဖခင်၊ မြေး ရှစ်ယောက်၊ မြစ် ခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၆–၄–၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သည့် ရုပ်ကလာပ်အား ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် ရက်လည်ဆွမ်းကျွေးတရားတော်နာကြားပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## သခင်ချန်ထွန်း

### အငြိမ်းစားသံအမတ်ကြီး

### နိုင်ငံ့ဂုဏ်ရည်ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်

### အသက် (၉၉)နှစ်

Max Myanmar Holding Co.,Ltd, COO ဦးဆန်းလင်းဝင်း၏အဘိုး သခင်ချန်ထွန်း အသက်(၉၉)နှစ်သည် ၁၆–၄–၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Max Myanmar Highway Co.,Ltd.**

---

## ဗိုလ်မှူးကြီး ထွန်းလှဖြူ(ငြိမ်း)

### BC–၃၃၆၈

### ဒုတိယဝန်ကြီး(ငြိမ်း)၊ကျန်းမာရေးဝန်ကြီးဌာန

### အသက်(၉၅)နှစ်

စစ်တွေမြို့၊ ပါဒလိပ်ချိတ်ရပ်ကွက်နေ (ဦးစံထွန်းဦး–ဒေါ်သိန်းနု)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်နေ (ဦးလှအောင်–ဒေါ်တင်လှ) တို့၏သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း သွယ်(၁)၊ အမှတ်(၆)နေ ဒေါ်သန်းသန်းမေ၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာတင့်တင့်လွင်(သားဖွားမီးယပ်အထူးကု)၊ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်(ငြိမ်း)–ဒေါ်ရတနာစန္ဒာဝင်းတို့၏ဖခင်၊ မကြည်စင်တင့်–မောင်ကျော်ဇေယျမိုးတို့၏အဘိုးသည် ၁၆–၄–၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၀၀း၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီးထွန်းလှဖြူ(ငြိမ်း) BC–၃၃၆၈

### ဒုတိယဝန်ကြီး (ငြိမ်း) ကျန်းမာရေးဝန်ကြီးဌာန

### အသက်(၉၅)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်(ငြိမ်း)–ဒေါ်ရတနာစန္ဒာဝင်းတို့၏ ဖခင် ဗိုလ်မှူးကြီးထွန်းလှဖြူ(ငြိမ်း)သည် ၁၆–၄–၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၂)မှ**
**သူငယ်ချင်းမိသားစုများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်နီနီ အသက်(၈၇)နှစ်

### ဌာနခွဲမှူး၊ တောင်သူလယ်သမား အစည်းအရုံးဌာနချုပ်

### သက်ကြီးကန်တော့ခံစာပေပညာရှင်

ရန်ကုန်မြို့နေ (ဦးအောင်လှ–ဒေါ်လှသင်)တို့၏သမီး၊ စစ်တွေမြို့နေ (ဦးအောင်သာနီ–ဒေါ်မစောသာ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက်(၂၈၂)၊ အခန်း(၄)နေ (ဦးအောင်ရွှေဦး)၏ဇနီး၊ (ဒေါ်ညိုညို–ဦးတင်လှ)တို့၏ညီမ၊ ဦးစော ဦး–ဒေါ်အေးမြင့်၊ ဦးသောင်းထွန်း–(ဒေါ်မြမြ)တို့၏အစ်မ၊ ဦးအောင်နီဦး(Ex.2[nd] made)–ဒေါ်ခင်မြထွေးနိုင်၊ (ဒေါ်မြင့်မြင့်အောင်)၊ ဒေါ်မူမူအောင်(ကထိက–ငြိမ်း၊ DSMA)၊ ဦးအောင်ရွှေသိန်း( 2[nd] made.F.G)–ဒေါ်ခင်စန္ဒာဝင်း၊ ဒေါ်ဆင့်ဆင့်အောင် (Nippon Television၊ သတင်းထောက်)တို့၏ချစ်လှစွာသောမိခင်၊ ဒေါက်တာဇေယျာ ပါမောက္ခ၊ မောင်ဇေယျာရာဟု၊ (မောင်ဇေယျာသူရိယ)၊ မအင်ကြင်းဖြိုးတို့၏ အဘွားသည် ၁၆–၄–၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၅း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့်ယင်းနေ့ ည၈း၃၅နာရီတွင် ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ် ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးထွန်းအောင် (ဖျာပုံ)

### (အငြိမ်းစားကျောင်းအုပ်ဆရာကြီး)

### (ခေတ္တ–UK)

### အသက် (၈၄)နှစ်

အင်္ဂလန်နိုင်ငံ၊ ဆော်လစ်ဘရီမြို့နေ ဒေါ်ခင်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာမျိုးမြတ်လွင်–ဒေါ်ရီရီအောင်၊ (ဒေါ်ချိုချိုအောင်)၊ ဦးကိုကိုအောင်–ဒေါ်ဝါဝါလှိုင်၊ ဦးညီညီအောင်–လီဟုန်ဘင်းတို့၏ဖခင်ကြီး၊ ဒေါက်တာ တော်မီထွန်းအေးလွင်၊ မြတ်သူရအောင်၊ စိုးသီဟအောင်၊ လီလီအောင်တို့၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၅–၄–၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေတွင် အင်္ဂလန်နိုင်ငံ၊ ဆော်လစ်ဘရီမြို့၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

အထူးဝမ်းနည်းကြေကွဲခြင်း

## သခင်ချန်ထွန်း

### အငြိမ်းစားသံအမတ်ကြီး

### နိုင်ငံ့ဂုဏ်ရည်ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်

### အသက် (၉၉)နှစ်

Max Myanmar Holding Co.,Ltd, COO ဦးဆန်းလင်းဝင်း၏အဘိုး သခင်ချန်ထွန်း အသက်(၉၉)နှစ်သည် ၁၆–၄–၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Max Myanmar Holding Co.,Ltd.**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်မွေး

### ကြို့ပင်ကောက်/မြို့နယ်အသင်း

### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ကုန်သည်လမ်း၊ ရတနာမြိုင်အိမ်ရာ၊ အမှတ် (၄၃၃၊ ၃D)၊ Dr.ZIN သွားဆေးခန်းနေ (ဒုရဲမှူးဦးစိုးမြင့်–ငြိမ်း)၏ ဇနီး၊ ရန်ကုန်မြို့နေ ဦးသန်းထွန်း–ဒေါ်တင်တင်အေး၊ ပေါင်းတည်မြို့နေ ဦးသိန်းမြင့်–ဒေါ်စန်းစန်းအေး (ပေါင်းတည်–ရွှေလမင်းစတိုး၊ ငွေလမင်းစတိုး)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ငါးယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၁၇–၄–၂၀၂၀ရက် နံနက် ၆း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ခင်ထားကြည်(ခ)ဟယ်လင်ချူး

## (ခ)ကြည်လိုင်တိန် (မော်လမြိုင်)

### အထက်တန်းပြဆရာမ (ငြိမ်း)

### အထက (၆)အလုံ၊ အထက (၂)လသာ

### အသက် (၈၅)နှစ်

ရန်ကုန်မြို့နေ (ဦးအခွန်–ဒေါ်ကင်းလင်)တို့၏သမီး၊ သန်လျင်မြို့နေ (ဦးလျန်ဖောင်–ဒေါ်လှမင်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၈လမ်းနေ (ဒေါက်တာမြင့်လွင်)၏ဇနီး၊ ဒေါ်ဝင်းမာလွင်၊ ဦးသန်းမောင်လွင်၊ ဦးစိန်အောင်ချန်း–ဒေါ်မြတ်သက်လွင်(ကနေဒါနိုင်ငံ)တို့၏ မိခင်၊ မြေး လေးယောက်၊ မြစ် သုံးယောက်တို့၏အဘွားသည် ၁၃–၄–၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်၍ အရိုးပြာကိုရေမျှောပြီးဖြစ်ပါကြောင်းနှင့် ၁၅–၄–၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်ပြီးဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးနေ မောင်နှမ၊ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းအပေါင်းအား အသိပေးအကြောင်း ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးသန်းလွင်

### S.A.M.E(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန

### အသက်(၈၁)နှစ်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ ဗိုလ်တောက်ထိန်လမ်း၊ အမှတ် (၆/၄၅)နေ (ဦးဖိုးခင်– ဒေါ်စိန်)တို့၏သား၊ (ဦးတင်မောင်–ဒေါ်ရင်လှ)၊ (ဦးကျော်သောင်း–ဒေါ်သန်းကြည်)တို့၏သားသမက်၊ (ဒေါ်စန်းရီ)၊ဒေါ်နော်ရှီလာ၏ ခင်ပွန်း၊ သားသမီး ၁၁ယောက်တို့၏ ဖခင်၊ မြေး ၁၁ယောက်တို့၏ အဘိုးသည် ၁၃–၄–၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၄–၂၀၂၀ရက် ညနေ ၃ နာရီတွင် ကွေ့ကြီးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၆–၄–၂၀၂၀ ရက် နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်ပြီးဖြစ်ပါ ကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဒေါက်တာစိုးဝင်း

### မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(နေပြည်တော်)

### ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ

### အသက်(၆၄)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိမြိုင်လမ်းနှင့်သီတာမြိုင်လမ်းထောင့်၊ အမှတ်(C–8)နေ (ဦးတင်အောင်–ဒေါ်တင်တင်)တို့၏သား၊ ဦးအာကာမောင်မောင်–ဒေါ်ခိုင်ဖူးသစ်၊ ဦးဝေယံမောင်မောင်၊ ဦးစိုးခိုင်ဝင်းတို့၏ ဖခင်၊ မောင်နေအလင်္ကာမောင် ၏ အဘိုး၊ ဒေါ်အိကေဇင်ခိုင်၏ချစ်လှစွာသောခင်ပွန်းသည် ၁၇–၄–၂၀၂၀ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် လယ်ဝေးမြို့၊ စမ်းကလေးကုန်းသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်း ဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့်ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်း များတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၁/ ၂၀၂၀
၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၇ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်/ စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား/ သူများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ ၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် (ခရစ်နှစ် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၇ ရက်) မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းတို့ ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးလိုက်သည် -

(က) သေဒဏ်ပြစ်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ်တစ်သက် (လွတ်ရက်မရှိ) ပြစ်ဒဏ်သို့ ပြောင်းလဲကျခံစေရန်။

( ခ ) နှစ်အကန့်အသတ်မရှိနှင့် ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ်နှစ် ၄၀ သို့ လျှော့ပေါ့ကျခံစေရန်။ (ယခင်ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအရ သေဒဏ်မှ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲထားသူများ မပါ)

( ဂ ) ထောင်ဒဏ် နှစ် ၄၀ အထက် ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ လျှော့ပေါ့ကျခံစေရန်။

(ဃ) ထောင်ဒဏ်နှစ် ၄၀ နှင့်အောက် ကျခံနေရသူများကို ယင်းတို့ ကျခံနေရသော ထောင်ဒဏ်၏ လေးပုံတစ်ပုံအား လျှော့ပေါ့ကျခံစေရန်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၂/ ၂၀၂၀
၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၇ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ အကျဉ်းထောင်/ စခန်း အသီးသီးရှိ အကျဉ်းသား/ သူ စုစုပေါင်း ၂၄၈၉၆ ဦးတို့အား စည်းကမ်းသတ်မှတ်ချက်မထားဘဲ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၃/၂၀၂၀
၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၇ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ အကျဉ်းထောင်/ စခန်းအသီးသီးရှိ နိုင်ငံခြားသား အကျဉ်းသား/သူ ၈၇ ဦးတို့အား စည်းကမ်းသတ်မှတ်ချက်မထားဘဲ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသားများကို ကိုဗစ် - ၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးအသိပညာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းတို့ ပြုလုပ်ပြီးဖြစ်

**နေပြည်တော် ဧပြီ ၁၇**

ဧပြီ ၁၇ ရက်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသားများကို ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးအသိပညာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းတို့ ပြုလုပ်ပြီးဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ သတင်းစဉ်

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၂၇၀၀ ကျော် လွတ်မြောက်



အင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသားတစ်ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ကျန်းမာရေးစစ်ဆေးပေးစဉ်။
ဓာတ်ပုံ- ဖေဇော်

**ရန်ကုန် ဧပြီ ၁၇**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်/ စခန်းအသီးသီးရှိ အကျဉ်းကျခံနေကြရသော အကျဉ်းသား၊ အကျဉ်းသူ ၂၄၈၉၆ ဦးအား ယနေ့ နံနက်ပိုင်းက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ရာ ရန်ကုန်မြို့ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၂၇၀၀ ကျော်လွတ်မြောက်ကြောင်း အဆိုပါအကျဉ်းထောင်မှ သိရသည်။

အကျဉ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးအေးသွင်က ''ဒီနေ့လွတ်မြောက်မယ့် အကျဉ်းသား၊ အကျဉ်းသူတွေကို နှာခေါင်းစည်းတွေ ဝေထားတယ်။ သူတို့ကို ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်တဲ့ အသိပညာပေးမှုတွေ ပြုလုပ်ထားပြီးဖြစ်ပါတယ်။ အခုလို လွတ်ငြိမ်းခွင့်ပေးတဲ့ အခါမှာလည်း တပ်မတော်ဆေးအဖွဲ့နဲ့ ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအဖွဲ့တွေက သူတို့ကို ကျန်းမာရေးစစ်ဆေးတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး ကင်းရှင်းကြောင်း ထောက်ခံချက်တွေ ထုတ်ပေးပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ပေးတဲ့ YBS ယာဉ်တွေနဲ့ သူတို့နေထိုင်တဲ့ နီးစပ်ရာနေရာတွေအထိ လိုက်လံပို့ဆောင်ပေးသွားမှာ ဖြစ်ပါတယ်'' ဟု ပြောသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ✳

ဗိုင်းရပ်စ်ကာကွယ်ရေးအတွက် ဆက်လက်ပိတ်ဆို့ထားမလား၊ စီးပွားရှင်သန်ရေးအတွက် ပြန်လည်ဖွင့်လှစ်မှာလား စဉ်းစားရတော့မည့် အီတလီ
စာ ၁၄

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၁၇-၄-၂၀၂၀) ရက်နေ့ ည (၈) နာရီ
စာ ၁၅